www.burmeseclassic.com

(၂၅)အုပ်မြောက် လုံးချင်းဝတ္ထုသစ်

# ပြည့်ပိုင်မှူးဇော်



# အချစ်ကို အချစ်နဲ့ ပေါင်းရင် ..... ဖြစ်တယ်

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၈၆၄၀၆၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၉၇၂၈၇၀၉ |
| အဖုံး ဒီဇိုင်း | - | ဟိန်းမင်းခေတ် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃ထပ်(ယာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | (၁၀-ခ)၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာစီခွဲ | - | ဝင်းမ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅·၈၃

ပြည့်ပိုင်မှူးအိမ်

အချစ်ကိုအချစ်နဲ့ပေါင်းရင်·····ဖြစ်တယ် / ပြည့်ပိုင်မှူးအိမ်။

\- ရန်ကုန်။

တော်ဝင်မြို့မစာပေ ၊ ၂၀၀၉ ။

၁၅၆ - စာ၊ ၁၃ စင်တီမီတာ × ၂၀·၅ စင်တီမီတာ။

(၁) အချစ်ကိုအချစ်နဲ့ပေါင်းရင်·····ဖြစ်တယ်


www.burmeseclassic.com

www.burmeseclassic.com



## Special Thanks to .......

စာအုပ်ပေါင်း နှစ်ဆယ့်ငါးအုပ် (ငွေရတုထိ) တိုင် ချီတက်လာနိုင်အောင် အားပေးခဲ့ကြသော ကျွန်တော်၏ လေးစားချစ်ခင်ရသော ပရိသတ်များ .....

အမြဲတမ်း အကူအညီများပေးခဲ့ကြသော ကိုကြီးမျိုးတို့ မိသားစု၊ ကျွန်တော်၏ ထုတ်ဝေသူ ကိုမိုးနှင့် စာနယ်ဇင်းမှ မိတ်ဆွေများ .....

ဓာတ်ဆောင်၏နေရာတွင် (ကျွန်တော် ဇွတ်ကျိကျသဖြင့်) သူ၏နာမည်ကို အသုံးပြုခွင့်ပေးခဲ့သော ညီငယ် ‘စစ်ငြိမ်းလူ’ နှင့် ကျွန်တော်၏ ရပ်ဝေးရပ်နီးမှ ဘော်ဒါများ ......

ကျေးဇူးတင်ရန်ကျန်ရှိနေသူများ အားလုံး အားလုံး အားလုံးသို့ ......

အထူးကျေးဇူးတင်လျက်
ပြည့်ပိုင်မှူးအိမ်

www.burmeseclassic.com

www.burmeseclassic.com



Love ceases to be a pleasure,
When it ceases to be a secret.

အချစ်ဆိုတာ လျှို့ဝှက်ထားစရာမလိုတော့ရင်
ကြည်နူးစရာလည်း မကောင်းတော့ဘူး။

Alpha Behn

www.burmeseclassic.com

www.burmeseclassic.com



ဖျတ်' ခနဲ အိပ်ခန်းထဲရှိ ပြတင်းပေါက်မှ ခုန်ဆင်းသွားသော အရိပ်ကြောင့် ကမန်းကတမ်း သူ လိုက်ကြည့်ဖြစ်သည်။

ကြည့်လိုက်တော့ ခုန်ချသွားသော အရိပ်မှာ ကြောင်တစ်ကောင်ဖြစ်ကာနေသည်။ ကိုရွှေကြောင်က သူ့ဘက်တစ်ချက် မော့ကြည့်ကာ "ညောင်" ဟု အော်ပြီး တစ်ဖက်ခြံထဲ ခုန်ဝင်ကာသွားသည်။

ပြောင်းလာသည်မှာ မကြာသေးသော တစ်ဖက်ခြံဆီသို့ မျက်မှန်ကုတ်ကာ လှမ်းကြည့်ဖြစ်သည်။ "အားလည်း အတော်အားတဲ့လူတွေ" ဟု သူ တွေးဖြစ်သည်။

မနက်ခပ်စောစောတုန်းကလည်း ခွေးသုံးကောင်ခန့်က ကျယ်လောင်စွာ ကိုက်ကြ၊ ပြကြဖြင့် ဆူညံပွက်လောရိုက်နေခဲ့သေးသည်မို့ သူအိပ်ချင်မူးတူးဖြင့် ဒေါသထွက်ခဲ့ရသေးသည်။

အိမ်ဘေးကို တိရစ္ဆာန်ရုံကြီး ရွှေ့လာခဲ့လျှင်တောင်မှ ဤမျှ ဆူညံပွက်လောရိုက်လိမ့်မည် မထင်။

သူက ငှက်ကလေးတွေ ငါးကလေးတွေကိုပဲ ချစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်တော့ မဟုတ်၊ ကြောင်တွေ ခွေးတွေကိုတော့ သူ အလွန်မုန်းသည်။ ထို့ကြောင့် အိမ်မှာ ဘာခွေး ဘာကြောင်မှ မ ကြောင်တွေ ခွေးတွေ ချစ်သောမေမေသည်ပင်လျှင် သူ့ကို ဘာတောင် ပေးကာ မမွေးခဲ့။

ထို့အတူ . . . ၂စကားအဆုံး

သူသည်လည်း မေမေ မချစ်သောငါးတို့ ၄သည်။ မွေး။ ထို့ကြောင့် အိမ်မှာ ဘာအိမ်မွေး တိရစ္ဆာန်နှ ဆံနွယ်များကမူ

အိမ်မှာ ဘာအိမ်မွေးတိရစ္ဆာန်မှ မရှိသော်ငြင်းစွာ ယိမ်းနွဲ့ လာသော ဘေးအိမ်မှာတော့ အတော်ကြီး စုံစုံလင် တူသည်။ မိုးလင်းက မိုးချုပ် "တဟဲ့ဟဲ့" နှင့် အော့" တဝုတ်ဝုတ် ဟောင်သောခွေးသံ၊ တညောင်ညောင် အော်သော ကြောင်သံတို့ဖြင့် ဆူညံနေသည်မှာ ယင်းတို့ ပြောင်းလာသော လွန်ခဲ့ သည့် သုံးလေးရက်ကတည်းက ဖြစ်သည်။

"အဲဒါမှ ပြဿနာပဲ"

ဟု သူတွေးရင်း အိပ်ရာပေါ် စွေ့ခနဲ ခုန်တက်ကာ ပက် လက်လှန်ဖြစ်သည်။

"ဟ"

အိ' ခနဲသော ပျော့စိစိ၊ ပျော့ပြဲပြဲအရာတစ်ခုက ကျော အောက်မှာ စိ' ခနဲမို့ သူ 'ဟ' ခနဲ လန့်သွားရသည်။

ကမန်းကတန်း ပြန်ထလိုက်တော့ သူ့ကျောမှာ စိုတိုတို ခံစားမှုက ပါကာလာသည်။ သူလှဲချခဲ့သောစောင်ကို မသက်ာစွာ ဖယ်အကြည့် . . .

"ဟွန်း . . . နံတာကွာ"

ပြစိစိ ကြောင်ချေးများက သူ့အိပ်ရာပေါ်မှာ နံစော်ကာ နေသည်။ စောစောက ပြတင်းပေါက်မှ ခုန်ချသွားသော ကြောင်စုတ်



www.burmeseclassic.com

www.burmeseclassic.com



ာင်ပွဲမှ လွဲ၍ အခြားမဟုတ်မှန်း သူသိလိုက်ရသည်။

ဘယ်က ဘယ်လိုရောက်လာမှန်းမသိသော ဒေါသတို့ဖြင့် ာက ခုန်ချသွားသော ပြတင်းပေါက်မှနေ တစ်ဖက်ခြံကို ဲစ်သည်။

နှံသင့်စွာပင် သူ့ထက် အသက်သုံးလေးနှစ်ခန့် ငယ်မည် ကောင်မလေးတစ်ယောက်က ဘယ်လိုမှ မေ့နိုင်စရာ ဒ်လွယ်သော စောစောက ကိုကြောင်စုတ်ကို ပိုက်ကာ နေသည်။

ာမန်းကတမ်း အိမ်ပေါ်မှ ဆင်းကာ ခြံစည်းရိုးဆီ ကပ် ာဖက်မှ ကြောင်စုတ်ပိုင်ရှင်ကောင်မလေးကို လှမ်းခေါ် ဖြစ်သည်။

"ဟေ့ ဟေ့ . . . ဒီမှာ"

" . . . . . "

သူ့အခေါ် ကြောင့် တစ်ဖက်ခြံမှကောင်မလေးက ဆတ်ခနဲ တုံ့ခနဲလမ်းသလားနေရာက ရပ်တန့်ကာသွားသည်။

သို့သော် . . . .

လှည့်၍မကြည့်။ မကြည့်ရုံမျှပင်မက ရပ်တန့်နေရာမှ လမ်းကို ဆက်၍လျှောက်သည်။ ကြားရဲ့သားနှင့် မကြားယောင်ပြုသွားမှန်း သိသာလွန်းသည်မို့ ဒေါသထွက်သွားရသည်။

ထို့ကြောင့် . . . .

"ဟေ့ ဒီမှာ . . . ခေါ်နေတာ မကြားဘူးလား"

ဟု အသံကျယ်ကြီးဖြင့် လှမ်းအော်ဖြစ်သည်။

သို့သော် ထုံးစံအတိုင်း ကောင်မလေးက တုတ်တုတ်ပင် မလှုပ်။

ထို့ပြင် ကြောင်ကိုပင် မှုပိုကာ ပွတ်နေလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်နေရသော မထိတရိ ဟန်ပန်ကြောင့် သူ့တော်တော်ကြီး တင်းသွားရသည်။

"နားကန်းနေပုံရတယ် ... ဒီလောက် အော်ထားတောင် မကြားဘူး"

ခပ်ဆောင့်ဆောင့် အော်ပြောလိုက်သော သူ့စကားအဆုံး မှာမှ ဇင်းကောင်မလေးက ဆတ်ခနဲ သူ့ဘက်လှည့်သည်။

လှည့်ကသာ ဆတ်ခနဲ လှည့်လိုက်သော်လည်း ဆံနွယ်များကမူ ဝဲခနဲ ဖြည်းညင်းစွာ လိုက်ပါဝေ့ဝဲကာဖြင့် ဖြည်းညင်းစွာ ယိမ်းနွဲ့ လျက်လိုက်၍ ဝေ့ဝဲကာကျသည်။

"တော်တော်ကြီးကို လှတဲ့ကောင်မလေးပါလား"

ဟု ရုတ်ချည်း တွေးလိုက်မိသော်လည်း သူမ၏ မျက်နှာပေါ်မှ ဒေါသရိပ်များ လွှမ်းနေသောမျက်နှာကြောင့် ထိုအတွေးက ရုတ်တရက် ပျောက်ကွယ်ကာသွားသည်။

"ရှင် ဘာစကားပြောတာလဲ"

"ကြားတဲ့အတိုင်းပဲ ... မင်း နားမကန်းဘူး ဆိုရင် ငါပြော လိုက်တာ ကြားမှာပေါ့"

"ကြားသားပဲ ... ခေါ်တဲ့လေသံက မာရေကြောရေနိုင် တယ်ထင်လို့ တမင်မထူးတာ ဘာဖြစ်လဲ"

ဆတ်ဆတ်ထိ မခံသောသူမကလည်း ဆတ်ဆတ်ကြဲပင် တုံ့ပြန်သည်။

"အေး ... ငါကလည်း မကြားချင်ယောင်ဆောင်နေမှန်း သိလို့ ကန်းနေပုံရတယ်လို့တမင်ပြောတာ... ဒီမှာ မင်းကို ပြောစရာ ရှိတယ်"

"ဘာပြောမလို့လဲ ... ဘာမှလာမပြောနဲ့ .. ရှင်နဲ့ အသိ ပတ်သက်မှုမှ ရှိတာမဟုတ်ဘူး ... ဒီတော့ ရှင် ကျွန်မကို ပြောစရာ



www.burmeseclassic.com

www.burmeseclassic.com



ဘာစကားမှ ဘာအကြောင်းမှ မရှိဘူး"

နှုတ်ခမ်းတလန် ပန်းတလန်ဖြင့် ဆိုနေသော ကောင်မလေး ကိုကြည့်ကာ သူ နားရင်းတီးချင်စိတ်တို့ပေါ်ကာလာသည်။

"အေး . . . ငါကလည်း လေကုန်သိပ်ခံချင်တာ မဟုတ်ဘူး . . . မပြောမဖြစ်လို့ ပြောရမှာ . . . အခု မင်းလက်ထဲမှာ ကိုင်ထား တဲ့ ကြောင်စုတ်ကို နောက် ငါ့အိမ်ထဲ မဝင်စေနဲ့"

"အောင်မာ . . ကျွန်မရဲ့ ကြောင်က ကြောင်စုတ်မဟုတ်ဘူး Rain ရှင့် Rain . . . သိလား . . . ကိုရီးယားမင်းသား Rain လို ချောလို့လှလို့ Rain လို့ပေးထားတာ ရှင်းလား"

ကောင်မလေး၏စကားကြောင့် သူရယ်ချင်သွားရသည်။ 'ကြောင်မသား ပေတီးပေစုတ်ကိုများ' ဟု တွေးဖြစ်သည်။

"နောက်ပြီးတော့ ဒီကြောင်က ဒီအိမ်ဝင်းထဲကနေ ဘယ်မှ သွားတာ မဟုတ်ဘူး . . . ကျွန်မရဲ့ Rain က အသန့်အပြန့်ကြိုက် တယ် . . . ဒီတော့ ရှင့်အိမ်ထဲ ဘယ်တော့မှ ဝင်မှာမဟုတ်ဘူး . . စိတ် . . . ချ"

သူမ၏ အနှောင့်အသွားမလွတ်သောစကားကြောင့် သူ တော်တော်ကြီး ဒေါကန်သွားရသည်။ သူမ၏ကြောင်က အသန့်အပြန့် ကြိုက်သည်။

ထို့ကြောင့် သူ့အိမ်ဘက်ဝင်မည်မဟုတ်ဟု ဆိုတော့ သူ့အိမ် ကပဲ ညစ်တီးညစ်ပတ် ဖြစ်နေသလိုလို။

"ဟုတ်တယ် . . . မင်းကြောင်က အသန့်အပြန့်ကြိုက်တယ် ဆိုတာ လက်ခံတယ် . . . အခုပဲ ငါ့အိပ်ရာထဲမှာ ချီးပါသွားတယ် . . . ဒီမှာ တွေ့လား"

သူ သူ့နောက်ကျောမှ နံစော်နေသော အစိုက္ခကြီးကို လှည့်ပြရင်းဆိုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . မဖြစ်နိုင်တာ . . . ရှင့်အိမ်က ကြောင်ပါတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့"

ကျောမှာ စိုစိုစိဖြင့် ပေနေသော ကြောင်ချေးအကွက်ကို ပြကာဆိုသော သူ့စကားအဆုံးမှာ သူမက ပျာပျာသလဲ ငြင်းသည်။

"ဘာကိစ္စ ငါ့အိမ်ကကြောင်ဖြစ်ရမှာတုံး . . . ငါ့အိမ်မှာ ဘာ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မရှိဘူး . . . မင်းရဲ့ကြောင် စုတ် ငါ့အိပ်ခန်းထဲက ခုန်ချသွားတာကိုလည်း ဟော့ဒီမျက်စိနဲ့ တပ်အပ်မြင်တာ ရှင်းလား"

သူ့စကားကြောင့် သူမ ငိုင်'ခနဲတော့ ဖြစ်သွားသည်။ သို့ သော် ချက်ချင်းပင် ခေါင်းကိုမော့ကာ ဘယ်ညာခါရမ်းရင်း . . .

"အို မဖြစ်နိုင်ဘူး . . . ဒီမှာ ရှင် မျက်စိမှားနေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ . . . ကြောင်က ကျွန်မအိမ် တစ်အိမ်မှာပဲ ရှိကာ မဟုတ်ဘူး . . . တခြားအိမ်တွေမှာလည်း ရှိတာပဲဥစ္စာ"

သူမ၏ ဆင်ခြေကြောင့် သူ ပို၍တင်းသွားရသည်။

"ဘာမှ မျက်စိမှားစရာ အကြောင်းမရှိဘူး . . . မင်းကြောင် မှ မင်းရဲ့ ကြောင်စုတ် စစ်စစ်"

"မဖြစ်နိုင်ပါဘူး . . . ဒီမှာ . . . ရှင် လက်ပူးလက်ကြပ်မိ w mv n f r [ w b &J . . . u Ref&U&ef 'Rain' ကို စွပ်စွပ်စွဲစွဲ လာမပြောနဲ့"

သူမ၏ စကားကြောင့် သူ့အတော့် အတော်ကြီးကို တင်း သွားရသည်။ စွပ်စွပ်စွဲစွဲ တဲ့။ လက်ပူးလက်ကြပ် တဲ့။

"တွေ့ကြသေးတာပေါ့ကွာ"

ဟု သူ တေးထားဖြစ်သည်။

"အေး . . . ဒါဖြင့် ငါတစီခါတည်း မှာထားလိုက်မယ် . . . မင်းရဲ့ကြောင်စုတ်ကို မင်းနိုင်အောင်ထိန်း . . . မထိန်းလို့ ငါ့အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာလို့ကတော့ တစ်မွေးမှ မကျန်အောင်နှုတ်ပြီး အရေခွံထုပ်ပစ်မယ် မှတ်ထား"

သူ့စကားကို သူမကလည်း အတင်မခံပါ။ ချက်ချင်းပြန်ပက်သည်။

"အမလေး ဝေးပါသေးရဲ့ . . . ကျွန်မရဲ့ 'Rain' ကလေ သန့်မှနေတာ . . . သန့်မှ ကြိုက်တာ . . မသန့်တဲ့နေရာဆို ဘယ် . . . မှ မသွားဘူး"

"အေးပါ . . . ငါ့အိမ်ထဲ ဝင်လာလို့ကတော့ အဲဒီ ကြောင်မသား ခြေထောက်လေးချောင်းစလုံးအပြင် ဖြတ်လို့ရတာတွေပါ အကုန်ဖြတ်ပစ်ဦးမယ်"

"ရှင် စကားပြောတာ မညစ်ပတ်နဲ့နော်"

"အမြီးတို့၊ လျှာတို့ကို ပြောနေတာ . . . လာပလေ့စေဦး . . ဂုတ်းကို ရိတ်လွှတ်ဦးမယ် . . အဲဒီ ကြောင်မသား"

ဒေါ်ကန်ကန်နှင့်ပင် ကြိမ်းဝါးပြီး လှည့်ထွက်ခဲ့သည်။ နောက်ပိုင်းမှာတော့ ကြောင်စုတ်၏ပိုင်ရှင် ဒေါ်စွာသီးတစ်ယောက် အာခေါင်ခြစ်ကာ အော်ရင်းကျန်ရစ်ခဲ့သည်။

"အမလေး . . . ဝစီဗေဒ . . . ထိတိုင်းရှတဲ့ . . . ဝစီကံနဲ့ ပါဏာတိပါတကို ကျူးလွန်တဲ့လူတွေ ငရဲအိုး ဇောက်ထိုးကျပါစေတော်"

ကြားရသောစကားကြောင့် သူပြုံးချင်ချင်ဖြစ်ကာသွားသည်။ 'လာ လာ ချည်သေး' ဟူ။ သို့သော် သူမပြုံးဖြစ်၊ ခပ်တည်တည်ပင် လှည့်ကြည့်ရင်း

"အေး . . . ငါလို သူတော်ကောင်းကတော့ ငရဲအိုးထဲ ဇောက်ထိုးကျစရာ ဘာအကြောင်းမှ မရှိဘူး . . . မင်းရဲ့ကြောင်ဘော ဆီပူအိုးထဲ ဒိုက်မထိုးမိရအောင် မင်းသိမ်း . . . အိမ်ထဲဝင်လာလို့



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကြောင်ကောင်လုံးကြော် ဖြစ်မလား ... ကြောင်စွပ်ပြုတ် ဖြစ်ပြီး အရိုးတခြား အသားတခြား ဖြစ်မလားသာ တွေးထား"

"ယောကျ်ားကြီးတန်မဲ့နဲ့ မိန်းမကောင်း ရန်တွေ့ဖြစ်နေလိုက်တာ"

နောက်မှကပ်ပါလာသော သူမ၏စကားကြောင့် သူ တွန့်ခနဲ ဖြစ်သွားရသည်။ ယောကျ်ားဆိုတာနဲ့ပဲ မိန်းမတွေ ပြောသမျှ ငုံ့ခံနေရမည်' တဲ့လား။

" Sorry ပဲ ချာတိတ်မရေ"

ဟု ရေရွတ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်း ဆိုတာက နူးညံ့နေမှ ချစ်ဖို့ကောင်းတာကွ . . မင်းတို့ပဲ စဉ်းစားကြည့် . . ပန်း‌ရဲ့ပွင့်ဖတ်တွေက နူးညံ့မှုမရှိဘဲနဲ့ မာခေါက်ခေါက်ကြီးဖြစ်နေတယ်ဆိုရင် အဲဒီပန်းက ပလပ်စတစ်ပန်းပဲဖြစ်မယ် . . . ဟုတ်တယ် မဟုတ်လား . . . အခုလည်း ကောင်မလေးက သိမ်သိမ်မွေ့မွေ့လေးဆိုရင် တော်တော်ကြီးကို ချစ်စရာကောင်းမယ့်ကိစ္စကို စွာတေးလန်နေတော့ ချစ်စရာမကောင်းတော့ဘူး"

"ဘယ်သူက မင်းကို ချစ်ခိုင်းနေလို့တုံး"

သူ့စကားကို ဇေယျာက အငေါ်တူးသည်။

"စာရေးဆရာဆိုတော့လည်း ကုန်ကြမ်းရှာတာနေမှာပေါ့ကွာ . . . ဟုတ်တယ် မဟုတ်လား စစ်ငြိမ်းလူ . . ."

ထွန်းမောင်က သူ့ကို မေးဆတ်ရင်းဆိုသည်။

"မဟုတ်ပါဘူးကွာ"

ဟု သူဆိုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ စကားမစပ် အဲဒီကောင်မလေးရဲ့နာမည်က ဘာတဲ့တုံး"

"မသိဘူးကွ"

သူ့အဖြေကြောင့် ထွန်းမောင်က မျက်နှာကိုရှုံ့သည်။ ပြီး

"ညံ့ပါ့ကွာ ..., ဒါနဲ့များ စာရေးဆရာလုပ်နေသေးတယ် ... ငါသာ မင်းနေရာမှာဆိုရင် အဲဒီကောင်မလေးရဲ့ နာမည်ကို သိရုံတင်မကဘူး ... ခင်ပြီးမင်ပြီးလို့ ဖုန်းတွေတောင် ဆက်နေလောက်ပြီ"

ထွန်းမောင်၏ စကားကို ဇေယျာက 'ဟုတ်ပါ့' ဟုထောက်ခံသည်။ သူ ထွန်းမောင်တို့ နှစ်ကောင်ကို ကြည့်ရင်း ခေါင်းခါပြဖြစ်သည်။

"ဘာခေါင်းခါတာလဲ"

ဇေယျာက မေးဆတ်ရင်းက ဆိုသည်။

"ဒီလောက် စွာတေးနေတဲ့ ဆတ်ဆတ်ကြဲအကြောင်းကို မသိလို့ မင်းတို့ ငါ့လိုမတွေးကြတာ ... ငါကတော့ အဲဒီ ငတိမလေးနဲ့ ခင်လည်းမခင်ချင်ဘူး ... သူ့နာမည်လည်း မသိချင်ဘူး .. ဒီလိုကလေးမနဲ့ မခင်ရတာဘဲ ကောင်းမယ် ... မဟုတ်ရင် နားငြီးလွန်းလို့ နားဒုက္ခရောက်မှာတောင် စိုးရတယ် ... မင်းတို့ကို တစ်ခါလောက် ကြုံဖူးစေချင်တယ် ... အဲဒီကလေးမရဲ့ အသံက ဘယ်လောက် စူးပြီး ကျက်ကျက်လန်နေလဲ ဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ကို တစ်ခါလောက် ကြုံဖူးစေချင်တယ်ဟယ် .. ယောက်ျားကြီးတန်မဲ့ နှုတ်ခမ်းတလန် ပန်းတလန်နဲ့ ရန်တွေ့တတ် လိုက်တာများ"

"သူက ဘာလုပ်တာလဲ"

"မသိဘူး"

မူယာ၏ အမေးကို သူမ ခပ်သွက်သွက်ပင် ဖြေဖြစ်သည်။

"ရုပ်ရည်ကရော ဘယ်လိုနေလဲ"

နီနီ၏ အမေးကို သူမ ချက်ချင်းပြန်မဖြေဖြစ်၊ မျက်မှန်ကြီး ကုတ်ကာနေသော ရုပ်ခပ်ဖြောင့်ဖြောင့်နှင့် ကိုဒေါ်သ၏ ဂျစ်ကန်ကန် အမူအရာကို ပြန်မြင်ယောင်လာသည်။

"ဟဲ့ ... နှင်းရတီ .. ငါမေးတာကို ဖြေဦးလေ"

နီနီက စိတ်မရှည်ဟန်ဖြင့် သူမကို ဖျတ်'ခနဲ ရိုက်ရင်း ဆိုသည်။

"အင်း ... ဘယ်လိုပြောရမလဲ .. သူ့ရုပ်က မင်းသား လုပ်စားမယ်ဆိုရင်တောင် ထ' လုပ်လို့ရမယ့် ရုပ်မျိုးဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် တကယ်"

သူမ၏ အဖြေကို မဆီမဆိုင်ပင် မူယာက ထပြီး ဝမ်းသာအားရပင် လက်ခုပ်တီးရင်း 'တကယ်' ဟုဆိုသည်။ တစ်လက်စတည်း ဆိုသလို . . .

"ဒါဆို ခါတ်ရှင်တွေ . . . ဘုတ်အုပ်တွေထဲကလို အဲဒီမှာ စတွေ့ကြပြီပေါ့နော်"

"တွေ့စရာလား"

အထက်ပါစကားကို ဆိုလိုက်သူက သူမ မဟုတ်။ နီနီ ဖြစ်သည်။ နီနီက . . .

"ငါတို့သူငယ်ချင်း နှင်းရတီက ကြော်ငြာတွေ ဇာတ်လမ်းတွေ လက်မလည်အောင် ရိုက်နေရတဲ့ မင်းသမီးဟဲ့ . . . ဟိုက ဘာမှန်းမသိ ညာမှန်းမသိ"

"ပြောလိုက်စမ်းပါ"

နီနီ၏ စကားအဆုံးမှာ သူမက 'ပြောလိုက်စမ်းပါ' ဟု ရွတ်နေ၂က်နောက်ဆိုဖြစ်သည်။

"ဒါပေမယ့် နီနီ နင် စောစောက သူစကားပြောနေတဲ့အချိန်မှာ နင်သတိမထားမိလို့ . . . သူ အဲဒီလူအကြောင်း ပြောနေတဲ့အချိန်တုန်းက သူ့မျက်လုံးထဲမှာ အတော့်ကို ထူးဆန်းတဲ့ အရိပ်အယောင်တွေ ငါမြင်နေရတယ် . . . အချစ်ရဲ့ အရိပ်အယောင်လို့ ထင်ဟာပဲ"

မူယာ၏ စကားအဆုံးမှာ နီနီက သူမကို လှည့်ကြည့်သည်။ သူမက ခေါင်းကို ဘယ်ညာရမ်းပြလိုက်ရင်း ဟက် ခနဲရယ်ဖြစ်သည်။

"တော်စမ်းပါ မူယာရယ် . . သေလောက်အောင် ရုပ်ဖြောင့်နေမကလို့ ဘာကြီးဖြစ်နေဖြစ်နေ ဒီလိုဒေါသအိုးနဲ့ကတော့ ဝေးပါသေးရဲ့ . . . အဲဒီနေ့က ငါ့ရဲ့ Rain ကိုများ အရေခွံဆုတ်မှာတွေ့ရော



www.burmeseclassic.com

www.burmeseclassic.com



. . . စွပ်ပြုတ်လုပ်မှာတွေရော . . . ကောင်လုံးကြော်စားမှာတွေရော ပြောနေလိုက်တာများ . . . ကြက်သီးထစရာတောင် ကောင်းတယ်”

“စိတ်ဆိုးလို့ ပြောတာပဲဟယ် . . . ငါတို့လည်း စိတ်ဆိုးရင် အရေခွံဆုတ်ပစ်မယ်တို့ ဘာတို့ပြောတာပဲ ဥစ္စာ”

မှူယာက ရှေ့နေလိုက်သည်။

“ထားလိုက်ပါတော့ ငါက သူ့အကြောင်း စကားစပ်မိလို့ ပြောတာပါ။ သူ့လိုလူကို ငါ့ခေါင်းထဲ ထည့်ကိုမထားတာ”

“နေဦး”

သူမ၏ စကားမဆုံးမီမှာ နီနီက ‘နေဦး’ ဟု ခပ်သွက်သွက် ဆိုသည်။ ပြီး အံ့သြဟန်ဖြင့်

“နင့်ကို သူက မင်းသမီးမှန်း မသိဘူးလား”

နီနီ၏ အမေးကြောင့် မှူယာကပါ ‘အေးဟ’ ဟုဆိုသည်။ ထိုအခါမှပင် ထိုကိစ္စကို သူမ ဖျတ်ခနဲ တွေးမိသည်။ ဟုတ်သားပဲ။ ဟိုးဟိုးကျော်ကြီး မဟုတ်သည့်တိုင် တော်တော်လေးတော့ လူသိများနေပြီဖြစ်သော သူမလို မင်းသမီးကို ထိုလူက ဘာကိစ္စ မသိရတာပါလိမ့်။

ဘာရယ်မဟုတ်။ သူမစိတ်မှာတော့ မာနတို့က ‘ထောင်း’ ခနဲ ဖြစ်ကာသွားသည်။ ‘အလကားလူ ပတ်ဝန်းကျင် လေ့လာအား အတော်နည်းတဲ့လူ။ နောက်တစ်ခါ ကိစ္စတစ်ခုခုနှင့် ကြုံပါစေဦး’ ဟု သူမ တေးထားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းပြတင်းမှနေ ခုန်ဆင်းသွားသော ကြောင်မသားကို ဖျတ်ခနဲ တွေ့လိုက်ရချိန်သူ ထင့်ခနဲ ဖြစ်ကာသွားရသည်။

အိမ်မှာက ဘယ်သူမှမရှိ၊ မေမေကလည်း ဖေဖေရှိရာ အင်္ဂလန်ကို အလည်ခေတ္တလိုက်သွားသလို အိမ်အကူ မငွေးနှင့် ခြံစောင့် ကိုဝင်းတို့ လင်မယားကလည်း ခွင့်တစ်လ ယူကာသွားသည်။

ထို့ကြောင့်

အရာရာမှာ ကိုယ်ထူကိုယ်ထ ဖြစ်ကာနေသည်။ အဝတ်အစားလည်း ကိုယ့်ဘာသာကိုယ်လျှော်ဝတ်ရသည်။ ထိုကြောင်မသား၏ကောင်းမှုကြောင့် ရင်းချီးပါခဲ့သော အိပ်ရာခင်းကို သူကိုယ်တိုင် အဝတ်လျှော်စက်ထဲ ထည့်ကာ နံနံစော်စော်ဖြင့် လျှော်ခဲ့ရသေးသည်ကို သတိရမိသည့်ခဏ၊ ဒီတစ်ခါလည်း ပါခဲ့ပြန်ပြီလားမသိ ဟူသော စိုးရိမ်စိတ်က ငယ်ထိပ်သို့ တက်လာပြန်သည်။

"တောက် . . . အိပ်ခန်းတံခါးကို ငါကလည်း မေ့မေ့ပြီး ခြင်ဇကာပါမကျန် ဖွင့်ဖွင့်ခဲ့မိတယ်။ ဟို ကြောင်မသားကလည်း ဘယ်ကတည်းက ဝင်ဖို့ချောင်းနေလဲ မသိဘူး။ နောက်တစ်ခါဝင်လို့ကတော့ စဉ်းတီတုံးပေါ်တင်ပြီး တောက် တောက်ကို စဉ်းပစ်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှနေ ရေရွတ်ရင်း လက်ကစောင်များကို မသိမသာ လှန်ကာ ကြည့်ဖြစ်သလို နှာခေါင်းကလည်း တရှုံ့ရှုံ့ဖြင့် အနံ့ခံဖြစ်သည်။ ဘာမှမတွေ့သလို ဘာကြောင်ချီးနံ့မှလည်း မရ။ ထိုအခါမှသာ ရင်ထဲမှ အလုံးကြီး ကျကာသွားသည်မို့ သက်ပြင်းကို 'ဟူး' ခနဲ ချမိသည်။

"ဟူး"

ဒေါသစိတ် မပြေတပြေဖြင့် တစ်ဖက်ခြံဆီ လှမ်းကြည့်သောအခါ ကြောင်မသားက သူ့ခြံထဲမှာပဲ ရှိသေးသည်။

"လာ . . . လာ လာ Rain ရေ . . . လာ"

ခေါ်သံခပ်သဲ့သဲ့ကို ကြားသည်မို့ သေချာကြည့်လိုက်သောအခါ ကုန်းကွ ကုန်းကွဖြင့် ခြံစည်းရိုးအစပ်မှာ သူမ၏ ကြောင်ကို ခေါ်နေသော သူမကို တွေ့လိုက်ရသည်။

"ဟော့ . . . မင်းပြောတော့ မင်းရဲ့ ကြောင်က အသန့်ကြိုက်လို့ ဘယ်မှ မသွားပါဘူးဆို . . . အခုတော့ လက်တွေ့မြင်ပြီ မဟုတ်လား"

အခန်းပြတင်းပေါက်မှနေ အောက်သို့ ငုံ့ကာအော်သော သူ့အသံကြောင့် သူမက မဲ့ကာရွဲ့ကာဖြင့် အပေါ်ကိုမော့ပြီး သူ့ကို ကြည့်သည်။

ကြွပ်ဆတ်ဆတ်ကြည့်နေသော ထိုကောင်မလေးကို သူ လက်ညှိုးလှမ်းထိုးရင်း . . . .

"ဒီမှာ နောက်တစ်ခေါက်ဆိုရင်တော့ မပြောမရှိနဲ့နော် . . . မင်းရဲ့ နောက်တစ်ခါ ငါ့အိမ်ထဲဝင်လို့ကတော့ . . . သေချာပေါက် အရေခွံဆုတ်ပြီးသားပဲ"

လှမ်းအော်သော သူ့စကားကို သူမက နှုတ်ခမ်းကိုက်ကာ စူးစူးရဲရဲ ကြည့်ခြင်းဖြင့် တုံ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါ ဝင်လာလို့ကတော့လား . . . ရိုက်ကို ပစ်ဦးမယ်"

သူလည်း တမင်ပင် မကြားကြားအောင် ထပ်၍ ဆိုဖြစ်သည်။ ဘာရယ်တော့ မဟုတ်။ အမှားကို အမှားဟု ဝန်မခံချင်သော သူမ၏ ကြောင်တစ်ကောင်လုံး သူ့ခြံမှ ရှိနေသည်ကိုမြင်နေပါလျက်နှင့် စွာလန်ကြဲနေသေးသော ဇင်းကောင်မလေးကို ကြည့်မရသောကြောင့် ဖြစ်သည်။

ကောင်မလေးက သူမလက်ထဲ အခုမှ ရောက်လာသော ကြောင်စုတ်တီးစုတ်ပဲ့ကို တယုတယ ပွေ့ချီကာ သူ့ဆီ ပေစောင်း ပေစောင်းဖြင့် လှမ်းကြည့်ပြီး ဆတ်တောက်ဆတ်တောက်ဖြင့် သူမ အိမ်ထဲဝင်ကာသွားသည်။

သူသည်လည်း ပြတင်းပေါက်ကို 'ဝုန်း' ခနဲ နေအောင် ဆောင့်ပိတ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ဖို့တော့ ကောင်းတယ်ကွ"

"စပြီ စပြီ စာရေးဆရာကတော့ စပြီ"

သူ့စကားအဆုံးမှာ ထွန်းမောင်က ပြောင်ချော်ချော်ဖြင့် ဆိုသည်။ ဇေယျာက 'ထုံးစံအတိုင်း ကုန်ကြမ်းပဲနေမှာပေါ့' ဟု ဆိုသည်။

သူ ခေါင်းကို ကုတ်ဖြစ်သည်။

"ခက်တော့တာပဲကွာ . . . မင်းတို့လို ဘော်ဒါအရင်းခေါက်ခေါက်တွေကတောင်မှ ငါဘာပြောပြော ဘာလုပ်လုပ် ကုန်ကြမ်းရှာတယ်ပဲ ထင်နေရင် တခြားတစိမ်းတွေဆို ပိုဆိုးပြီပေါ့ကွ။ ငါက အဲဒီကောင်မလေးကို ချစ်ဖို့ကောင်းတယ်လို့ပဲ ပြောတာ ဆက်ပြီး ပတ်သက်မယ် လိုက်နွှယ်ပစ်မယ်လို့ ပြောနေတာမဟုတ်ဘူး"

"မယုံဘူး"

သူရှင်းပြသော စကားအရှည်ကြီးအဆုံးမှာ ထွန်းမောင်က 'မယုံဘူး' ဆိုသော စကားဖြင့် တိခနဲ ဖြတ်ချသည်။

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကလေ ငါ ကောင်မလေးတွေနဲ့ စကားပြောတော့လည်း အဲဒါကုန်ကြမ်းရှာတာ . . . ရည်းစားထားပြန်တော့လည်း အဲဒါ ကုန်ကြမ်းရှာတာနဲ့ပဲ စွပ်စွဲနေတော့ ငါ့မှာ စကားတောင် မပြောရဲအောင်ဖြစ်နေပြီ"

"ဟုတ်နေတာပဲလေကွာ"

သူ့စကားအဆုံးမှာ ဇေယျာကပါ 'ဟုတ်နေတာပဲ' ဟု ဆိုသည်။ ဘာဆက်ပြောရမှန်း မသိသည်မို့ 'ဟာကွာ' ဟု ရေရွတ်ရင်း ခေါင်းကိုတဗျင်းဗျင်းဖြင့် ကုတ်သော သူ့ကို သကောင့်သားနှစ်ကောင်နှစ်ကောင်က ရယ်ကြသည်။

"နောက်တာပါကွာ . . . မင်းက စာရေးဆရာဖြစ်နေမှတော့လည်း ဒီလိုပဲနောက်ရတော့မှာပေါ့"

"မင်းတို့နောက်တာကလည်း စာရားလွန်ပါတယ်ကွာ . . . ငါ့ကို ကောင်မလေးတွေနဲ့ စွတ်မိတ်ဆက်ပေး . . . ပြီးတာနဲ့ ရည်းစားမဖြစ်ဖြစ်အောင် ဝိုင်းလျှော် . . . အဲ ရည်းစားလည်းဖြစ်ရော . . အဲဒီ စာရေးဆရာက ကုန်ကြမ်းရှာနေတာ . . . ခင်လို့ သတိပေးတာ . . ဘာညာ သာရကာတွေ လျှောက်ဖွတော့ ဟော . . ငါ့မှာ ရည်းစားနဲ့ ပြတ်ရော . . . မင်းတို့ နှိပ်စက်ကြလွန်းလို့ ငါ့မှာ ရည်းစားကို တစ်လ ပြည့်အောင် တစ်ယောက်မှ မတွဲဖူးဘူး"

သူ၏ ဆောင့်ကြီးအောင့်ကြီးဖြင့်ဆိုသော စကားအဆုံးမှာ ထွန်းမောင်တို့နှစ်ကောင်က သဘောတကျဖြင့် တခွီးခွီးနှင့် ရယ်ကြသည်။

ထွန်းမောင်က

"မင်းကကွာ စာရေးဆရာတစ်ယောက်လုပ်နေပြီး ရည်းစားထားတဲ့ ကိစ္စမှာ အတော့်ကို တုံးတာကိုးကွ ဒီတော့ ငါတို့သူငယ်ချင်းကို သူတစ်ပါးပြောစရာ မဖြစ်အောင် မစပေးတဲ့သဘောပါ"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမောင်၏ စကားအဆုံးမှာ ဇေယျာက ဆရာကြီးအထာဖြင့်

"ပြီးတော့ မင်းက မိန်းမအကြောင်း ငါတို့လောက် နားလည်တာမဟုတ်ဘူးလေ။ ဒီတော့ ကောင်မလေးတွေ ပညာပြတာ မခံရအောင်နဲ့ တစ်ယောက်ပြီး တစ်ယောက် ရည်းစားထားရအောင်ဆိုပြီးတော့ အချွန်နဲ့ ဝိုင်းမ . . . အဲလေ စေတနာနဲ့ ဝိုင်းကူညီကြတာပါ"

"တော်ပါကွာ . . . မင်းတို့ကောင်းမှု အကြောင်းပြုပြီးတော့ ရည်းစားလေး သုံးယောက်ထားဖူးပါတယ် . . . . တစ်ယောက်မှကို ကောင်းကောင်းမတွဲဖူးဘူး . . . အဲဒီရည်းစားတွေကို နောင်များ လမ်းမှာတွေ့ရင် မှတ်တောင် မှတ်မိပါ့မလားမသိဘူး"

ခေါင်းကုတ်ရင်း ဆိုသော သူ့စကားကို သကောင့်သား နှစ်ကောင်က တခွီးခွီးဖြင့် ရယ်ကြပြန်သည်။

"အဲဒါ ကောင်းတာပေါ့ကွ . . . တခြားလူများကြားရင် ကိုယ့်ရည်းစားကိုယ်တောင် တွေ့တာပြန်မမှတ်မိဘူးတဲ့ . . . ဒီကောင် ရည်းစားတွေ ဘယ်လောက်တောင်များလဲ မသိဘူးဆိုပြီးတော့ ကြိတ်အားကျရင် အားကျနေမှာ . . . လူရှိန်တာပေါ့ကွာ ဘာဖြစ်လဲ"

ပြောရင်း ဇေယျာက ရယ်သည်။ ထွန်းမောင်ကပါ 'အေးလေ . . . ဂုဏ်ယူလိုက်စမ်းပါ စစ်ငြိမ်းလူရာ' ဟုဆိုရင်း လိုက်ရယ်သည်။

"တော်တော့ . . . မင်းတို့နှစ်ကောင် အဲဒီအကြောင်းပြောပြီး ရယ်ရင် ငါ့စိတ်ထဲမှာ ငါ့ကို လှောင်တယ်လို့ချည်းထင်တယ် . . ပြီးတော့ မင်းတို့ ရယ်တဲ့ပုံစံကလည်း ဘယ်လိုမှ ကြည့်ရတာ အဆင်မပြေဘူး . . . မင်းတို့ရယ်တာမြင်ရင် ပါးပိတ်တီးချင်စိတ် ပေါ်ပေါ်လာတယ်"

ခေါကန်ကန်ဖြင့် သူဆိုဖြစ်သော်လည်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ကူညီခဲ့တာပါကွာ ... မှားခဲ့တယ်ဆိုရင်တောင် အဲဒီ့အမှားက စေတနာအမှားတွေပါကွာ ... သယ်ဂျင်းရ"

ဟု ဇေယျာက ပြောင်ချော်ချော်ဖြင့် ဆိုသည်။

"ဒီတစ်ခါကျရင်တော့ ကိုယ့်အားကိုယ်ကိုးပြီး ရည်းစားထားကြည့်ပေါ့ကွာ ... မင်းရဲ့ဆရာတွေ ပို့ချပေးထားတဲ့ သင်ခန်းစာတွေကလည်း ကုန်သလောက်ရှိနေပြီဆိုတော့ ... မင်း လုပ်နိုင်မှာပါ ... ရည်းစားထားဖို့ ကိစ္စနဲ့ ပတ်သက်ပြီး မရှင်းတာ မလင်းတာရှိရင်လည်း မင်းရှေ့မှာရှိနေတဲ့ ငါတို့လို ဂုရုကြီးတွေဆီမှာ ဆည်းကပ်မေးမြန်းလို့ ရပါတယ်ကွာ ... ဟုတ်တယ်မဟုတ်လား ဇေယျာ"

ထွန်းမောင်ကလည်း ရယ်ကြဲကြဲဖြင့် ဆိုသည်။

"အောင်မာ ... မင်းတို့ ဗွတ်ကြီးစီစဉ်ပေးကြလို့ မင်းတို့မျက်နှာပျက်ရမှာစိုးလို့ အဲဒီမိန်းကလေးတွေကို သိက္ခာအကျခံပြီး ငါက တွဲပေးခဲ့တာပါကွာ ... ငါက 'ဇ' မရှိတဲ့ကောင်မဟုတ်ဘူး .. ရည်းစားကို မထားချင်လို့ မထားတာ ရှင်းလား"

"မရကြတော့လည်း အဲဒီလိုပဲ ရသေ့စိတ်ဖြေ ကြိမ်းဝါးကြတာပါပဲကွာ ... လူရှိန်တာပေါ့"

ထွန်းမောင်က ခပ်ရိရိဆိုရင်း ရယ်သည်။

"အကြောင်း မသိတဲ့လူတွေကြားရင်တော့ အဟုတ်ကြီးထင်နေတော့မှာပဲ .. အေးပေါ့ကွာ ... စာရေးဆရာဆိုတော့လည်း ယုံကြမှာပေါ့ ... ငါတို့ကတော့ အတွင်းသိ အစင်းသိကြီးတွေဆိုတော့ ငါတို့မှ စီစဉ်မပေးရင် ရည်းစားဆိုတာ ဂျုံနဲ့လားလို့ အခုထိမေးနေရာဦးမှာ"

ဇေယျာ၏စကားကြောင့် သူရယ်ဖြစ်သည်။ ပြီး 'ခွေးကောင်တွေ' ဟု ဆဲရေးဖြစ်သည်။

"အားတော့ မငယ်ပါနဲ့ကွာ ... မင်းရဲ့ သူငယ်ချင်း မြင့်ဗိုင်



www.burmeseclassic.com

www.burmeseclassic.com



မှူးအိမ်တစ်ကောင်လည်း လောလောဆယ်ဆယ် သူ့ရည်းစားနဲ့ပြတ်ပြီး ရည်းစားလက်မဲ့ ဖြစ်နေရှာတယ်လို့ ကြားတယ် . . . မင်းတို့ ရည်းစားမရှိသူအချင်းချင်း . . . ဂေါ်မစွံအချင်းချင်း စာရေးဆရာ အချင်းချင်း အဖော်ရတာပေါ့"

ပြောပြီး ထွန်းမောင်က ရယ်သည်။ သူပါ ရောရယ်ဖြစ်သည်။

(အမှန်တော့ စာရေးဆရာက ကြော်ငြာ အဆစ်ဝင်ထည့်ခြင်းဖြစ်သည်။ မသိချင်ယောင်ဆောင်ကြပါကုန်။)

www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ် အခုတလော အိမ်ပြန်ရောက်တိုင်း သူ သတိရမိသည်က အိပ်ခန်းပြတင်းတံခါး မပိတ်ခဲ့ခြင်း၊ ပိတ်ခဲ့ခြင်းကို ဖြစ်သည်။

ခြံဝင်းတံခါးမှ ဝင်လာသည်နှင့် သူကြည့်ဖြစ်သည်က သူ့ အိပ်ခန်း၏ ပြတင်းပေါက်ဖြစ်သည်။

သူ စိတ်ထင့်နေသည့်အတိုင်းပင် ဖျတ်' ခနဲ ခုန်ချသွားသော ကြောင်မသားကို မြင်လိုက်ရသည့်ခဏ၊ သူ့တစ်ကိုယ်လုံး တောင့် တင်းသွားရသည်။

ကမန်းကတမ်းပင် အိမ်သော့ကို ဖွင့်ပြီး သူ၏ အိပ်ခန်းဆီ အပြေးတစ်ပိုင်း တက်ပြေးဖြစ်သည်။

ပြီး

ထုံးစံအတိုင်း အိပ်ရာထက်မှ စောင်ကို ရင်တထိတ်ထိတ် နှင့် အသာမ,ကာကြည့်ဖြစ်သလို နှာခေါင်းမှလည်း ပွစိပွစိဖြင့် အနံ့ခံ ဖြစ်သည်။

"ဟာ . . . သွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူ ရင်ထိတ်နေသည့်အတိုင်းပင် ကိုရွှေကြောင်က သူ့အိပ်ရာထက်မှ စောင်ပေါ်၌ အီအီးပါချသွားပြီဖြစ်သည်။

ရွံရှာသည်က တစ်ကြောင်း၊ စောင်တို့ကို လျှော်ရမည့် ဒုက္ခကိုစိတ်ပျက်မိသည်က တစ်ကြောင်းတို့ဖြင့် သူ ဒေါသအထွက်ကြီး ထွက်သွားမိသည်။

"တောက်"

တက်ကို ခပ်ပြင်းပြင်းခေါက်ပြီး တစ်ဘက်ခြံအစပ်ဆီ သူ လှမ်းကြည့်ဖြစ်သည်။ ကြောင်စုတ်ကို ပိုက်ပြီး ခွေးနှစ်ကောင်နှင့် ဆော့နေသော မိစွာတေးကို သူတွေ့လိုက်ရသည်။

"တွေ့ကြသေးတာပေါ့"

အံကြိတ်ကာ ကြုံးဝါးရင်း သူဒေါသတကြီးဖြင့် ကြောင်မသားအီအီးပါသွားသော စောင်ကို ဂရုတစိုက်ယူပြီး အိမ်အောက် ခပ်သွက်သွက် ဆင်းခဲ့ဖြစ်သည်။

ခပ်သွက်သွက်ဟု ဆိုသော်လည်း တကယ်တမ်းကျ သိပ်အသွက်ကြီးမဟုတ်။ စိတ်သွားတိုင်း ကိုယ်မပါ။ စောင်ကို လုံးထွေးပြီး ယူလာသောကြောင့် လမ်းမှာ အီအီးတွေ ပြုတ်ကျကုန်မည်စိုး၍ ဖြစ်သည်။

အိမ်အောက်ရောက်လျှင်ရောက်ချင်း စွာတေးမလေးရှိရာဘက် သူလျှောက်ခဲ့ဖြစ်သည်။ သူ ဒေါသတကြီးဖြင့် လာနေသည်ကို မိစွာတေးကတော့ မသိရှာ။

"ဒီမှာ . . ."

သူခေါ်သံကြောင့် သူမက ဆတ်ခနဲ လှည့်ကြည့်သည်။ သူ လက်ထဲမှာ ကိုင်ထားသော စောင်ကို အားယူကာ သူမဆီ ပစ်ထည့် လိုက်သည်။

သူလိုချင်သည့်အတိုင်းပင် စောင်က သူမ၏ ခေါင်းပေါ်ကျ

www.burmeseclassic.com



ကာသွားသည်။ ပို၍ ကျေနပ်စရာကောင်းသည်က ထိုစောင်မှာ ပေနေသော ကြောင်၏ အီအီးများက သူမအင်္ကျီကို တစ်စွန်းတစ်စ ပေကာသွားသည်။

"ဟင် နံလိုက်တာ . . . ဘာတွေလဲ"

သူမက လက်ထဲမှ ကြောင်ကို ကမန်းကတမ်းပစ်ချရင်းက ရေရွတ်သည်။

"ဘာတွေလဲ သိချင်ရင် အဲဒီမှာ ငါ့စောင်ကို ဖြန့်ကြည့်လိုက်. . . လွန်လွန်းတယ် မင်းရဲ့ကြောင်က ငါ့အိပ်ရာမှာ တစ်ခါမကတော့ဘူး . . . ကိုယ့်ကြောင်ကိုယ်လဲ ထိန်းဦး"

"အဲဒါနဲ့ပဲ ဒီစောင်ကို ကျွန်မဆီ ပစ်စရာလား"

သူမက ပေသွားသော အပေါ်မှ လက်ရှည်အင်္ကျီကို ချွတ်ကာ မြက်ခင်းပေါ်ပစ်ချရင်းက ဆောင့်ကြီးအောင့်ကြီးဖြင့်ဆိုသည်။

"မင်း ငါ့ကို ကိုယ်ချင်းစာတတ်အောင်လို့ရယ် . . . မင်းကြောင် ငါ့အိပ်ရာမှာ လုပ်သွားတာကို သက်သေပြဖို့ရယ် . . . ပစ်ပေးလိုက်တာ . . . ကဲ ဘယ်လိုလဲ ငါ့ဒုက္ခကို ကိုယ်ချင်းစာတတ်ပြီလား"

ခပ်ရိရိ သူ့အမေးကြောင့် သူမက သူ့ကို စူးရဲစွာကြည့်သည်။

"ရှင်က ယောကျ်ားကြီးတန်မဲ့နဲ့ တော်တော် သည်းမခံနိုင်တာပဲ"

"ဘာကွ . . . ယောကျ်ားဆိုတာနဲ့ပဲ ဘာဖြစ်ဖြစ် သည်းခံရရောလား . . . သည်းခံတယ်ဆိုတာ သူ့အတိုင်းအတာနဲ့ သူ ရှိတယ်ကွ . . . အရင်တစ်ပတ်က မင်းကြောင် ဒုက္ခပေးခဲ့တာ . . အဲဒီစောင်တို့ လျှော်လိုက်လို့ ငါ့အဝတ်လျှော်စက်လည်း ပျက်သွားပြီ . . . ဒီတစ်ခါတော့ ကြောင်ပိုင်ရှင်ဖြစ်တဲ့ မင်းက အဲဒီစောင်လျှော်ဖို့ တာဝန်ယူပေတော့ . . . မင်းဟာမင်း ဒိုဘီပဲပို့ပို့ . . . ကိုယ်တိုင်ပဲလျှော်လျှော်



www.burmeseclassic.com

www.burmeseclassic.com



သူများကိုပဲ ခိုင်းခိုင်း ငါ့စောင် သန့်ရှင်းသွားရင် ပြီးတာပဲ”

ပြောပြီး လှည့်ထွက်ခဲ့သော သူ့ကို သူမက နောက်မှလိုက်၍အော်သည်။

“ဒီမှာ ရှင့်စောင် ဘယ်လောက်တန်လဲ ပြော . . . အခုလျော်ပေးမယ်”

သူမ၏စကားကြောင့် သူ ချာခနဲ လှည့်ကြည့်ဖြစ်သည်။

“မင်း ဘာစကားပြောတာလဲ”

“ရှင့်စောင် ဘယ်လောက်တန်လဲလို့ မေးနေတာ . . . ဒါမှမဟုတ်ရင် နာရီဝက်ပဲစောင့် . . . ကျွန်မ ဒီအမျိုးအစားအတိုင်း တစ်ပုံစံတည်း ကျွန်မအစားပြန်ဝယ်ပေးမယ်”

သူမက ပိုက်ဆံရှိ လူတန်းစားတို့၏ ထုံးစံအတိုင်း ငွေစကားကို ဆိုသည်။ ငွေစကားပြောသည်လောက် သူ မုန်းတာမရှိ။

“အစားမလိုချင်ဘူး . . . ငါသာ အစားထိုးချင်ရင် အိမ်မှာ အဲဒီစောင်မျိုး တစ်ပုံကြီး . . . အဲဒီစောင်က အစားထိုးလို့လည်း မရဘူး . . . တန်ဖိုးဖြတ်လို့လည်း မရဘူး . . . အဲဒီစောင်ကိုပဲ ငါလိုချင်တယ် . . . ဒါပဲ”

သူ့စကားကြောင့် သူမက သူ့ကိုစိတ်ရှုပ်သလိုကြည့်သည်။ ပြီး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ဟန်ဖြင့် ခေါင်းကို ဆတ်ခနဲညိတ်သည်။

“ရတယ်လေ . . . ဒီစောင်မှ ဒီစောင်ဆိုရင်လည်း ဖြစ်ပါတယ် . . . အလုပ်သမားတွေ အားတဲ့အချိန်ကျရင် လျှော်ပေးဖို့ ပြောထားလိုက်မယ်”

“ဩော် . . . မင်းပြောတဲ့ပုံက မင်းရဲ့ အလုပ်သမားတွေ တစ်နှစ်လုံး မအားရင် မလျှော်နိုင်ဘူးလို့ ဆိုလိုတာလား . . . နောက်ယ် ပြဿနာမရှိဘူး . . . မင်းရဲ့ လုပ်ရပ်က မင်းရဲ့တာဝန်မဲ့တတ်မှုကို



www.burmeseclassic.com

www.burmeseclassic.com



ဖြုမှာပဲ"

လက်ညှိုးထိုးကာ ပြောပစ်ရင်းက သူလှည့်ထွက်ခဲ့သည်။ 'တော်တော်လည်း ဆိုးတဲ့ကောင်မလေး' ဟု သူတွေးဖြစ်သည်။

နောက်သို့ လျှပ်တစ်ပြက်လှည့်ကြည့်တော့ ခါးထောက်ကာ ရပ်နေဆဲဖြစ်သော သူမကို မြင်နေရသည်။ ပုံစံက ဖြစ်နိုင်ရင် လူကိုပဲ အမှုန့်ချေတော့မည့် ဒီဇိုင်းမျိုး။

သူ အာရုံနောက်စွာပင် တက်' ကိုခေါက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘက်က တွေးတော့လည်း မှန်တာပဲ ဒေါ်နှင်းရတီရဲ့ ...eiMURain ကလည်း တစ်ခါက နှစ်ခါဆိုတော့ တရားလွန်ပါတယ်ဟာ"

"ဟ ... ငါက ငါ့ကြောင်မှန်ပါတယ်လို့မှ မပြောတာ .. ဖြစ်သွားရင်လည်း ပြေပြေလည်လည်ပြောပါလား ... သူက ပြေပြေလည်လည်ဆိုရင် ငါကလည်း ပွဲကြမ်းစရာ ဘာအကြောင်းမှ မရှိဘူး"

နီနီ၏ စကားကို သူမက ပက်ခနဲ တုံ့ပြန်ဖြစ်သည်။

"သူ့နေရာမှာ နင်ဆိုရင်ကော ဒေါသမထွက်ဘဲနေမှာလား ... နင့်ရဲ့ အိပ်ရာမှာ နင့်ရဲ့ကြောင်ကပဲ အဲဒီလို လုပ်သွားရင် နင်လည်းပဲ ဒေါသထွက်မှာပဲ ... အခုဟာက သူက ဘလိုင်းကြီး ကိုယ့်ကြောင် မဟုတ် ဘာမဟုတ်ဆိုတော့ ပိုဆိုးတာပေါ့ဟာ"

မူယာက တွေးတွေးဆဆဖြင့်ဆိုသည်။ ဘာရယ်မဟုတ် သူမ 'နီနီ' နှင့် 'မူယာ' ကို မျက်မှန်ကုတ်ကာ ကြည့်ဖြစ်သည်။

"နေပါဦး ... နင်တို့နှစ်ယောက်က ကိုယ့်သူငယ်ချင်းဘက်



www.burmeseclassic.com

www.burmeseclassic.com



က ကိုယ်မရပ်တည်ဘဲနဲ့ ဘာကိစ္စ မြင်တောင်မမြင်ဘူးသေးတဲ့ လူ ဘက်က ပြောနေကြတာတုံး"

သူမ၏ အမေးကြောင့် နီနီနှင့် မူယာက တစ်ယောက် မျက်နှာကို တစ်ယောက်ကြည့်သည်။

"နင့်ဘက်က အလွန်ဖြစ်နေမှာစိုးလို့ ပြောတာပါဟာ . . . ဒါနဲ့ စကားမစပ် နင်ပြောသလိုသာဆို အဲဒီလူရဲ့ စောင်ကို နင် အခုထိ လျှော်မပေးရသေးဘူးပေါ့"

"အေး . . . တမင်ကို လျှော်မပေးဘူး . . သူ့ကို ကြည့်မရလို့"

သူမက မူယာ့အမေးကို ခပ်သွက်သွက်ပင် ဖြေဖြစ်သည်။

"အဲဒါဆိုရင်တော့ နင် မှားနေပြီဟ . . . နင်က နင့်ကြောင့် အတွက် မတောင်းပန်တာနဲ့တင် တော်တော်လွန်နေပြီ . . . အခုက လုပ်ပေးသင့်တာလေးတောင် လုပ်မပေးဘူးဆိုတော့ ပိုပြီး နင့်အလွန် ဖြစ်သွားတာပေါ့"

နီနီက ခေါင်းတခါခါဖြင့် ဆိုသည်။

"မပြောတတ်တော့ပါဘူး ဟာ"

သူမက ခေါင်းကိုကုတ်ရင်း စိတ်ရှုပ်စွာပင် ဆိုဖြစ်သည်။

"ပြီးတော့ အဲဒီလူက နင့်ကို မင်းသမီး နှင်းရတီလို့ မသိသေး တာ နင်ကံကောင်းတယ်မှတ်"

"ဘာဆိုင်လို့လဲဟ"

နီနီ၏ စကားကို သူမတုံ့ပြန်ဖြစ်သည်။

"ဟ. . . မင်းသမီးတစ်ယောက်လုပ်နေပြီး ကိုယ့်အမှားကိုယ် ဝန်မခံဘဲ ကလေးကလားတွေ လျှောက်ပြော လျှောက်လုပ်နေတာ လျောင်မယ်ဆို လျောင်စရာကြီး . . . ဟားစရာကြီးဖြစ်နေတယ်ဟ . . . ဒီလိုပြောလို့ ငါ့ကို စိတ်တော့ မရှိနဲ့ . . . နင့်အတွက် ငါစေ့ ပေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



နီနီက လေပြေဖြင့် ဆိုသည်။

"တကယ်ဆို အရင်တစ်ခေါက်ကိစ္စကတည်းက သူ့ရဲ့ စောင်တွေ ဘာတွေကို လျှော်ပေးရဦးမလား . . . ဘာညာဆိုပြီး နင့်ဘက်က သဘောထားကြီးလိုက်ရမှာ. . အဲဒါဆိုရင် ပြဿနာက ဒီလောက်ထိဖြစ်လာစရာ အကြောင်းကို မရှိဘူး"

မူယာကပါ ဆိုသည်။

"ငါလည်း အဲဒီလောက်ထိ မသိတတ်တဲ့လူ မဟုတ်ပါဘူးဟာ . . . ငါ့အကြောင်း နင်တို့ သိပါတယ်. . . ငါ ဒီလူနဲ့ကျမှ ဘယ်လိုဖြစ်သွားမှန်းကို မသိဘူး . . . သူပြောသမျှကို Against လုပ်ချင်နေတယ် . . . သူ့ကို အရှုံ့တိုက်လိုက်ရတာကိုက အရသာကြီးတစ်ခုဖြစ်နေတယ်. . . နင်တို့ မကြုံဖူးသေးလို့နော်. . . အဲဒီလူက အရမ်းမုန်းစရာကောင်းတာ . . . ဒေါ်သကလည်း ကြီးသလား မမေးနဲ့"

သူမ၏စကားကို နီနီက ခေါင်းရမ်းပြသည်။

"မှားနေပြီဟ . . . သူ ဘာပဲဖြစ်ဖြစ် နင်က ခွင့်လွှတ်ရမှာ . . . ခွင့်မလွှတ်နိုင်ရင်တောင် သည်းခံရမယ် . . . သည်းမခံနိုင်ရင်တောင် သည်းခံချင်ယောင်၊ သဘောထားကြီးချင်ယောင်လောက်တော့ ဟန်ဆောင်သင့်တယ် . . . ဘာဖြစ်လို့လဲဆိုတော့ နင့်ရဲ့ကြောင်က သူများအိမ်မှာ သွားပြီး မှားနေတာလေ"

နီနီ၏ စကားကို မူယာက ထောက်ခံသည့် သဘောဖြင့် ခေါင်းလိုက်ညိတ်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ နီနီပြောသည်က မမှား။

ပထမတစ်ကြိမ်ကတည်းက သူမ ဘာကြောင့်များ မတောင်းပန်မိခဲ့ပါလိမ့်ဟု သူမ တွေးဖြစ်သည်။

သေသေချာချာ ပြန်စဉ်းစားကြည့်တော့ ထိုနေ့က သူ့ကိုယ် သူမ စိတ်ကြီးဝင်သွားခဲ့သည်ကို ရှက်ရှက်ဖြင့် ဝန်ခံရမည်။ ထိုလူ



www.burmeseclassic.com

www.burmeseclassic.com



က သူမကို 'ဟေ့ ဒီမှာ' ဟု ခေါ်စဉ်က သူမအထင်မှာ သူမကို တက်သစ်စ မင်းသမီးဆိုတာ သိနေ၍ အီစီကလီလုပ်နေသည်ဟု ထင်နေခဲ့သည်။

ထို့ကြောင့်လည်း သူမ မကြားချင်ယောင် ဆောင်နေခဲ့ခြင်း ဖြစ်သည်။ သို့သော် သူမ,ထင်ထားသလို တစ်ဘက်မှ လာအီခြင်း မဟုတ်မှန်း သိရသောအခါ ရှက်ရှက်ဖြင့် သူမ၏ မာနအလျှောက် ရွဲ့လိုက်မိခြင်းသာဖြစ်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ ... ပြီးခဲ့တာတွေက ပြီးသွားပြီ ဆိုတော့ ထားလိုက်တော့ ... ဒီက ပြန်ရင်တော့ နင့်အိမ်က ကောင် မလေးတစ်ယောက်ကို လျှော်ခိုင်းပြီး သွားပေးခိုင်းလိုက် ... ဒီထက် ကြာသွားရင် မကောင်းတော့ဘူး"

"ဟုတ်တယ် ... ဘာပဲပြောပြော ဝတ်ကျေတန်းကျေပဲ ဖြစ်ဖြစ်တော့ နင်လုပ်ပေးသင့်တယ် ... ပြောစရာတစ်ခု ဖြစ်သွား မှာစိုးလို့ ပြောတာပါ"

မူယာ၏ စကားကို နီနီက ထောက်ခံစကားဆိုသည်။ အတယ်တမ်းကျတော့လည်း သူမ၏ သူငယ်ချင်းများက သူမအတွက် ပြောပေးနေမှန်း သူမနားလည်သည်။

သူမကတော့ စိတ်မှနေ ဟိုလူကိုပဲ ကျိတ်ကာ အပြစ်တင် နေမိသည်။ တော်တော်ဒေါသကြီးပြီး တော်တော့ကို အချိုးမပြေသည့် သူ။

ကောင်းတော့ မကောင်း။ ဒီကအပြန်မှ အိမ်က ကောင်မ လေးတစ်ယောက်ကို လျှော်ခိုင်းပြီး သွားပို့ခိုင်းလိုက်ဦးမည်' ဟု ထပ် တွေးဖြစ်သည်။ နောက်တစ်ခါဆိုလျှင်တော့ လွယ်တော့မည် မဟုတ်။ အိမ်မှ ကောင်မလေးတွေကို အိမ်တံခါးတွေ သေသေချာချာကြီး ပိတ် ထားနေဖို့ မှာထားမှကို ဖြစ်မည်။

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါများ ထိုလူနှင့် ဆက်လက် ငြင်းခုံရပါက တော်တော်ကြီး အသက်တိုသွားနိုင်သည်။ ဘာရယ်တော့မဟုတ် . . . သူမလို တက်သစ်စမင်းသမီးတစ်ယောက်ကို မင်းသမီးမှန်းမသိရလောက်အောင် တုံးလွန်း၊ ပတ်ဝန်းကျင်လေ့လာအားနည်းလွန်းသည်ကတော့ ထိုလူ၏ မှန်းစရာအကောင်းဆုံးအချက်ဖြစ်မည် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး"

အိမ်ရှေ့မှ မြက်ခင်းပေါ် လမ်းလျှောက်နေစဉ် တစ်ဖက်ခြံစည်းရိုးမှ လှမ်းခေါ်သံသဲ့သဲ့ကြောင့် သူလှည့်ကြည့်ဖြစ်သည်။

ခြံစည်းရိုးစပ်တွင် ရပ်ကာ ခေါ်နေသည်က ကောင်မလေးတစ်ယောက်။

"မနှင်းရတီက ပေးခိုင်းထားလို့ပါ"

"နှင်းရတီ"

ထိုကောင်မလေးက ခြံစည်းရိုးကို ကျော်ကာ စာအိတ်ကို လှမ်းပေးရင်းက ဆိုသည်။ စာအိတ်ကို လှမ်းမယူသေးဘဲ 'နှင်းရတီ' ဟု သူရေရွတ်ဖြစ်သည်။

ပြီး-

စာအိတ်ကို လှမ်းယူဖြစ်သည်။ စာအိတ်မှ အဝတ်လျှော် ဆပ်ပြာနံ့အပြင် ရေမွှေးရနံ့ပါ ရသည်။ 'နှင်းရတီ' ဆိုတာ မိစ္ဆာတေးပဲဖြစ်မည်ဟု သူတွေးသည်။ ထိုကလေးမ ဘာစိတ်ကူးပေါက်သည် မသိ။ အခုမှ စာအိတ်ကို လျှော်ဖွပ်ပြီးလာပေးခိုင်းနေသည်။ ဘယ်က ဘယ်လိုတွေးပြီး စိတ်ကောင်းတွေ ဝင်သွားသည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



"သွားလိုက်ဦးမယ်နော် အစ်ကိုလေး . . . မနှင်းရတီကို ဘာပြောပေးရဦးမလဲ ဟင်"

ကောင်မလေးက ပြုံးစိစိဖြင့် ဆိုသည်။

"အိမ်အပြင်ထွက်ရင် အိမ်မှာရှိရှိသမျှ ဝင်ပေါက်တွေ ပိတ်ပြီးတော့မှ ထွက်ရမယ်ဆိုတဲ့ သင်ခန်းစာကောင်းကောင်းကြီး ရလိုက်တဲ့အတွက် ကျေးဇူးပဲ . . . လို့"

"ဟုတ်ကဲ့ . . . သမီး သေချာပြောပြလိုက်ပါ့မယ်"

ပြောပြီး ကောင်မလေးက လှည့်ထွက်ကာ သွားသည်။ ဘာရယ်မဟုတ် သင်းပျံ့နေသောစောင်ကို သူ တစ်ချက်ငုံ့ကာ နမ်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှနေ သူမတစ်ချိန်လုံး ကြည့်နေသည်ကို ထိုလူက သိဟန်မတူ။ မသိအောင်လည်း သူမက ခိုးကြည့်နေခဲ့သည်ကိုး။ မိန္ဒေးနှင့် ပြုံးရယ်ကာ သူမဟုတ်သလို ထိုလူက စကားတွေ ဆိုကာနေသည်။ ထိုလူပြုံးရယ်နေသည်ကို မမြင်ဖူး၍လားတော့မသိ။ ထိုလူ၏ အပြုံးသည် ဆွဲဆောင်မှုတစ်ခုရှိနေသလို ခံစားရသည်။ သူမ ကြည့်နေဆဲမှာပင် ထိုလူက စောင်ကို ဖျတ်'ခနဲ ငုံ့နမ်းလိုက်သည်ကို သူမတွေ့လိုက်ရသည်။

ဘာရယ်မဟုတ် စိတ်ထဲမှာ ထိုလူ၏ နူးညံ့မှုကို တွေ့လိုက်ရသလိုလိုပင်။ ထိုစောင်ကို ထိုသို့ ရန့်များ မွေးကြိုင်နေအောင်လည်း သူမကိုယ်တိုင်က ရေမွှေးဆွတ်ပေးလိုက်သည်ကိုး။

"ဒေါက် ဒေါက်"

"မမလေး"

"အေး . . . ဝင်ခဲ့"

စောင်သွားပို့ရာမှ ပြန်လာသော မိန္ဒေး၏ အခန်းတံခါး ခေါက်သံကြောင့် သူမ ပြတင်းပေါက်မှ ခွာကာ အိပ်ရာပေါ်ကို တမန်းကတမ်းလှဲရင်းက 'ဝင်ခဲ့' ဟု ဆိုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန္တွေးဝင်လာချိန်မှာတော့ သူမက မင်းသမီးပီပီ အက်တင် အပြည့်ဖြင့် မဂ္ဂဇင်းတစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်နေပြီဖြစ်သည်။

"ဟို . . . ကိုဒေါ်သက ဘာတဲ့လဲ"

မိန္တွေးကို လှည့်ပင်မကြည့်ဘဲ မဂ္ဂဇင်းကို စိတ်ဝင်စားစွာ ဖတ်နေသယောင် စာမျက်နှာတို့ကို လှန်ရင်းက သူမ မေးဖြစ်သည်။

"အိမ်အပြင်ထွက်ရင်တဲ့ . . . . အိမ်မှာရှိရှိသမျှ ဝင်ပေါက်တွေ အကုန်ပိတ်ပြီးမှ ထွက်ရမယ်ဆိုတဲ့ သင်ခန်းစာ ရလိုက်လို့ Thank you ပါလို့ ပြောခိုင်းလိုက်တယ်"

"အောင်မာ! . . . လူပါးဝလို့"

မဂ္ဂဇင်းကို ပစ်ချရင်းက သူမ ဒေါသတကြီးရေရွတ်ဖြစ် သည်။

"သူပြောတဲ့ပုံစံက ပတ်ဝန်းကျင်မှာ သူခိုးသူဝှက်တွေ ရှိနေလို့ မလုံခြုံလို့ပဲ သူ့အိမ်ဝင်ပေါက်တွေ ပိတ်ရသယောင်ယောင်။ ငါတို့ ပြောင်းလာမှပဲ ပတ်ဝန်းကျင်က မသန့်တော့ သယောင်ယောင်ပါ လား . . . အလကားလူ . . . ရပြီ ရပြီ ညည်းလည်းသွားတော့"

"အဲဒီစာရေးဆရာက အရမ်းချောတာပဲနော် . . . မမလေး . . . မင်းသားကျနေတာပဲ . . . အနီးကပ်ကြည့်လိုက်တော့မှ ဟို စာရေးဆရာပြည့်ပိုင်မျှအိမ်လောက်နီးနီးကို ချောတာ သိလား"

မသွားသေးဘဲ ဆိုသော မိန္တွေး၏ စကားကြောင့် သူမ အံ့အားသင့်သွားရသည်။

"ဘာ . . . ဒင်းက စာရေးဆရာ ဟုတ်လား"

"အယ် . . . မမလေး သိပြီးသားလို့ ထင်နေတာ . . . မသိ သေးဘူးလား"

အရေးထဲမှာ မရွှေချောက စစ်တမ်းကောက်နေပြန်သည်။

"ငါက နင်တို့လို အားအားယားယား သူများအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်စပ်စုနေတာမှ မဟုတ်တာ . . . ဘယ်သိပါ့မလဲ . . အခုထက်ထိ သူ့နာမည် မောင်ဖြူလား မောင်မဲလားတောင် မသိဘူး"

"ဘာလဲ . . . မမလေးက သိချင်လို့လား"

"ဟဲ့ . . . မသိဘူးလို့ ပြောတာ . . . သိချင်တယ်လို့ မပြောဘူး . . . သိလည်းမသိချင်ဘူး ရှုပ်ရှုပ်ယှက်ယှက်နဲ့ . . . သွား သွား သွားတော့"

အရေးထဲ ပြောင်ချော်ချော်လုပ်နေသော မိနွေးကို ဟန်တိုယ့်ဖို့ဆိုသလို ဟန့်ဖြစ်သည်။ မိနွေးက ဇက်ကို ပုရင်း

"မမလေး မသိချင်ပေမယ့် သမီးက ပြောချင်လွန်းလို့ ပြောခဲ့ဦးမယ် . . . အဲဒီလူရဲ့ နာမည်က 'စစ်ငြိမ်းလူ' တဲ့"

ပြောပြောဆိုဆိုဖြင့် တံခါးပိတ်သွားသော မိနွေး အခန်းထဲမှ ထွက်သွားအပြီးမှာ သူမထိုလူ၏ နာမည်ကို ရေရွတ်မိသည်။

'စစ်ငြိမ်းလူ' တဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



အခန်းအပြင်ဘက် အရောက်မှာ မိန္ဒွေးက အသံမထွက်အောင် ပါးစပ်ကို လက်ဝါးဖြင့် အုပ်ပြီး 'ခွီး'ခနဲ ရယ်သည်။

"အမလေး ငါတို့မမလေးက မင်းသမီးပီပီ ငါဝင်သွားတော့မှ မဂ္ဂဇင်းဖတ်ချင်ယောင်တောင် ဆောင်လိုက်သေးတယ် . . ငါကလဲ ခေသူမှ မဟုတ်ဘဲ . . . သူဖတ်နေတဲ့ မဂ္ဂဇင်းက ပြောင်းပြန်ဇောက်ထိုးကြီး ဖြစ်နေတာ မမြင်ဘဲ နေပါ့မလား . . . အဲဒီတုန်းက ရယ်ချင်နေလိုက်တာမှ ရယ်ချင်ရက် ဖတ်ဖတ်မော . . . ရင်ဘတ်နောက်ကကျော . . ဒါပေမယ့် မရယ်ဖြစ်အောင်ကလည်း ထိန်းရ . . . မဂ္ဂဇင်းဇောက်ထိုးဖြစ်နေတာကိုလည်း မသိချင်ယောင်ဆောင်ရနဲ့ သရုပ်ဆောင်ရတာ ပင်ပန်းလိုက်တာ . . . ဒီလို ကာရိုက်တာမျိုး ကြုံလာရင် မမလေးတောင် ငါ့လို သရုပ်ဆောင်ပီပြင်ပါ့မလား မသိဘူး . . ဘာပဲပြောပြောလေ ငါ့အက်တင်တွေ တစ်နေ့တစ်ခြား တက်လာတာတော့ အမှန်ပဲ အဟီ ဟီ"

www.burmeseclassic.com

www.burmeseclassic.com



What is acting but lying and what is good acting but convincing lying?

သရုပ်ဆောင်တယ်ဆိုတာ ဘာလဲ…လိမ်တာပဲပေါ့။
သရုပ်ဆောင်ကောင်းတယ် ဆိုတာကရော…
သဘောပေါက်လာအောင် လိမ်တာပဲ မဟုတ်လား။

Laurence Olivies
(English actor and Director)

www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . နှင်းရတီ ဟုတ်လား . . . ဒါဆို ဟိုမင်းသမီးများ ဖြစ်နေမလား မသိဘူး"

ဇေယျာက မျက်လုံးပြူးကြီးဖြင့် ရေရွတ်သည်။

"ဘာ မင်းသမီးလဲ"

"အာ . . . မင်းသမီးပေါက်စကွာ . . . အခုတလော တော်တော်လေး ပေါ်ပြူလာဖြစ်နေတယ် . . . မင်းကတော့ ဘယ်သိမလဲ စာအုပ်ဖတ်ဖို့နဲ့ သီချင်းနားထောင်ဖို့လောက်ပဲ စိတ်ဝင်စားတဲ့ ကောင်ဆိုတော့"

ထွန်းမောင်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဆိုသည်။

"တစ်ခုတော့ ရှိတယ် . . . နာမည်တူနေတာလည်း ဖြစ်နိုင်တယ်"

ဇေယျာက မေးစေ့ကို ပွတ်ရင်းဆိုသည်။ ထိုစဉ်မှာပင် သူတို့ထိုင်နေသော cafe' ထဲသို့ ဝင်လာသော ပုံရိပ်ဖြူတစ်ခုကို ဘာရယ်မဟုတ် ဖျတ်ခနဲ သူကြည့်ဖြစ်သည်။

သူငယ်ချင်း ကောင်မလေးနှစ်ယောက်နှင့်အတူ ရပ်ကြောက



www.burmeseclassic.com

www.burmeseclassic.com



မောကာဖြင့် ဝင်လာနေသော နှင်းရတီ။

"ဟကောင်တွေ ငါပြောတဲ့ နှင်းရတီဆိုတာ ဟိုမှာ ဝင်လာနေတဲ့ အဖြူဝတ်စုံနဲ့ ကောင်မလေးကို ပြောတာ"

သူ မသိမသာ မေးဆတ်ပြရာဆီကို ထွန်းမောင်တို့နှစ်ကောင်က လှမ်း၍ကြည့်သည်။

ပြီး ချက်ချင်းပင် မျက်လုံးပြူးဖြင့် သူ့ကို လှည့်ကြည့်သည်။

"ဟကောင် အဲဒါ မင်းသမီး နှင်းရတီပဲကွ . . . မင်းတော့ ပွတာပဲ"

ဇေယျာက ပြုံးဖြီးဖြီးဖြင့် ဆိုသည်။

"ငါက ဘာကိစ္စ ပွရမှာတုန်း" ဟု သူပြန်မေးဖြစ်သည်။

"ဟ အီလို့ရတာပေါ့ကွ . . . ဘာရယ်မဟုတ်ဘူး . . . ကိုယ့်အိမ်ဘေးမှာ မင်းသမီးနေတော့ ကြောင်လို့ရတာပေါ့ကွ"

"သွားစမ်းပါကွာ . . . ကြောင်ဖို့မပြောနဲ့ တစ်ယောက်နဲ့တစ်ယောက်ကမတွေ့လိုက်နဲ့ တွေ့တာနဲ့ ချက်ချင်းရန်ဖြစ်ကြတာ . . ပြီးတော့ သူ့လိုစွာကျယ်မကိုလည်း ဘာကြီးဖြစ်နေဖြစ်နေ Sorryပဲ"

သူနှင့် ဇေယျာ အခြေအတင်ပြောနေစဉ်မှာပင် ထွန်းမောင်က ဝုန်း'ခနဲ ထကာ နှင်းရတီတို့ဘက်ကို လှည့်လျက် ထရပ်သည်။ စားပွဲတိုင်းလိုလိုက ပြည့်နေသည်မို့ သူမတို့သုံးယောက်က အိုးတိုးအမ်းတမ်းဖြင့် ဘယ်မှာထိုင်လို့ ထိုင်ရမှန်းမသိဖြစ်ကာနေသည်။

ထွန်းမောင်က ရပ်နေရာမှ သူမတို့သုံးယောက်ဘက်ကို လက်လှမ်းပြကာ လာခဲ့ဖို့ခေါ်သည်။

"ဟကောင် ဘာတွေလျှောက်လုပ်နေတာလဲ"

သူ၏ အမေးကို ထွန်းမောင်က မဖြေ။ လက်ကိုသာ ပြရင်းရပ်နေသည်။ တစ်ဘက်မှ ကောင်မလေး တစ်ယောက်ကလည်း ထွန်းမောင်လက်ပြနေသည်ကို မြင်ပြီး ပြန်လက်ပြကာ သူတို့ဝိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာနေသည်။

ထွန်းမောင်က နေရာမှာ ပြန်ထိုင်ချလိုက်ရင်း

"ငါလက်ပြလိုက်တဲ့ ကောင်မလေးက ငါ့ညီမရဲ့ သူငယ်ချင်းတွ . . . 'မှုယာတဲ့' ဟကောင် ဇေယျာ ကြိုက်လား"

လှမ်းကြည့်ကာနေသော ဇေယျာကို ထွန်းမောင်က မျက်စပစ်လျက် ဆိုသည်။ ဇေယျာက . . . .

"ကြိုက်ပြီးသားပဲ"

ဟု ရွတ်နောက်နောက်ဆိုသည်။

သူမတို့သုံးယောက်သား ရယ်ရင်း မောရင်းလျှောက်လာရာက သူမက သူ့ကို ဆတ်ခနဲ အခုမှမြင်သည်။ မြင်မြင်ချင်းပင် သူမ၏ ခြေလှမ်းတို့က တုံ့ခနဲ ရပ်ကာသွားသည်။

ပြီးတော့မှ ခပ်တည်တည်ပင် ဆက်လျှောက်လာသည်။ သူမတို့ သုံးယောက် အဆင်ပြေသလို ထိုင်နေစဉ်မှာပင် ထွန်းမောင်က

"မှုယာက မတွေ့တာကြာလို့လားမသိဘူး . . . ချောလာတယ်ဟ"

ပြောပြောဆိုဆိုပင် ထွန်းမောင်က နှင်းရတီနှင့် ကျန်တစ်ယောက်ကိုပါ ပြုံးပြသည်။ နှင်းရတီတို့ကလည်း ပြန်၍ ပြုံးပြကြသည်။

"ပြောကြတယ် တွေ့တဲ့လူတိုင်းက . . . ပိုချောလာတယ် ဆိုပြီးတော့"

မှုယာကလည်း ရွတ်နောက်နောက်ဆိုရင်း ရယ်သည်။ ပြီး

"မိတ်ဆက်ပေးရဦးမယ် . . . ဒါက ကိုထွန်းမောင်တဲ့ မှုယာ့ သူငယ်ချင်း ငုဝါရဲ့အစ်ကို . . . သူ့ညီမ ငုဝါက အခု ဖော်စီမှာ ကျောင်းသွားတက်နေတယ်"

ထွန်းမောင်က ထပ်မံ၍ ပြုံးပြသည်။

"ကိုထွန်းမောင် သူက နီနီတဲ့ . . . သူကတော့ သိပြီးသား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ် ထင်တယ် ...နှင်းရတီတဲ့"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ...နှင်းရတီက အပြင်မှာ ပိုတောင်ချောနေတယ်"

"သိပ်မမြှောက်နဲ့နော်...ကျွန်မက အမြှောက်ကြိုက်တယ်"

နှင်းရတီက ထွန်းမောင်ကို အရယ်တစ်ဝက်ဖြင့် ဆိုရင်း သူ့ဆီ မသိမသာကြည့်သည်။

"ကျွန်တော်ကလည်း ပြန်မိတ်ဆက်ပေးရဦးမယ် ...ဒါ ကျွန်တော့် သူငယ်ချင်း ဇေယျတဲ့ ...ဟိုဘက်က 'စစ်ငြိမ်းလူ' တဲ့ စာရေးဆရာ"

"ဟယ် ...ဆရာ စစ်ငြိမ်းလူလား ...မူယာက ဆရာ့ စာအုပ်တွေ အရမ်းကြိုက်တယ် ..မနေ့ကတောင် ဆရာ နောက်ဆုံး ထွက်တဲ့စာအုပ် နီနီ့ဆီက ငှားလာသေးတယ် ...ဘယ်မှာမှ ရှာ ဝယ်တာ မရတော့လို့"

"ဆရာ့ကို ဒီလောက်ငယ်ငယ်လေးလို့ မထင်ထားဘူး"

မူယာ၏ စကားအဆုံးမှာ နီနီက ဝမ်းသာအားရဖြင့်ဆို သည်။

ပြီး နီနီက ...နှင်းရတီဘက်လှည့်ကာ

"ငါတို့ ပြောပြောနေတဲ့ အရေးအသားတွေ မိုက်တယ်ဆိုတဲ့ စာရေးဆရာလေ"

ဟု လှည့်၍ဆိုသည်။

"မကြားဖူးဘူး"

တုံးတိတိပင် ဆိုလိုက်သော သူမ၏ အဆိုကြောင့် နီနီတို့ နှစ်ယောက်ရော ထွန်းမောင်တို့ နှစ်ကောင်ပါ မျက်စိမျက်နှာ ပျက် သွားကြသည်။

သူကတော့ ကြိုတွက်ထားပြီးသားမို့ အပြုံးမပျက်။

ဇော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"နာမည်မကြားဖူးပေမယ့် လူချင်းတော့ သိကြတယ်နော်"

သူ့စကားကြောင့် ထွန်းမောင်တို့ နှစ်ကောင်က အဖြစ်အပျက်တွေ သိပြီးသားမို့ ဘာမှ မဖြစ်သလိုနားထောင်နေသော်လည်း မူယာတို့နှစ်ယောက်ကမူ အံ့အားတသင့်ကြီးတွေ ဖြစ်သွားကြသည်။

"ဆရာတို့ နှစ်ယောက်က ရင်းနှီးထားပြီးသားလား"

နီနီက အံ့အားတသင့်ဖြင့် သူတို့နှစ်ယောက်ကို ကြည့်ရင်းက ဆိုသည်။

"ခြံစည်းရိုးပဲ ခြားတဲ့၊ အိမ်နီးနားချင်းတွေလေ"

သူ တမင်ပင် ချိုအီနေအောင် ပြုံးပြရင်းဆိုဖြစ်သည်။ သူ့စကားအဆုံးမှာ နီနီတို့နှစ်ယောက်က နှင်းရတီကို ဟုတ်လားဆိုသည့် သဘောဖြင့် ကြည့်ကြသည်။ နှင်းရတီက အိုးတိုးအမ်းတမ်းကြီး ဖြစ်ကာနေသည်။

"နှင်းရတီကိုတော့ နောက်မှ ရင်းနှီးတာပါ. . . အရင် ရင်းနှီး w mu ဝ ဆ႗Rain ဆိုတဲ့ ကြောင်ပေါ့ဗျာ . . ."

သူ့စကားအဆုံးမှာ မူယာတို့နှစ်ယောက်က မျက်လုံးကြီးတွေ ပြူးသွားကြသည်။

နီနီက . . . .

"ဒါ . . . ဒါဆို နှင်းပြောတဲ့ ကိုဒေါသဆိုတာ ဆရာပေါ့ . . အာ . . အဲလေ"

နီနီ့စကား မဆုံးခင်မှာ မူယာက မသိမသာ ဆွဲဆိတ်သည်မို့ နီနီ့ခမျာ အား' ဟု အော်ပြီးကာမှ အဲလေ' ဟု ဘရိတ်အုပ်သည်။

ထိုစဉ်မှာပင် စားပွဲထိုးကမီနူးလာပေးသည်မို့ စကားအဆက်အစပ်ပြတ်သွားသည်။

"ဒါနဲ့ ငုဝါကော ဟိုမှာ အဆင်ပြေလား မသိဘူးနော် . . အခုနောက်ပိုင်း အင်တာနက်လည်း သိပ်မသုံးဖြစ်တော့ အဆက်



www.burmeseclassic.com

www.burmeseclassic.com



အသွယ်ပြုတ်နေတယ်"

မူယာက စကားလမ်းကြောင်းလွှဲသည့်အနေဖြင့် ထွန်းမောင်ကိုကြည့်ရင်းဆိုသည်။

"သူ့ဟိုမှာ OK ပါတယ် ... နောက်နှစ်ဆိုရင် ပြန်လာတော့မယ်"

"ဘာမှ မကြာလိုက်သလိုပဲနော်"

ရောက်လာသော အစားအသောက်တို့ကို စားရင်း မူယာနှင့် ထွန်းမောင်က စကားကောင်းနေသည်။ တကယ်တော့ ကောင်းချင်ယောင်ဆောင်နေခြင်းသာဖြစ်သည်။

"ဒါနဲ့ စကားမစပ်ပေါ့လေ .. ရှင်စာရေးရတာ မပျင်းဘူးလား .. ကျွန်မတော့လေ ဘဝမှာ စာရေးရတာ အပျင်းဆုံးပဲ"

ရုတ်တရက်ကြီး ထ၍ ဆိုလိုက်သော နှင်းရတီ၏ စကားကြောင့် အားလုံးက ကြောင်တောင်တောင်ဖြင့် အမေးခံရသော သူ့ကို အားနာပာန်ဖြင့် ဝိုင်းကြည့်နေကြသည်။

"မပျင်းဘူး ... စာရေးနေရတာ စာဖတ်နေရတာကို ကြိုက်တယ် ... ဒီလိုပဲပေါ့ လူတစ်ယောက် ဝါသနာတစ်မျိုး ရှိကြတာပဲ ... ဥပမာ နှင်းရတီဆိုရင် စာရေးရတာ ပျင်းပေမယ့် သရုပ်ဆောင်ရတာကိုတော့ ဝါသနာပါတယ် မဟုတ်လား ... ကိုယ်ကျတော့ သရုပ်ဆောင်တာ ဝါသနာမပါဘူး ... ကိုယ့်ကို ရိုက်ဖို့ လာကမ်းလှမ်းတဲ့သူတွေ ရှိတာပဲ .. ကိုယ်သာ ဝါသနာပါခဲ့ရင် နှင်းရတီက ကိုယ့်ရဲ့ ဂျူနီယာဖြစ်နေမှာ သေချာတယ်"

သက်သောင့်သက်သာပင် ဆိုသော သူ့စကားကြောင့် သူမ မျက်နှာအကြီးအကျယ်ကို ပျက်ယွင်းကာ သွားသည်။

"ဟုတ်တယ်နော် ... ဆရာသာ ရုပ်ရှင်မင်းသားလုပ်ရင် အခုချိန်လောက်ဆို အတော်ကြီးအောင်မြင်နေလောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



နီနီ၏ ထောက်ခံစကားကြောင့် သူမက နီနီ့ကို မသိမသာ တံတောင်ဖြင့်တွတ်သည်။

ပြီး . . မျက်နှာပေါ်မှာ လူတစ်ဖက်သားကို ထိမထင်သော အပြုံးဖြင့် ပြုံးလိုက်ရင်း . . .

"ရှင်ပြောသလို ရှင်သာ သရုပ်ဆောင်လုပ်ခဲ့ရင် ကျွန်မရဲ့ ဂျူနီယာဖြစ်ချင်ဖြစ်နေလိမ့်မယ် . . . ဒါပေမယ့် ပေါ်ပြူလာဖြစ်ဖို့ ကတော့ မလွယ်ဘူး . . . သရုပ်ဆောင်အလုပ်က လုပ်တိုင်းဖြစ်တာ မဟုတ်ဘူးရှင့် . . . ရှင့်စိတ်ထဲမှာ ရှင် စာရေးဆရာဖြစ်သလိုမျိုး သရုပ်ဆောင်ရတာကို လွယ်နေတယ် ထင်ပုံရတယ် . . . ကျွန်မတို့ လောကမှာလေ ရှင့်ထက် ရုပ်ရည်သာပြီး တကယ်တော်တဲ့ လူတွေ တောင် ဖျောလိပ်သွားရတာ အများကြီးပဲ ပညာတို့ . . . စန်းဆိုတာ ကလည်း ရှိသေးတာကိုး"

ခပ်နိမ့်နိမ့်ပင်ဆိုသော သူမ၏ စကားကြောင့် ဟက်'ခနဲ သူ ရယ်ဖြစ်သည်။ အနုပညာတိုင်းမှာ ပညာရှိသလို စန်းဆိုတာလည်း လိုအပ်ကြောင်း သူသိပြီးသားဖြစ်သည်။

အစွန်းရောက်ကာ သူမတို့ လောကမှ သူမတို့လောကဖြစ် နေသော သူမကို နည်းနည်းလေးတော့ ပညာပေးမှ တော်ကာကျမည် ဟု တွေးဖြစ်သည်။

သို့သော် သူ စိတ်ကိုလျှော့ဖြစ်သည်။ ဒီစွာတေးမလေးနှင့် သူ မငြင်းခုန်ချင်ပါ။

"နှင်းရတီပြောတဲ့ စကားထဲမှာ . . . သရုပ်ဆောင်ရတာကို စာရေးဆရာလုပ်ရတာထက် ပိုခက်တယ်လို့ ပြောတယ်နော် . . . တကယ်တော့ အလုပ်တိုင်းက သူ့နေရာနဲ့သူ၊ သူ့အလုပ်နဲ့သူ ခက်တာ ချည်းပါပဲ"

"ကျွန်မကတော့. သရုပ်ဆောင်ဖြစ်ဖို့က ပိုခက်တယ်လို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ခံယူထားတယ် ... စာရေးတယ်ဆိုတာက တစ်ယောက်တည်းလုပ်ရတာ ... လူတွေ ဝိုင်းအုံကြည့်နေတဲ့ကြားက လုပ်ရတာမဟုတ်ဘူး ... ကျွန်မတို့က လူတွေ ဘယ်လောက်ပဲ ဝိုင်းအုံနေပါစေ ... ရအောင် လုပ်ရတာ .. ရှင်သာဆိုရင် လူတွေ ဝိုင်းအုံနေရင် လုပ်လို့ရမလား .. စာရေးတာက စာရွက်နဲ့ဘောလ်ပင်ရှိရင် ဖြစ်တယ်လို့ ကျွန်မ ခံယူတယ် ..."

"ဒါကတော့ လုပ်ငန်းချင်းမှ မတူ ...."

"ရှင် ဝန်ခံလိုက်စမ်းပါ ... စာရေးရတာထက် သရုပ်ဆောင်ရတာက ပို ... ကိုခက်တယ် ... ဟုတ်တယ် မဟုတ်လား"

သူမက သူ့စကားမဆုံးခင်မှာပင် စကားကို ဖြတ်ကာ ဝင်၍ အတင်းဆိုရင်း ဇွတ်ကြီး အနိုင်ယူချင်နေသည်။ ကလေးဆန်သေးသော အတွေးအခေါ်တို့ရှိသည့် သူမကို သူ စနောက်ချင်လာသည်။

"ကဲ ဒါဖြင့် ... ဥပမာ တစ်ခုပေးမယ် ... သရုပ်ဆောင်တာရယ် ... စာတွေရေးရတာရယ် ဘာက ခက်လဲဆိုတာကို"

"စောစောက ကျွန်မပြောတဲ့ ဥပမာနဲ့တင် လုံလောက်နေပြီ မဟုတ်လား"

သူမက စောစောက သူမပြောခဲ့သော ဥပမာကို ပြန်၍ တိုးကားသည်။

" Laurence Olivier ဆိုတဲ့ အင်္ဂလိပ် သရုပ်ဆောင် ဒါရိုက်တာက ပြောဖူးတယ် ... သရုပ်ဆောင်တယ်ဆိုတာ ဘာလဲ ... လိမ်တာပဲပေါ့ တဲ့ .. သရုပ်ဆောင်ကောင်းတယ် ဆိုတာကရော ... သဘောပေါက်လာအောင် ပိပိရိရိလိမ်တာပဲ မဟုတ်လား တဲ့ ... ကိုယ်က အဲဒီအပေါ်မှာ ထပ်ပြီးတော့ ဖြည့်ချင်တယ် ... တော်တန်ရုံသရုပ်ဆောင်ဖို့အတွက် အခြေခံအားဖြင့် ဦးနှောက် ဉာဏ်ရည်မြင့်မားဖို့မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ရှုးနေလား . . . ဉာဏ်ရည်မမြင့်ဘဲနဲ့ သရုပ်ဆောင်လို့ မရဘူး . . . သရုပ်ဆောင်တယ်ဆိုတာ ပါးရည်နပ်ရည်လည်း ရှိရမယ် . . . ထက်မြက်မှုလည်း ရှိရမယ်"

"ဒါဖြင့် ကိုယ်ပြောပြမယ် . . . မင်း ဆင်လိမ္မာတို့ ခွေးလိမ္မာ၊ နွားလိမ္မာတို့လို ဇာတ်ကားတွေ ကြည့်ဖူးလား"

"ကြည့်ဖူးတာပေါ့ . . . အဲဒါ ဘာဖြစ်လဲ"

"သူတို့လည်း သရုပ်ဆောင်တတ်တယ်နော် . . . ပိပိရိရိ လှလှပပကို သရုပ်ဆောင်တတ်တာ . . . ဆိုလိုတာက တိရစ္ဆာန်တွေ တောင် သရုပ်ဆောင်တာကို သင်ပေးရင် ဖြစ်တယ်ဆိုတာကိုပါ"

သူ့စကားကို သူမက ပြုံးသည်။

"ဒါက ဒါရိုက်တာတွေ တော်လို့ပါ . . . ထားလိုက်ပါတော့ အဲဒီတော့ ဘာဖြစ်လဲ"

"ကိုယ်ပြောချင်တာကကွာ . . . သရုပ်ဆောင်တယ်ဆိုတဲ့ ကိစ္စကို လူမပြောနဲ့ တိရစ္ဆာန်တွေတောင် လုပ်နိုင်တယ်ဆိုတာကိုပါ . . . ဒါပေမယ့် စာရေးဖို့ကျတော့ တိရစ္ဆာန်တွေ မလုပ်နိုင်ဘူး . . လူတွေပဲ လုပ်နိုင်တာ . . လူတောင်မှ ခံစားချက် မြင့်မားပြီး ကိုယ့် ခံစားချက်ကို သူတစ်ပါးနားလည် သဘောပေါက်အောင် စိတ်ဝင်စား အောင် ဆွဲဆောင်ရေးသားနိုင်တဲ့ လူတွေမှ ရေးနိုင်တာ . . .

ကဲ ဒီလောက်ဆို သရုပ်ဆောင်နဲ့ စာရေးတာ ဘာကပိုပြီး ခက်ခဲတယ်ဆိုတာ ရှင်းရောပေါ့ . . . သရုပ်ဆောင်တယ်ဆိုတာ သင် ပေးရင် တိရစ္ဆာန်တွေတောင် အကြမ်းဖျင်းတော့လုပ်တတ်တယ် . . . စာရေးတာကတော့ တိရစ္ဆာန်တွေကို သင်ပေးလို့ မရဘူး"

"ရှင် . . . ဒါတော့ စကားကပ်ပြောတာပဲ"

သူ့စကားအဆုံးမှာ သူမက မျက်နှာကြီးနီလျက် ဆိုသည်။ တကယ်တော့ သူမက အချက်အလက် အကိုးအကားတို့ဖြင့် ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



ချေပစရာတွေ အများကြီးရှိသည်။ သူမသာ စာတွေပေတွေ ဖတ်ထားသော ဗဟုသုတပြည့်စုံသည့် သရုပ်ဆောင်တစ်ယောက် ဖြစ်ခဲ့လျှင် သူ့စကားကို အလွယ်တကူ ချေပနိုင်လိမ့်မည်။

အခုတော့ သူမကွ ဖို့လောက်ကိုပဲ အားသန်ကာ ဗဟုသုတပိုင်းမှာ အားနည်းနေသေးသည်ကိုတွေ့ရသည်။

တကယ်တော့ သရုပ်ဆောင်ရာ၌လည်း ခက်ခဲသောအပိုင်းများရှိကာ သူ့နေရာနှင့်သူ ပညာရှိရသည်ပဲ ဖြစ်သည်။ သူ လေးစားသော ဘက်စုံပညာပြည့်ဝသည့် ပြည်တွင်းပြည်ပ သရုပ်ဆောင်များရှိနေသည့်အကြောင်း သူနှင့် ထွန်းမောင်တို့ပဲသိသည်။

ရှုံးရှုံးရှုံရှုံဖြစ်နေသော သူမကို ကြည့်ရင်း သူ့စကားကို ဆက်ဖြစ်သည်။

"ကိုယ်က အသစ်အသစ်တွေကို ဖန်တီးရတာ ကြိုက်တယ် . . . နောက် ကိုယ်တို့ စာရေးဖို့က ရုပ်ချောမှရယ်လို့ မဟုတ်ဘူးလေ . . . Idea ကောင်းနေသရွေ့၊ ဆန်းသစ်နေသရွေ့ ပရိသတ်က အားပေးတယ်. . . ဥပမာကွာ . . . မပြောကောင်း မဆိုကောင်း အက်ဆီးဒင့်တစ်ခုခုကြောင့် ကိုယ့်ရဲ့ မျက်လုံးတစ်လုံး ပေါက်ပက်ဖြစ်သွားမယ် . . . နားရွက်တွေလည်း ပြတ်ထွက်ကုန်မယ်. . . ခြေနှစ်ချောင်းလည်း ဖြတ်လိုက်ရမယ်ဆိုရင်တောင် ကိုယ်က စာဆက်ရေးလို့ရတယ် . . . သရုပ်ဆောင်တစ်ယောက်ယောက်က ကိုယ်ပြောသလိုများ . . . မပြောကောင်းပြောကောင်းဖြစ်ခဲ့ရင် နာမည်ကြီးဖို့နေ့ရတီပြောသလို ပေါ်ပြူလာဖြစ်ဖို့ အတော်ခဲယဉ်းသွားမယ်ထင်တယ်နော်"

"ဒါတော့ ရှင် သက်သက်ညစ်ပြီး ပြောတာပဲ"

ရှုံးရှုံးရှုံရှုံဖြစ်နေသော်လည်း သူမသည် ဆွဲဆောင်မှုရှိစွာ လှနေဆဲ ဖြစ်သည်ကိုတော့ သူဝန်ခံရမည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်လူများအားလုံးက သူ့ကိုတစ်လှည့် သူမကို တစ်လှည့် ကြည့်ရင်း ဘာပြောရမှန်းမသိ ဖြစ်ကာနေသည်။

"ညစ်ပြီးပြောတာမဟုတ်ပါဘူး . . . ကိုယ်ပြောတဲ့ အထဲမှာ မဟုတ်တာ မပါဘူး . . . ပါတယ်လို့ မင်းယူဆရင်လည်း အိမ်ချင်းက ခြံစည်းရိုးပဲ ခြားတာပဲ . . . ကိုယ့်ကို ပြန်ပြောလို့ရပါတယ်"

ပြုံးစိစိနှင့်ပင် ရိသဲ့သဲ့ဆိုသော သူ့စကားကြောင့် သူမက မျက်နှာကိုမဲ့သည်။ သဘောက 'ပတ်သက်စရာလား'ဆိုသည့်သဘော။

"ရှင့်ခံယူချက်နဲ့ ရှင်ပါ . . . ရှင်မလေးစားလည်း ကျွန်မတို့ သရုပ်ဆောင်တွေက ဘာမှ ဖြစ်မသွားဘူး"

"ကိုယ်က သရုပ်ဆောင်တိုင်းကို မလေးစားဘူးလို့ မပြောပါဘူး . . . အဆင့်အတန်းရှိတဲ့ အရည်အချင်းပြည့်ဝတဲ့ သူတွေကို ကိုယ်လေးစားပါတယ် . . . ဇ'မရှိတဲ့ ခပ်ညံ့ညံ့သရုပ်ဆောင်တွေကို တော့ ကိုယ်ဦးမညွှတ်နိုင်ဘူး . . . အသိုင်းအဝိုင်းတစ်ခုထဲ ဝင်ရတာ လွယ်ပါတယ် . . . နေရာတစ်ခု ရဖို့ တန်းတစ်ခုရောက်ဖို့လည်း လွယ်တာပဲ . . .

ဒါပေမယ့် ရပြီးသားအောင်မြင်မှုကို သူ ဘယ် လောက်ကြာ ကြာ ထိန်းထားနိုင်သလဲ ဆိုတာကတော့ သူ့အရည်အချင်းနဲ့ပဲဆိုင် တယ် . . . မင်းလည်းပဲ နောင် အနှစ်နှစ်ဆယ် မျိုးဆက်တစ်ခုစာ ထိ ဒီအတိုင်း ရပ်တည်နေနိုင်ဦးမယ်ဆိုရင် . . . ငါ လေးစားမှာပါ"

"မလိုပါဘူး . . . ရှင် မလေးစားလို့လည်း နှင်းရတီတို့က ဘာမှဖြစ်မသွားဘူး . . . ရှင်ပြောတဲ့စကားအတိုင်း ရှင်သာ ရှင်တို့ လောကမှာ ရပ်တည်နိုင်အောင် ကြိုးစား"

"အခုလို အားပေးတဲ့အတွက် ကျေးဇူးပဲ . . ."

မျက်နှာပြောင်တိုက်ကာ ဆိုသော သူ့စကားအဆုံးမှာ သူမ က သူ့ကို ဒေါသများဖြင့် ပြည့်ကာနေသော အကြည့်ဖြင့် ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဝုန်းခနဲ ထရပ်သည်။

"လာ မူယာ ပြန်ကြရအောင် . . . လာ နီနီ . . ."

"တာ့ တာနော်"

ကျောခိုင်းကာ ထွက်သွားသည်ကိုပင် သူ တမင်လိုက်ရှိပေးလိုက်သည်။ သူမက စူးခနဲ သူ့ကို ဘုကြည့် ပြန်လှည့်ကြည့်သည်။

နီနီနှင့် မူယာကတော့ အားနာပြုံး ပြုံးပြရင်း သူမနောက်သို့ ခေါင်းကုတ်ကာ ပါသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က မင်းနည်းနည်းတော့ လွန်သွားတယ်ထင်တာပဲ"

ဇေယျာက သူ့ခုတင်ပေါ်မှာ ပက်လက်လှန် အိပ်နေရင်းက ဆိုသည်။

"နှင်းရတီလေး သနားပါတယ် . . . ဒေါသထွက်ပြီးတော့ မျက်နှာတွေကို နီရဲနေတာပဲ"

ထွန်းမောင်က ပြတင်းပေါက်မှ ခန်းဆီးလိုက်ကာစကို အသာဖယ်ကာ နှင်းရတီတို့အိမ်ဘက်ကို ချောင်းကြည့်ရင်းက ဆို သည်။

"ဩ . . . မင်းတို့နှစ်ကောင်က ကိုယ့်ဘော်ဒါတစ်ယောက်လုံး အနှိပ်အကွပ်ခံနေရတာကျတော့ ဘာမှ မပြောဘူး . . . ဟိုဘက်က အပြောခံရတာကျတော့ နာနေတယ် ဟုတ်လား"

"မဟုတ်ပါဘူး"

ဇေယျာက 'မဟုတ်ပါဘူး' ဟု ပျာပျာသလဲငြင်းသည်။ ထွန်းမောင်က ခေါင်းကို ဘယ်ညာခါသည်။ နှုတ်ကတော့ ဘာစကား မှမဆို။

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကကွာ . . . မင်းကို နှင်းရတီနဲ့ အဆင်ပြေစေချင်တာကွ . . . မင်းက ပွဲစကတည်းက ဘီလူးဆိုင်း တီးပြီးဝင်နေတော့ သူနဲ့ မအိုကေမှာစိုးလို့ပါ"

"တော်ပါတော့ကွာ"

ထွန်းမောင်၏ စကားကို သူ 'တော်တော့' ဟုဆိုဖြစ်သည်။

"မင်းတို့ ခင်းပေးတဲ့အကွက်တွေဆို ကြောက်လွန်းလို့ . . အရင်ကောင်မလေးတွေနဲ့တုန်းကလည်း မင်းတို့ပဲ တွဲပေးလိုက် . . ဝိုင်းဖျက်လိုက်နဲ့ အခုလည်း လာပြန်ပြီ နောက်တစ်ယောက် . . . တော်ပါတော့ မင်းတို့ ကြိုးဆွဲရာ က,ရတာ ပင်ပန်းလို့"

လက်တစ်ခါခါဖြင့် ဆိုသော သူ့စကားကြောင့် သကောင့်သားနှစ်ကောင်က ပြုံးစိစိ လုပ်ကြသည်။ ထွန်းမောင်က

"ဒီတစ်ခါက အတည်ပါကွာ . . . မင်းနဲ့ ကောင်မလေးနဲ့က လိုက်တယ်ကွ"

"တော်ပြီ . . . လိုက်လိုက် မလိုက်လိုက် sorry ပဲ . . . ဒီမင်းသမီးနဲ့ ငါနဲ့သာ ညားလို့ကတော့ နေ့တိုင်း သတ်ပွဲဖြစ်နေမှာ . . . တစ်နေ့ တစ်နေ့ ရန်ဖြစ်ရင်းနဲ့ပဲ အချိန်ကုန်မှာသေချာတယ်"

"ကောင်းတာပေါ့ကွ . . . အဲဒါမှ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်ဆိုတာမျိုး . . . ရန်ဖြစ်လိုက် မောသွားရင် ပြန်ချစ်လိုက်နဲ့ အဲဒီမှာ အဆင်ကိုပြေလို့"

ဇေယျာက ခွီးခနဲ ရယ်ရင်းက ဆိုသည်။

"တော်စမ်းပါ . . . ဒီလိုမိန်းမမျိုးနဲ့သာ ရလို့ကတော့ လူ့ဘဝကို သက်တမ်းစေ့ နေရမှာမဟုတ်ဘူး . . . စောစောစီးစီး အသက်ထွက်ပြီး သက်တမ်းတိုမှာ သေချာတယ်"

ပြောပြီး သူရယ်ဖြစ်သည်။

"ဒါနဲ့ သူ့ရဲ့ကြောင်ရော . . . မင်းအိမ်ဘက် လာသေးလား"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမောင်က သူ့ခုတင်ပေါ် ထိုင်ချရင်းက မေးသည်။

"လာတာပေါ့ . . . ဒါပေမယ့် ဒီကောင် ခြံထဲပဲဝင်လို့ရတယ် . . . အိမ်ထဲ ဝင်လို့မရဘူး . . . ငါက ရှိသမျှ တံခါးပေါက်တွေ ပြတင်းပေါက်တွေ အကုန်ပိတ်ထားတာကိုး . . . ဒါပေမယ့် အခုတလော တော့ မတွေ့တော့ဘူး . . . ကြည့်ရတာ သူ့သခင်မက သူ့ကို အပြင် ပေးမထွက်တော့ဘူးနဲ့ တူတယ်"

"မင်းတစ်ခါ ပြောဖူးတယ် . . . သူ့ကြောင်ကို ကိုရီးယား မင်းသားရဲ့ နာမည်ပေးထားတယ် ဟုတ်လား"

ဇေယျာက အိပ်နေရာမှ ထထိုင်ရင်း မေးသည်။

"အေးကွ . . . Rain ဆိုလားပဲ"

ဟု သူဖြေဖြစ်သည်။

"ဘာပဲပြောပြောပေါ့ကွာ . . . ဒီရှေ့လျှောက် နှင်းရတီနဲ့ ဆုံရင် အဆင်ပြေအောင်နေစမ်းပါကွာ . . . ဖြစ်နိုင်ရင် မင်း သူ့ကို ဇာတ်လမ်းရှာလို့ရအောင် တောင်းပန်လိုက်ပါလား . . . ကိုယ်နည်းနည်း မှားသွားတယ် . . . ဘာညာဆိုပြီးတော့ . . . "

"ဟာ တောင်းပန်စရာလား . . . လက်ခုပ်ဆိုတာ တစ်ဖက်တည်း တီးလို့ မမြည်ဘူးကွ . . . အဲဒီနေ့က မှားသွားတယ်ဆိုရင် တောင် ငါတစ်ယောက်တည်း မှားတာမဟုတ်ဘူး . . . နှစ်ယောက် စလုံးမှားတာ. . . ဒီတော့ တောင်းပန်စရာ ဘာအကြောင်းမှမရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာတောင်းပန်စရာလိုလဲ . . တောင်းပန်ချင်းတောင်းပန်ရင် သူကတောင်းပန်ရမှာ . . . သူပြောတာတွေ နင်တို့လည်း ကြားတာပဲ . . . သရုပ်ဆောင်တယ်ဆိုတာ တိရစ္ဆာန်တွေတောင် လုပ်နိုင်တယ် . . . စာရေးတဲ့ ဖန်တီးမှုတွေက တိရစ္ဆာန်တွေမလုပ်နိုင်ဘူးဆိုတော့ ငါကပဲ လူမဟုတ်တော့သလိုကြီး . . ."

ဒေါကန်ကန်ဖြင့်ဆိုသော သူမ၏ စကားအဆုံးမှာ နီနီနှင့်မွှေယာက တခွီးခွီးဖြင့် ရယ်ကြသည်။

"ဟဲ့ နင်တို့က ငါ့ဘက်ကနေ ဒေါသမထွက်တဲ့အပြင် ဝိုင်းတောင်ရယ်နေလိုက်ကြသေး ဟုတ်လား"

ဒေါကန်ကန်ဖြင့် ဆိုသော သူမ၏စကားကြောင့် နီနီကရယ်နေရာမှ ရပ်ရင်း

"နင်ပြောတာကို သဘောကျလို့ပါ . . . သူပြောတာ အဲဒီအဓိပ္ပာယ်မလုပ်ပါဘူး . . . တကယ်တမ်း ဘက်မလိုက်ဘဲ ပြောရရင်အဲဒီနေ့က စပြီး ပြဿနာရှာတာက နင်လေ"



www.burmeseclassic.com

www.burmeseclassic.com



နီနီ့စကားကို သူမ ဘာမှပြန်မဆိုဖြစ်။ တကယ်လည်း သူမ ဘက်က စပြီး ပြဿနာရှာခဲ့သည်ကိုး။ သူမအထင်က သူမ နည်းနည်း ဖွဲ့လိုက်လျှင် ထိုလူ ငြိမ်ကျသွားမည်ဟု ထင်ကာ အထက်စီးဖြင့် ဆိုခဲ့မိခြင်းသာဖြစ်သည်။

တကယ်တမ်းကျ သူမတွက်ဆထားသလိုဖြစ်မလာဘဲ သူမ ပစ်လိုက်သော မြားက သူမဘက်ကို ဦးတည်ကာ ပြန်လှည့်လာခဲ့သည်။

"စကားမစပ်ပေါ့ဟာ . . . ငါကတော့ နင်တို့ကို ငြိမ်းချမ်းရေး ရစေချင်တယ်"

"ဘာဖြစ်လို့လဲ"

မှူယာ၏ အဆိုကို သူမပြန်မေးဖြစ်သည်။

"နင် စိတ်မဆိုးရဘူးနော် . . . နင်နဲ့သူက လိုက်တယ်ဟ . . . ငါ မျက်စိထဲမှာ တွေးကြည့်မိတယ် . . . သူနဲ့ အလိုက်ဖက်ဆုံးကလည်း နင်ပဲ . . . နင်နဲ့ အလိုက်ဖက်ဆုံးကလည်း သူပဲ . . ဘယ်လောက်တွေးတွေး အဲဒီအဖြေပဲ ထွက်တယ်"

"တော်စမ်းပါ"

မှူယာ၏ အဆိုကို ခါးသီးစွာပင် သူမဆိုဖြစ်သည်။

"မတော်နဲ့ . . . တကယ်လိုက်တာပါ . . . ငါတောင်အခုပဲ အဲဒါကို ပြောတော့မလို့ လုပ်နေတာ"

နောက်ဆက်တွဲဆိုသော နီနီ၏စကားကြောင့် သူမ စိတ်အလေကြီးလေသွားရသည်။

"တကယ်လို့များ သူတို့နှစ်ယောက် ညားသွားကြရင်လေ တခြားလူတွေလို နတ်ရေးတဲ့ ရွှေဖူးစာလို့ ပြောလို့မရတော့ဘူး . . . ကြောင်ရေးတဲ့ ဖူးစာလို့ပဲ ပြောမှရမယ်"

"တော်စမ်းပါဟာ . . . အဲဒီလိုလူနဲ့လေ ဘာဖြစ်လို့မှ ညား


www.burmeseclassic.com

www.burmeseclassic.com



စရာအကြောင်း မရှိဘူး . . . ဘယ်တော့မှလည်း ပတ်သက်စရာ အကြောင်းမရှိဘူး"

"ပတ်သက်စရာ စကားမရှိဘူးလို့ . . . စကားကုန်အောင် မပြောနဲ့နော် . . . နင်တို့က အိမ်နီးနားချင်းတွေ . . . အရေးဟဲ့ အကြောင်းဟဲ့ဆိုတာက ရှိသေးတယ်"

မူယာကလည်း အလျှော့မပေးဘဲ ဆိုဖြစ်အောင်ကို ဆိုသည်။

"မရှိဘူးဟေ့ မရှိဘူး"

သူမ ခေါင်းကိုခါပြီး 'မရှိဘူး' ဟု ယတိပြတ်ဆိုဖြစ်သည်။

"ချစ်စကို ရှည်စေ မုန်းစကို တိုစေဆိုတဲ့ စကားလည်း ရှိတာပဲ နှင်းရယ် . . . ဘာပဲပြောပြော အားလုံးနဲ့ အဆင်ပြေပြေရှိတော့ ပိုကောင်းတာပေါ့"

မူယာက ဆရာမကြီး လေသံဖြင့်ဆိုသည်။

"အေး . . . အားလုံးနဲ့ အဆင်ပြေအောင် နေနိုင်တယ် . . . အဲဒီလူနဲ့တော့ ဘယ်လိုမှ မဖြစ်ဘူး . . . ဘယ်ဘဝရေစက်လည်း မသိဘူး . . . စ . . . တွေ့ပါပြီဆိုကတည်းက ကြည့်လို့ကို မရဘူး"

"ဒီလိုပါပဲ . . . အစပိုင်းမှာ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုမှ အစေးမကပ်တဲ့လူတွေက နောက်ဆုံးကျတော့ ညားသွားကြတာပဲ"

နီနီကပါ ပြုံးစိစိဖြင့် ဝင်၍စသည်။ သူမကတော့ ခေါင်းကိုသာ တွင်တွင်ရမ်းဖြစ်သည်။

"အေး. . . ငါကတော့ ဘယ်တော့မှ အဲဒီလိုမဖြစ်စေရဘူး"

www.burmeseclassic.com

www.burmeseclassic.com



The stupid neither forgive non forget, the native forgive and forget, the wise forgive but do not foget.

လူမိုက်က ခွင့်မလွှတ်ဘူး။ မေ့လည်း မပစ်ဘူး။
လူပြိန်းက ခွင့်လွှတ်တယ်။ မေ့လည်း မေ့ပစ်တယ်။
လူလိမ္မာကျ ခွင့်လွှတ်တယ်။ ဒါပေမယ့် မေ့မပစ်ဘူး။

Thomas Szasz
(US psychiatrist)

www.burmeseclassic.com

www.burmeseclassic.com



ထွန်းမောင်တို့ ဖွင့်ယူလာပေးသော သူမသရုပ်ဆောင်ထားသည့် VCD များနှင့် ဓာတ်လမ်းများကို သူ နှစ်ရက်ခန့် အားနေသည်မို့ အချိန်ယူပြီး ကြည့်ဖြစ်သည်။

နောက်ဆုံး ထွက်ထားသော သူမ၏ ဓာတ်ကားကို ကြည့်နေစဉ်မှာပင် ထွန်းမောင်တို့နှစ်ကောင် အိမ်သို့ ရောက်လာကြသည်။

"ဘယ်လိုလဲကွ"

"အင်း . . . တစ်ဝက်ကျော်ကျော်လောက်တော့ ကြည့်ပြီးပြီ . . . တချို့ခွေတွေတော့ မကြည့်ဖြစ်ဘူး"

"မဟုတ်သေးဘူးလေ . . . ငါမေးတာက နှင်းရတီရဲ့ သရုပ်ဆောင်မှုတွေ ဘယ်လိုလဲလို့ မေးတာ"

ဇေယျာက ပြုံးစိစိဖြင့် မျက်ခုံးပင့်ရင်းမေးသည်။

"အင်း တော်ပါတယ် . . . တော်တော်လေးလည်း လုပ်နိုင်တယ် . . . ဒါပေမယ့် . . ."

"ဘာ ဒါပေမယ့်လဲ . . . မင်းကတော့ လုပ်ပြီ"

ထွန်းမောင်က 'ဘာ ဒါပေမယ့်လဲ' ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ . . . သူ သရုပ်ဆောင်တဲ့ ကားတိုင်းမှာ သူ့မျက်လုံးတွေကို ငါ မကြိုက်ဘူး . . . ဘယ်ကာရိုက်တာကိုပဲ ချိန်းသွားသွား . . . သူ့မျက်လုံးတွေက ချိန်းမသွားဘူး . . . မာနရောင်တွေ လက်နေတယ် . . . နောက်ဆုံးကွာ . . ညှိုးညှိုးငယ်ငယ်နဲ့ ရှိုက်ကြီးတငင် ငိုနေတဲ့အခန်းတွေမှာတောင်မှ သူ့မျက်လုံးကနေ မျက်ရည်တွေသာ ကျနေတာ မျက်လုံးက လုံးလုံး အရောင်မှိန်ကျမသွားဘူး . . . ဝမ်းနည်းလို့ ငိုတာမျိုးမဟုတ်ဘဲနဲ့ ဒေါသထွက်လို့ ငိုတာမျိုးကြီးဖြစ်နေတယ်"

"ပြောမှာပေါ့ . . . မင်းနဲ့က အဆီအငေါ်မှ မတည့်တာ . . . ကြောင်နဲ့ ကြွက်ဆိုတော့"

ဇေယျာက ပခုံးကို တွန့်ရင်းဆိုသည်။

"မဟုတ်ဘူးကွ . . . ငါ သူ့ဇာတ်ကားကို ကြည့်မရတဲ့ လူတစ်ယောက်ကို အပြစ်ရှာတဲ့ ပုံစံမျိုးနဲ့ ငါ ကြည့်ခဲ့တာမဟုတ်ဘူး . . တကယ် ရိုးရိုးသားသားပဲ ကြည့်ခဲ့တာ . . . တခြားဖြစ်ချက်လေးတွေလည်း ရှိသေးတယ် . . . ဒါပေမယ့် အသစ်တစ်ယောက်အနေနဲ့ကျတော့ မပြောပလောက်ပါဘူး . . . အင်း ခြုံပြီးပြောရရင်တော့ တော်တော်လေး ကြိုးစားတာ တွေ့တယ်"

"တော်တော်လည်းလည်း ချစ်စရာကောင်းတယ် မဟုတ်လား"

ထွန်းမောင်က ပြောင်ချော်ချော်ဖြင့် မေးသည်။ ထွန်းမောင်၏အမေးကို သူ့စိတ်ထဲမှ 'အေး' ဟု စိတ်ပါလက်ပါဖြေဖြစ်သည်။ သို့သော် အပြင်မှာတော့

"ဒီလောက်ကြီးလည်း မဟုတ်ပါဘူးကွာ"

ဟု ဖြေဖြစ်သည်။

"မင်းတို့နှစ်ယောက်က ဆုံလိုက်တိုင်း ပြဿနာတက်နေကျ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ မင်းစိတ်ထဲမှာ သူ့ကို ဘယ်လိုမှ အကောင်းမမြင်နိုင်ဘူး ဖြစ်နေတယ်ထင်တယ်"

"အေးလေ ဒီလောက်ချောပြီး ဒီလောက်ချစ်စရာကောင်းတဲ့ ကောင်မလေးကိုတောင် မင်းက ဒီလောက်ကြီးလည်း မဟုတ်ပါဘူး ဆိုတော့"

ထွန်းမောင်၏ စကားအဆုံးမှာ ဇေယျာကပါ ဖြစ်တင် စကားဆိုသည်။

"ငါက သူ့ကို စတာ နောက်တာက မုန်းလို့မဟုတ်ပါဘူး ကွာ . . . ဒီလိုပဲ သူ ဒေါသထွက်ရင် ရယ်ရလို့စတာပါ. . . သူ ငါ့ကို ပြောခဲ့သမျှ ဆိုခဲ့သမျှကိုလည်း ငါက ခွင့်လွှတ်တယ်. . . သူ့ကို ဘယ်လိုမှ သဘောမထားပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ နှင်းရတီအကြောင်းကို ပြောလိုက်ရင် အကောင်းမမြင်တာတုန်း . . အဲဒါ အငြိုးထားတာပဲ မဟုတ်ဘူးလား"

"ဒုက္ခပါပဲ . . . ဘယ်လိုပြောမှ ယုံကြတော့မှာလဲကွာ"

သူ့ဖြေရှင်းစကားကို သကောင့်သားနှစ်ကောင်က လက်မခံ။ ပခုံးကိုယ်စီ တွန့်ပြကြသည်။

]]' [illegible] . . . ri [illegible] gThomas Szasz ဆိုတဲ့ ဟန်ဂေရီ နွယ်ဖွား အမေရိကန် စိတ်ကုပညာရှင်ရဲ့ စကားလေးတစ်ခု ပြောပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ကိုငါ ဟန်ဂေရီနွယ်ဖွား အမေရိကန် စိတ်ကု ပညာရှင် Thomas Szasz ရဲ့စကားလေးတစ်ခွန်း ပြောပြမယ် . . . ဖြစ်ခဲ့သမျှ ပြဿနာတွေကို . . .

လူမိုက်က ခွင့်မလွှတ်ဘူး . . . မေ့လည်းမမေ့ပစ်ဘူး

လူပြိန်းကကျတော့ ခွင့်လည်း ခွင့်လွှတ်တယ် . . မေ့လည်း မေ့ပစ်တယ်

အဲ . . . လူလိမ္မာကျတော့ ခွင့်တော့ ခွင့်လွှတ်တယ် . . . ဒါပေမယ့် မေ့မပစ်ဘူးတဲ့ . . . အဲဒီစကားလိုပဲပေါ့ဟာ . . ငါက သူနဲ့ဖြစ်ခဲ့သမျှကို ခွင့်လွှတ်တယ် . . . ဒါပေမယ့် မေ့မပစ်ဘူး"

သူမ၏ စကားအဆုံးမှာ မူယာက ပခုံးကိုတွန့်သည်။ နီနီက

"ဒါဖြင့် ဘာဖြစ်လို့ နင်ကချည်းပဲ စပြီး ပြဿနာရှာနေရ တာတုန်း . . . ကဲ အဲဒါ ရှင်း"

နီနီ့ အမေးကြောင့် သူမ ဟက်ခနဲရယ်ဖြစ်သည်။

"တကယ်တော့ဟ . . . ငါ သူစိတ်ဆိုးပြီး ဒေါသထွက်နေ တာကို ရယ်ချင်လို့ . . . နင်တို့ မြင်တဲ့အတိုင်းပဲ . . . ကွက်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ကွက်'ခနဲ မျက်နှာတင်းတင်းသွားတာ . . . မျက်နှာကြီး နီနီသွားတာ ဘယ်လောက်ရယ်ရလဲ"

"အဲဒါနဲ့ပဲ ကြည့်ကောင်းကောင်းနဲ့ စနေတယ်ဆိုပါတော့"

မှုယာက မျက်စကို ပင့်ရင်းက မေးသည်။

"ငါ ပြောတဲ့အထဲမှာ ရယ်ရတယ်ဆိုတာပဲ ပါတယ် . . ကြည့်ကောင်းတယ်ဆိုတာ မပါဘူး"

ခေါင်းခါရင်းဆိုသော သူမ၏ စကားအဆုံးမှာ နီနီက သူမကို စိုက်ကြည့်သည်။ ပြီး ပြုံးစိစိဖြင့်

"ငါ တစ်ခုမေးမယ်နော် . . . နင် မှန်မှန်ဖြေ"

"အေး မေး"

"အဲဒီ စာရေးဆရာက ရုပ်တော်တော်ဖြောင့်ပြီး တော်တော်ကြီး ဆွဲဆောင်မှုရှိတယ်လို့ ငါတို့က မြင်တယ် . . . နင်ကရော အဲဒါကို လက်ခံလား"

"ဒီလောက်ကြီးလည်း မဟုတ်ပါဘူးဟာ . . . သူလို ကိုယ်လိုပါပဲ"

"ဟုတ် . . . လို့ . . လား"

မှုယာကမချိုမချဉ်ဖြင့် မေးခွန်းထုတ်သည်။ ထိုလူယောကျ်ား ပီသပြီး ရုပ်ဖြောင့်သည်ကို သူမ,သိပါသည်။ သို့သော် နီနီတို့ရှေ့မှာ 'ဟုတ်တယ်နော်' လို့ သွားပြောမိလို့မရ။ စ'စရာ နောက်စရာဖြစ်သွားလိမ့်မည်။

ထို့ကြောင့်

"အတည်ပြောနေတာ . . . ဘယ်ဘက်ကကြည့်ကြည့် ဘယ်လိုကြည့်ကြည့် သူလိုကိုယ်လိုပါပဲ . . . ဘာထူးခြားလို့လဲ . . . ငါ့အမြင်မှာတော့ သာမန်ပါပဲ"

မလုံမလဲပင် ဆိုသော သူမကို မှုယာတို့နှစ်ယောက်က မချိ



www.burmeseclassic.com

www.burmeseclassic.com



မချဉ်မျက်နှာတွေနှင့် ကြည့်နေကြသည်မို့ သူမက မင်းသမီးပီပီ ဘာမှ မပြောခဲ့။ မသိခဲ့သလို အရှူးကွက်နင်းနေပစ်လိုက်သည်။

"နောက်ပိုင်း နင်တို့ မဆုံဖြစ်ကြဘူးလား"

နီနီက မျက်ခုံးပင့်ရင်း မေးသည်။

ပန်းခြံထဲ လေညင်းထွက်ခံစဉ်က သူ့ခြံဘက် သူမ မသိမသာ ခိုးကြည့်မိခဲ့ပြီး မတွေ့ခဲ့ကြောင်းကိုလည်း သူမ လျှို့ဝှက်ထားရမည်ဟု တွေးဖြစ်သည်။

ထို့ကြောင့်

"ဘာကိစ္စ ဆုံရမှာလဲ"

"ဟ အိမ်နီးနားချင်းတွေလေဟာ"

"ငါက ရက်တိုင်းလိုလို မနက်ဆို ရှူတင်သွားတယ် . . . ညဘက်မှ ပြန်လာတယ်ဟာ . . . ငါ့အလုပ်နဲ့ငါ ရှုပ်နေလို့ သတိကို သထားမိဘူး"

သူမ၏ ခပ်တည်တည်ဆိုသော စကားအဆုံးမှာ မူယာက 'ဟုတ်မှာပါလေ ဟုတ်မှာပါ' ဟု ခပ်ရိရိဆိုသည်။

သူမ၏ စိတ်တွေထဲသို့ သူမ၏ သူငယ်ချင်းများ ထွင်းဖောက် မြင်နေလေရော့သလားဟု ဘာရယ်မဟုတ် သူမ တွေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၇၂

အခုတော့လည်း အိမ်မှာ လူများဖြင့် ပြန်လည်စည်ကားလာသည်။ အင်္ဂလန်မှ ပြန်ရောက်လာသော မေမေ၊ ခွင့်ယူထားသော ကိုဝင်းတို့ လင်မယားပါ မရှေးမနှောင်း ပြန်ရောက်လာကြသည်မို့ သူလည်း ကိုယ်တိုင် အဝတ်လျှော်ရသောဘဝမှ ကျွတ်ကာသွားသည်။ မကြာမီ ဖေဖေလည်း အပြီး ပြန်လာတော့မည်မို့ အိမ်မှာ ပို၍ လူစည်ဦးမည်ဖြစ်သည်။

"သား . . . ဟိုဘက် အိမ်ကို လူအသစ်ပြောင်းလာပြီလား"

"အင်း"

မေမေ့အမေးကို 'အင်း' ဟုသာ ဖြေဖြစ်သည်။ စိတ်ထဲမှာတော့ 'ပြောင်းလာရုံတင် ဘယ်ကဦးမှာလဲ ရန်တောင် ဖြစ်ပြီးပြီ မေမေရေ' ဟု ဆိုဖြစ်သည်။

"တစ်ရက်ရက်မှ မုန့်တစ်ခုခုလုပ်ပြီး သွားပို့ရင်း မိတ်ဆက်ဦးမယ်"

မေမေ့စကားကြောင့် သူစိတ်ထဲမှာ ကြိတ်ပြုံးမိသည်။ မေမေက အားလုံးနှင့် အဆင်ပြေအောင်ပေါင်းတတ်သည်။ သူလိုမဟုတ်ပြီး မေမေက သူ့လို ဒေါသမကြီး။ အရာရာကို စိတ်ရှည်ရှည်ဖြင့်

ဇော်ဝင်း မြို့မ စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



သည်းခံခြင်းကိုသာ လက်ကိုင်ထားသည်။

"ခင်ရာဆွေမျိုး ...မိန်ရာဟင်းကောင်း ဆိုသလိုပေါ့ ကွယ်... မေမေတို့က အမျိုးတွေနဲ့ အဝေးကြီးနေရတာဆိုတော့ ခင်တဲ့လူကိုပဲ ဆွေမျိုးတော်ရတော့မှာပဲ"

အမျိုးတွေက နယ်မှာမို့ မေမေက ရန်ကုန်မှာ သိပ်ပျော်လှသည်တော့ မဟုတ်။ ထို့ကြောင့်လည်း မေမေက မိဘ်ဆွေအပေါင်း အသင်းကို မင်သည်။

မေမေ ထိုစကားများပြောစဉ်က အမှတ်တမဲ့ပင် သူနေခဲ့သော်လည်း နောက်နှစ်ရက်ခန့်အကြာမှာ မေမေသည် သူမတို့ အိမ်ဖက်မှနေ အူယားဖားယားကြီး အပြေးတစ်ပိုင်းဖြင့် ပြန်လာသည်။

"သားရေ ... သား"

"ဘာလဲ မေမေရ ...အပြေးတစ်ပိုင်းကြီးနဲ့ ဖြည်းဖြည်းလုပ်ပါ"

မေမေက ခပ်သုတ်သုတ် လျှောက်လာခဲ့သည်မို့ အနည်းငယ် မောသွားဟန်တူသည်။ ခေတ္တမျှ အမောဖြေနေသေးသည်။

အတန်ကြာတော့မှ

"မေမေတို့ ငယ်ငယ်တုန်းက မန္တလေးမှာ ကျောင်းအတူ တက်ခဲ့တဲ့ အိမ်နီးနားချင်းနဲ့ပြန်ဆုံခဲ့တယ် .. ဆယ်တန်းကတည်းက တွဲသွားလိုက်ကြတာ ... အခုမှပဲ ပြန်ဆုံတော့တယ် သားရေ... ဆုံမယ့်ဆုံတော့လည်း အိမ်ချင်းက ကပ်လျက်"

မေမေ့စကားကြောင့် သူ မျက်လုံးပြူးသွားရသည်။

"ဟိုဘက်အိမ်က ... မေမေ့ငယ်ငယ်တုန်းက သူငယ်ချင်းဆုတ်လား"

"အေး ... သူငယ်ချင်းတောင်မှ အရမ်းချစ်ကြတဲ့ သူငယ်ချင်း ...မန္တလေးမှာနေတုံးကလည်း သူ့အိမ်နဲ့ မေမေတို့အိမ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ အိမ်နှစ်လုံးပဲ ခြားတာ . . . မေမေတို့ ဖေဖေ မင်းတို့ဘိုးဘိုး ကလည်း ဝန်ထမ်းဆိုတော့ ဟိုပြောင်း ဒီပြောင်းနဲ့ ကွဲသွားလိုက်ကြ တာ . . . ကြည့်စမ်း အခုမှပဲ ပြန်ဆုံကြတော့တယ် . . . နောက်ရက် ကစပြီး လမ်းလျှောက်ဖော် . . . ဘုန်းကြီးကျောင်းသွားဖော်ရပြီ"

မေမေက ပြုံးပြီးဆိုနေသလောက် သူကတော့ မဆီမဆိုင် စွာတေးမလေးမျက်နှာကိုသာ သွားသွားပြီး ပြေးမြင်နေသည်။

"ဪ ပြောဖို့မေ့နေတယ် . . . သူ့သမီးက တစ်လောကမှ နာမည်တက်လာတဲ့ နှင်းရတီဆိုတဲ့ မင်းသမီးလေ . . . ထင်တော့ ထင်သား . . ဒီမင်းသမီးပေါက်စကို ကြည့်ရတာ တစ်ယောက်ယောက် နဲ့တူတယ်လို့တော့ တွေးမိသား . . . . မေမေကတော့ နှင်းနှင်းကို နောက်ခဲ့သေးတယ် . . . ခမည်းခမက်တော်ကြရအောင်လို့"

"အာ . . . မေမေကလဲဗျာ"

"ဘာ မေမေကလဲဗျာ လဲ . . . သား ဟို ကလေးမလေးကို မတွေ့သေးလို့ပါ . . . တွေ့တာနဲ့ ငါ့သား 'မေမေကလဲဗျာ' လို့ ပြောတော့မှာ မဟုတ်ဘူး"

မာတ်ရှင်တွေ၊ ဘုတ်အုပ်တွေထဲကလို ဇွတ်ပေးစားနေမှ ဒုက္ခ ဟု သူတွေးရင်း ပြုံးမိသည်။

"ဘာ ပြုံးတာလဲ . . . ကြည့်ရတာ တွေ့ပြီးပြီထင်တယ် . . ဟုတ်တယ် မဟုတ်လား"

ဟု မေမေက ပြုံးစိစိဖြင့် မေးသည်။

"တွေ့ပြီးပြီ မေမေရေ . . . ဒါပေမယ့် မေမေထင်သလို တော့ မဟုတ်ဘူး . . ဒီလို . . . . ."

သူ ရှင်းပြမှု အဆုံးမှာ မေမေက ရင်ဘတ်ကို ဖိရင်း 'ဟောတော်' ဟု ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော် . . . ဒါဆို သမီးဘက်က လွန်တာပေါ့"

"အာ . . . မေမေကလဲ . . . သူ့ဘက်က ဒေါသတကြီးနဲ့ ဖြစ်ပျက်နေတာကျတော့ မပြောဘူး"

သူမ နှုတ်ခမ်းကို စူရင်းဆိုဖြစ်သည်။ မေမေက-

"သူ့သားလေးက အရမ်းလိမ္မာတာတဲ့ . . . နောက်ရက်ကျမှ ခေါ်ခဲ့ဦးမယ်လို့ ပြောတယ် . . . ပြောသွားသေးတယ် . . . သူတို့ ဗိုလ်ချုပ်ဈေးမှာ ဖွင့်ထားတဲ့ ရတနာဆိုင်ကို အိမ်မှာ ပြောင်းဖွင့်မလို့တဲ့ . . . အဲဒီအချိန်ကျရင် သမီးနဲ့ ကြော်ငြာရိုက်မယ်တဲ့ သိလား . . . မေမေကလည်း ပြောလိုက်တယ် . . . ရိုက်ပါ ရတယ် . . . အချင်းချင်းတွေပဲ . . အနုပညာကြေး မယူပါဘူးလို့"

"အာ . . . မေမေကလဲ ဘာကိစ္စ အလကား ရိုက်ပေးရမှာလဲ . . . တော်ကြာ သမီးကို အပေါစားထင်နေဦးမယ်"

မျက်မှုန်ကြီးကုတ်ကာ ဆိုသော သူမကို မေမေက ပြုံးရင်း ကြည့်သည်။

"မထင်ပါဘူး သမီးရယ် . . . ငါ့သမီးက နာမည်အသင့်



www.burmeseclassic.com

www.burmeseclassic.com



အတင့်ရနေပြီးသားပဲ ဥစ္စာ . . . သူလည်း စီးပွားရေးသမားဆိုတော့ တက်သစ်စမင်းသမီးတစ်လက်ရဲ့ ကြော်ငြာအတွက် အနုပညာကြေး ဘယ်လောက်ဆိုတာ သိမှာပါ . . . သူကလည်း ပြန်ပြောသွားပါတယ် . . . အနုပညာကြေးမယူရင်လည်း ရင်ထိုးလေးဖြစ်ဖြစ် သူ လက်ဆောင် ပြန်ပေးပါ့မယ်တဲ့"

"အဲဒီလူရဲ့ အမေဆီက မို့လို့ မလိုချင်ပါဘူး"

ပြောရင်း ဧည့်ခန်းထဲမှ ထထွက်လာသော သူမကို မေမေက 'ဟဲ့ ' . . . ဟု ရေရွတ်ရင်း ကျန်နေခဲ့သည်။

အိပ်ခန်းထဲရောက်လာသည်အထိ မေမေပြောသော စကားများကို ပြန်၍ ကြားယောင်နေသည်။

'မေမေတို့က ခမည်းခမက်တော်ချင်နေကြတာ' ဆိုပါလား။

ဘာရယ်မဟုတ် ဒေါသအိုးဖြစ်သော ထိုစာရေးဆရာကို မျက်စိဝယ် ပြန်၍ မြင်ယောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက်တော့ အပျက်အပျက်နဲ့ တကယ်ညားကြတော့မယ် ထင်တယ်"

"ဘာကိစ္စ ညားရမှာတုန်း"

ထွန်းမောင်၏ အဆိုကို သူ မေးခွန်းပြန်ထုတ်ဖြစ်သည်။

"မင်းတို့ရဲ့ အမေနှစ်ယောက်ကြောင့်ပေါ့ကွ . . . ဓာတ်ရှင်တွေထဲကလိုလေ . . . အမေက နှလုံးရောဂါနဲ့ အကျပ်ကိုင်လို့ ယူလိုက်ရတာမျိုး"

"မဟုတ်တာ . . . ဖြစ်စရာအကြောင်းကို မရှိဘူး . . . သူ့အမေရော ငါ့အမေရောက အသန်အမြန်ကြီး . . . ဘာရောဂါမှ မရှိဘူး . . . ငါတို့ လူငယ်တွေထက်တောင် ကျန်းမာသေးတယ်"

သူ့စကားကြောင့် သကောင့်သားနှစ်ကောင်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး 'မပြောတတ်တော့ဘူး' ဟုဆိုကာ ခေါင်းကို ကိုယ်စီကုတ်ကြသည်။

"တကယ်လို့ ဖွတ်ကြီးပေးစားရင်ကောကွာ"

ဇေယျာက မျက်လုံးစုံမှိတ်ရင်း ဖွတ်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇွတ်ကြီးပေးစားတော့လည်း ဇွတ်ကြီး ငြင်းမှာပေါ့ကွ . . ကလေးမှ မဟုတ်ပဲ . . . သူနဲ့ငါနဲ့က မင်းတို့သိတဲ့အတိုင်း နည်းနည်းလေးမှ အပေါက်အလမ်း တည့်တာမဟုတ်ဘူး . . . အခုလည်း အဆင်မပြေသလို နောင်လည်း အဆင်ပြေမှာ မဟုတ်ဘူး"

သူ့စကားအဆုံးမှာ ထွန်းမောင်က ခေါင်းကို ရမ်းသည်။

"စကားကို အဲဒီလို ကုန်အောင်ပြောလို့ မရဘူး စစ်ငြိမ်းလူ . . . ကံဆိုတာ မမြင်ရဘူး . . . ကဲ မင်းရဲ့ ဖူးစာရှင်က နှင်းရတီ ဖြစ်နေပါပြီတဲ့ . . . မင်းဘယ်လိုရှောင်မလဲ . . . ဖူးစာပါလာရင် ဘာမှလုပ်လို့ မရဘူး ငါ့ကောင်"

ထွန်းမောင်က ဆရာကြီးအထာဖြင့်ဆိုသည်။

"ဟကောင်တွေ စကားပြောတာ ခဏရပ်ပြီး ဟိုမှာ ကြည့်လိုက်ဦး"

ရုတ်တရက်ကြီး ထ၍ ဆိုသော ဇေယျာ၏စကားကြောင့် ဇေယျာ ညွှန်ရာဆီ သူရော ထွန်းမောင်ပါ ကြည့်ဖြစ်ကြသည်။

"ဟင်"

'ဟင်'ခနဲ ရေရွတ်မိသည်အထိ သူအံ့ဩသွားရသည်။ သူတို့ရှေ့မှာ နှင်းရတီက ခပ်ဖြောင့်ဖြောင့် ငနဲတစ်ကောင်နှင့်အတူ ရယ်ကာမောကာဖြင့် ဈေးဝယ်နေကြသည်။

တကယ်တော့ လွတ်လပ်သူ တစ်ယောက်အနေဖြင့် အရွယ်ရောက်ပြီးသူ တစ်ယောက်အနေဖြင့် ယောကျ်ားတစ်ယောက်နှင့် သူငယ်ချင်းအနေနှင့်သော်လည်းကောင်း၊ ချစ်သူအနေနှင့်သော်လည်းကောင်း တွဲသည်မှာ ထူးတော့ မထူးဆန်း။

သို့သော် သူ့ရင်ထဲမှာတော့ နင်တင်တင်ကြီး ဖြစ်ကာနေသည်။ မနာလိုတာလား ဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးသော်လည်း ဟုတ်သလိုလို မဟုတ်သလိုလို မရေရာလှ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ဟတ်ထိသွားလား ငါ့ကောင်"

"ဘယ်ကလာ"

ဇေယျာ၏အမေးကို 'ဘယ်ကလာ' ဟု ဆိုဖြစ်သော်လည်း စိတ်ထဲမှာတော့ တစ်မျိုးကြီးဖြစ်ကာနေသည်။

နှင်းရတီက ထိုငနဲဖြင့် တွဲလျှောက်နေရာက ဆတ်ခနဲ သူ့ကို မြင်သွားသည်။ သူ့ကို မြင်လိုက်သည့်ခဏ သူမ၏ မျက်နှာပေါ်မှ အပြုံးတို့က ရုတ်တရက် ပျောက်ကွယ်ကာ သွားသည်။ သို့သော် ဘယ်လောက်မှ မကြာလိုက်။ ဖျတ်ခနဲ ချိုအီစွာ ပြုံးပြရင်း ဘေးမှ ငနဲနှင့် စကားတွေ ဆက်ပြောကာ တစ်ဖက်ကို ချိုးသွားသည်။

"အဲဒီလူက အခုတစ်လော နှင်းရတီလိုပဲ နာမည်တက်လာတဲ့ မင်းသားလေ ... အောင်သူရဝင်းတဲ့"

ထွန်းမောင်က မမေးရပါဘဲနှင့် ရှင်းပြသည်။

"ဩော်"

'ဩော်' ဟုသာ မသိလိုက် မသိဘာသာ စိတ်မဝင်စားသလို ဆိုဖြစ်သည်။ ရင်ထဲမှာတော့ ဟာတာတာကြီး ဖြစ်နေသည်က အမှန်။

www.burmeseclassic.com

www.burmeseclassic.com

# ၈၁

"လာ လာ . . . မငြိမ်း လာ . . . ဩော် . . သားလည်း ပါတာကိုး . . . လာ သား ငြိမ်းရဲ့သားက လူချောလေးပဲ"

နှင်းရတီ၏အမေက သူတို့ သားအမိနှစ်ယောက်ကို နွေးနွေး ထွေးထွေးပင်ကြိုသည်။ 'ငြိမ်းရဲ့သားက လူချောလေးပဲ' ဆိုသော သူမအမေ၏စကားကြောင့် သူမမျက်နှာ မှဲ့ခနဲ ဖြစ်သွားသည်ကို သူမြင်ဖြစ်အောင် မြင်လိုက်ရသည်။

"အခုမှပဲ သားနဲ့ဆုံရတော့တယ် . . . သား အရမ်းလိမ္မာ တဲ့အကြောင်း သားမေမေပြောပြလို့ အန်တီကြားပြီးပါပြီ . . . သားက ဗိသုကာအင်ဂျင်နီယာအလုပ်က တစ်ဖက် . . . စာရေးရတာက တစ်ဖက်ဆိုတော့ အရမ်းပင်ပန်းမှာပေါ့"

"ဒီလိုပါပဲ အန်တီ . . . ကိုယ်ဝါသနာပါတာတွေ လုပ်ရတာ ဆိုတော့လည်း . . . ပင်ပန်းတယ်ရယ်လို့တော့ မရှိပါဘူးခင်ဗျ . . ဟုတ်ကဲ့"

အန်တီနှင်းကို သူ ရိုကျိုးစွာပင်ပြန်၍ ဆိုဖြစ်သည်။ သူ့ စကားကို မဲ့ကာရွဲ့ကာဖြင့် နားထောင်နေသော သူမကို သူ အခါချက် တော့ လှမ်းကြည့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းရဲ့ သမီးလေးက အပြင်မှာ ပိုချောတာပဲ"

"အန်တီက မြှောက်နေပြန်ပါပြီ . . . အန်တီ ဘာစားမလဲ ဟင်"

နည်းနည်း အိုဗာဖြစ်နေသော ဖော်ရွေမှုမျိုးဖြင့် သူမက မေမေ့ကို ခပ်ချွဲချွဲဆိုသည်မို့ သူ နှာခေါင်းရှုံ့ဖြစ်သည်။ စိတ်ထဲမှာလည်း 'ဓာတ်ရှင်ရိုက်နေတယ်များ အောက်မေ့နေလား မသိဘူး' ဟု တွေးမိသည်။

"သမီးလေး နေမကောင်းဘူးဆိုလို့ လာကြည့်တာ သမီးရဲ့ . . . ရော့ ဒီမှာ သမီးအတွက်"

မေမေက သူဆွဲလာခဲ့သော အိတ်ကို သူမဘက်တိုးပေးရင်း ဆိုသည်။

"မဟုတ်တာ ငြိမ်းရယ် . . . အချင်းချင်းတွေပဲဟာ . . မလိုပါဘူး"

"ဟုတ်သားပဲ အန်တီရယ် . . . သမီး အားနာလိုက်တာ"

လိုအပ်တာထက် ပိုနေပြန်သော သူမ၏ ပစ်ချွဲချွဲအမူအရာတိုကြည့်ရင်း သူမျက်မှန်ကုက်ကာ တစ်ဖက်လှည့်ဖြစ်သည်။

"ပိုကိုပိုတယ် . . . ရိုးရိုးတန်းတန်းပြောလည်း ရရဲ့သားနဲ့ . . အိုဗာတင်းတွေ ဖွတ်လုပ်နေတယ်"

ဟုလည်း တစ်လက်စတည်း တွေးဖြစ်သည်။

"သမီးက ဘယ်လိုလုပ်ပြီး နေမကောင်းဖြစ်သွားရတာလဲ နှင်း"

မေမေက အန်တီနှင်းကို ကြည့်ရင်းဆိုသည်။

"အလုပ်ပိပြီးတော့ အအိပ်မမှန် . . . အစားမမှန်ဆိုတော့ Pressure ကျတာပါ . . . ဆရာဝန်က တစ်ပတ်လောက် နားလို့ ပြောတဲ့ဥစ္စာကို သူက လေးရက်လောက်နားရင် မရဘူးလား ဆို့



www.burmeseclassic.com

www.burmeseclassic.com



ဈေးကပ်ဆစ်နေသေးတယ်လေ”

အန်တီနှင်း စကားအဆုံးမှာ မေမေက

‘လုပ်တော့မယ် . . . သမီးလေးကတော့လေ’ ဟု ရယ်၍ ချစ်စနိုးဆိုသည်။ သူမက ကလေးတစ်ယောက် ဇက်ပုသလို ပုံစံမျိုး လုပ်ပြီး ‘ဟဲဟဲ’ ဟုမေမေ့ကို ရယ်ပြသည်။ ဒီလိုကျပြန်တော့လည်း သူမက ချစ်စရာကောင်းနေပြန်သည်။

“ဒါနဲ့ သမီးက ရည်းစားတွေ ဘာတွေ ရနေပြီလား”

ထင်မှတ်မထားသော မေးခွန်းမို့ သူပင်လျှင် အူကြောင်ကြောင်ဖြစ်သွားရသည်။ မေမေ့အမေးကြောင့် သူမက ရှက်အမ်းအမ်း ဖြစ်ကာသွားသည်။ အတန်ကြာမှ . . .

“အဟီး . . . တစ်ယောက်တော့ ထားဖူးတယ် . . . သရုပ်ဆောင်မလုပ်ခင်က . . . အခုတော့ ရည်းစားလက်မဲ့ဖြစ်နေတယ်. . ရည်းစားထားတယ်ဆိုတာကလည်း နာမည်ပါပဲ . . . လူချင်းတွေ့ဖို့ မပြောနဲ့ ဖုန်းတောင် နှစ်ခါလား ဆက်လိုက်ရတယ်. . . မေမေက ရည်းစားထားချင်ရင် မင်းသမီး မလုပ်နဲ့ . . . မင်းသမီး လုပ်ချင်ရင် ရည်းစားမထားရဘူးဆိုလို့ ဖြတ်လိုက်တယ် . . . အခုလည်း မထားရဲဘူး . . . မေမေ့လူတွေက ဘယ်သွားသွားရှိနေတော့ . . . သမီးကိုယ်၌ကလည်း စိတ်မဝင်စားပါဘူး . . . အလုပ်ပဲ လုပ်ချင်သေးတယ်”

ခေါက်ရိုးကျိုးနေသော အပ်ကြောင်းထပ်နေသော အမြဲမျိုး’ ဟု သူ ခေါင်းစဉ်တပ်ပစ်လိုက်သည်။ ဟိုတစ်လောကပင် ဇနဲ တစ်ကောင်နှင့် စင်တာတစ်ခုမှာ ဆုံခဲ့သေးသည်ပဲ။

“အိမ်က သားတော်မောင်လည်း အတူတူပဲ . . . သူ့သူငယ်ချင်းတွေ မြှောက်ပေးလို့ ရည်းစားနှစ်ယောက် ထားဖူးတယ် . . သမီးပြောသလို နာမည်ပဲထားတာ . . . သူ့သူငယ်ချင်းတွေ ဝိုင်းနှောက်ကြလို့ ဖြတ်ရော”



www.burmeseclassic.com

www.burmeseclassic.com



မေမေ့စကားကြောင့် သူ ကြိတ်ပြုံးမိသည်။ 'မေမေရေ မေမေသိတာက နှစ်ယောက်၊ မေမေ မသိလိုက်တာက တစ်ယောက် နှစ်ယောက်တည်းမဟုတ်ဘူး . . . သုံးယောက်ဗျ . . သုံးယောက်"

ဟု စိတ်ထဲမှာ ဆိုဖြစ်သည်။

"ဒီခေတ်ကလေးတွေကလေ ရည်းစားထားဖို့ထက် အလုပ်ကိုပဲ ပိုပြီး ဦးစားပေးနေကြသလားလို့ . . . အခုတလော မင်္ဂလာဆောင်တွေ သွားလိုက်ရင် သတို့သား သတို့သမီးတွေက သုံးဆယ့်ငါး ပတ်ချာလည်တွေ များတယ် . . . နှင်းတို့တုန်းက နှစ်ဆယ့်ငါးလောက်ဆို ယူနေကြပြီ . . . တချို့ဆို နှစ်ဆယ်လောက်နဲ့တောင် ယူကြတယ်နော်"

"ဟုတ်ပ"

အန်တီနှင်းနှင့် မေမေနှင့်က ရှေးဟောင်းနှောင်းဖြစ်တွေ ပြောရင်း စကားကောင်းသွားကြသည်။

ထိုစဉ်မှာပင် သူ့ဘေးမှ လွတ်နေသောဆိုဖာပေါ်သို့ ကြောင်တစ်ကောင်က ခုန်တက်ကာ ထိုင်သည်။

ထိုကြောင်ကား အခြားမဟုတ် . . . သူမ Rain ဟုခေါ်ဝေါ်နေသော ကြောင်မသားပင်ဖြစ်သည်။ ကိုရွှေကြောင်က 'ညောင်' ဟု အော်လိုက်ရင်း ဆတ်ခနဲ သူ့ပေါင်ပေါ်တက်၍ ထိုင်သည်။

ဖြစ်နိုင်လျှင်တော့ သူ့ပေါင်ပေါ် လာတက်ထိုင်နေသော ဝင်းကြောင်မသားကို သူ ကုပ်ကကိုင်ပြီး ကိုင်ပေါက်လိုက်ချင်သည်။ သို့သော် သူ့ကို မသိမသာကြည့်နေသော မေမေအပါအဝင် သူမတို့သားအမိနှစ်ယောက်ကြောင့် သူကြောင်ကိုလည်း မပွတ်သပ်ဘဲ ဒီအတိုင်း တောင့်တောင့်ကြီး ထိုင်နေဖြစ်သည်။

ဘာရယ်တော့မဟုတ် သူမနှင့် ဗိုင်းခနဲ အကြည့်ချင်းဆုံသည်။ သူမ၏အကြည့်ကို သူ မကြိုက်။ အဓိပ္ပာယ်လည်း သူမဖော်



www.burmeseclassic.com

www.burmeseclassic.com



တတ်။ သို့သော် မကြိုက်တာက မကြိုက်တာပဲဖြစ်သည်။

ဖြစ်နိုင်လျှင်တော့ စောစောက သူတွေးသလိုမျိုး ကြောင်စုတ်ကို သူမရှေ့မှာပင် ကုပ်ချီးကာ ဖနောင့်ဖြင့် ပေါက်ပြလိုက်ချင်သည်ပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအိမ်ကိုရောက်ပြီး မကြာမီမှာပင် နောက်တစ်ခေါက် ရောက်ရန် အကြောင်းဖန်လာသည်။ သူ သီချင်းနားထောင်နေတုံး မေမေက

"သားရေ . . . အန်တီနှင်းတို့အိမ်က . . . မီးဘာဖြစ်သွားတယ်ဆိုလည်း မသိဘူး . . . တစ်ချက်သွားကြည့်ပေးလိုက်ပါဦး"

"အာ. . . သူတို့အိမ်မှာ တခြားလူတွေရှိနေတာပဲ . . . အဲဒီလူတွေကို ခိုင်းတာမဟုတ်ဘူး"

သူ့စကားကြောင့် မေမေက ပြုံးသည်။

"ရင်းနှီးမှုရအောင်လို့ မေမေက လွှတ်လိုက်မယ်လို့ ပြောလိုက်တာ သားရဲ့ . . . ကဲပါ သွားကြည့်ပေးလိုက်ပါ"

စကားကျွံထားပြီးသား ဖြစ်နေသည်မို့ သူ လိုအပ်သည့် ပစ္စည်းတချို့ယူပြီး တစ်ဖက်အိမ်ကို သူ ကူးခဲ့ဖြစ်သည်။

"လာ . . . လာ . . . သား"

အန်တီနှင်းက သူ့ကို ဆီး၍ကြိုကာနေသည်။ 'သူမ ရှူတင်များသွားနေသလား' ဟူသော သူ့အတွေးက သူမတို့အိမ်၏ ဧည့်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့မှ ရှင်းသွားတော့သည်။

ညှော်ခန်းထဲမှာ သူမနှင့်အတူ တလောက အတူစျေးဝယ် နေသော ငနဲက စကားကောင်းနေကြသည်။ သူ မမြင်ချင်ယောင် ဆောင်ကာ အန်တီခေါ် ရာဘက်ကို လိုက်ခဲ့ဖြစ်သည်။ စိတ်ထဲမှာ တော့ 'တော်တော်အားနေကြပုံရတယ်' ဟု ခပ်ချဉ်ချဉ်ဖြင့် တွေးမိ သည်။ ပြီးမှ 'ငါနဲ့ ဘာမှ မှမဆိုင်တာ' ဟု တွေးမိရင်း ကိုယ့်ကိုကိုယ် နားမလည်နိုင်ဖြစ်သွားရသည်။

"သမီးရဲ့ သူငယ်ချင်း မင်းသားလေ . . . သမီးကို Propose လုပ်ထားတယ်တဲ့ . . . သမီးကတော့ ငြင်းလိုက်တယ်လို့ ပြောတယ် . . ဒီလိုပဲ အလုပ်ကိစ္စအကြောင်းပြပြီး အိမ်ရောက်ရောက်လာတတ် တယ် . . . အန်တီကတော့ ပုံမှန်ပဲ ဆက်ဆံတယ် . . . သမီးကတော့ အပြတ်ပြောလိုက်မယ်လို့ ပြောတာပဲ . . . ဒီခေတ်ကလေးတွေက လည်း မလွယ်ဘူးနော် . . . ငြင်းထားရဲ့သားနဲ့ ခွာကိုမခွာတော့ဘူး"

အန်တီနှင်းက သူ့ရင်ထဲကို ထိုးဖောက်မြင်နေသည့်အလား မမေးရပါဘဲနှင့် ဆိုသည်။ ငြင်းထားသည်ဟုလည်း ဆိုသေး၊ တစ်နေ့ ကကျတော့လည်း စင်တာမှာ တပြုံးပြုံးနှင့် ဈေးအတူတူဝယ်နေကြ သေးသည်။ မိန်းကလေးများ၏ စိတ်ကို သူ နားမလည်နိုင်တော့၊ 'မတွေးတာပဲ ကောင်းပါတယ်' ဟု တွေးရင်း သူ မီးဘူတ်ကို ဖွင့်ကြည့် ဖြစ်သည်။

"ဖျူး(စ်) ပြတ်သွားတာ အန်တီရ . . . သား ပြန်လဲပေးခဲ့ မယ်"

"အေးပါကွယ် . . . အဆင်ပြေသလိုသာ လုပ်ပေးခဲ့ပါ . . တော်သေးတာပေါ့ သားရှိနေလို့ . . . အင်း တကယ်တမ်း အ[illegible] ဟယ် အကြောင်းရယ်ဆိုရင် သားယောက်ျားလေးရှိမှ အားကိုးရ[illegible] . . . ငြိမ်းက ကံကောင်းလိုက်တာ"

www.burmeseclassic.com



လောက၏ ထုံးစံအတိုင်း သားရှိသူက သမီးကိုတောင့်တကာ သမီးရှိသူက သားတွေကို တောင့်တသလိုမျိုး လူတော်တော်များများဆိုနေကြအတိုင်း အန်တီနှင်းက သားတစ်ယောက် တောင့်တဟန်ဖြင့်ဆိုသည်။

တကယ်တော့ ဘာကိုဆိုလိုမှန်း သူသိသည်။

"ကဲ . . ပြီးသွားပြီ အန်တီ"

"အေးကွယ် ကျေးဇူးပါပဲ . . . အအေးလေး ဘာလေး သောက်သွားဦး . . . ဟဲ့ မိန္ဒြေး အအေးတစ်ခွက်ဖျော်ခဲ့"

"အာ နေပါစေတော့ အန်တီ . . . သားအိမ်မှာ လုပ်စရာလေး ကျန်ခဲ့လို့ နောက်ကြုံမှပဲ သောက်တော့မယ်"

အန်တီနှင်း၏ စကားကို သူငြင်းဖြစ်သည်။ အန်တီနှင်းတိုက်သော အအေးကို သောက်နေလျှင် သူမတို့နှစ်ယောက်နှင့် မျက်နှာချင်းဆိုင်နေရဦးမည်။

"အေး အေး ဒါဖြင့်လည်း ပြီးရော . . . သားမေမေကို ပြောလိုက်ဦး . . . နေ့လယ်ခင်းမှ အန်တီလာလည်ဦးမယ်လို့"

"ဟုတ်ကဲ့ အန်တီ"

သူ အန်တီနှင်းကို နှုတ်ဆက်ပြီး ပြန်ထွက်အလာမှာ ဧည့်ခန်း၌ စကားကောင်းနေဆဲဖြစ်သော သူမတို့နှစ်ယောက်ကို တွေ့ရသည်။ သူမတို့နှစ်ယောက်က ဖျတ်ခနဲ သူ့ကို မော့ကြည့်သည်။

သူမနှင့် ဆတ်ခနဲ အကြည့်ချင်းဆုံသည်။ သူ တမင်ပင် မျက်နှာလွှဲပစ်လိုက်သည်။

"ပြန်ပြီလား ကိုစစ်ငြိမ်းလူ"

ထင်မှတ်မထားသော သူမ၏ နှုတ်ဆက်မှုကြောင့် သူ့အံ့အားသင့်သွားရသည်။ အဝင်တုန်းက နှုတ်မဆက်ပါဘဲ အထွက်ကျမှ ဘာကိစ္စ နှုတ်ဆက်တာပါလိမ့်ဟု သူဆက်တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . အင်း ပြန်ပြီ"

ဝတ်ကျောတန်းကျောပင် သူ ပြန်နှုတ်ဆက်ဖြစ်သည်။ အိမ်အပြင်ရောက်လာသည်အထိ သူတွေး၍မရသေး။ ချိုအီစွာ ပြုံးရင်းလှမ်းနှုတ်ဆက်လာသော သူမ၏စိတ်ကို ခန့်မှန်း၍မရဘဲ ရှိကာနေသည်။ မကောင်းတတ်၍ နှုတ်ဆက်တာပဲဖြစ်မည်ဟုလည်း တွေးမိသည်။

ဟိုကောင်နှင့် ရှိနေခဲ့သည်ကို သူသိစေချင်၍ပဲလား။ သို့မဟုတ် ဟိုငနဲစိတ်ထဲ တစ်မျိုးတစ်မည်ဖြစ်သွားအောင် တမင် သူ့ကိုနှုတ်ဆက်သည်လား။ အကယ်၍ ဟိုငနဲကို ဖွဲ့ချင်လျှင်လည်း သူ ဝင်လာစဉ်ကတည်းက နှုတ်ဆက်ဖို့ကောင်းသည်။ တွေးရင်း တွေးရင်းနှင့်ခေါင်းပူလာသည်မို့ သူခေါင်းကို ဘယ်ညာရမ်းဖြစ်သည်။ ထို့ကြောင့်လည်း ရှေးလူကြီးများက လူ့စိတ် အတွင်းသဘောကို ခန့်မှန်းရခက်လှကြောင်း စာတစ်တန် ကဗျာတစ်တန် ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။

စိတ်လေလေဖြင့်ပင် ဂီတာကို ဆွဲယူကာ ရောက်တတ်ရာရာကို လျှောက်တီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဝင်လာသောကြောင့် သူ့အိတ်ကပ်ထဲမှ ဖုန်းကို သူ ထုတ်ကြည့်ဖြစ်သည်။ နံပါတ်က သူသိကျွမ်းထားသော နံပါတ်မဟုတ်။

"ဟဲလို"

"ကိုစစ်ငြိမ်းလူလား"

"ဟုတ်ပါတယ်"

"ကျွန်မ နှင်းရတီပါ"

"ဗျာ . . . ဪ"

ထင်မှတ်မထားသည်မို့ သူ အကြီးအကျယ် အံ့အားသင့် သွားရသည်။

"ရှင် အခုဘယ်မှာလဲ"

"ဆာကူရာတာဝါ အထပ်နှစ်ဆယ်က . . . "

"ရပြီ . . . အခု ကျွန်မလာခဲ့မယ် . . . ဆယ်မိနစ်လောက် စောင့်ပေး . . . ရှင့်ကို ကျွန်မပြောစရာရှိတယ်"

'ဆာကူရာတာဝါ အထပ်နှစ်ဆယ်' ဟုသာ ပြောရသေး သည်။ စကားပင် မဆုံးသေး သူမက စကားဖြတ်ကာဆိုသည်မို့ သူ အောင့်သက်သက်ဖြစ်သွားရသည်။

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



စကားပြောစရာရှိသည် ဆိုပါလား ဘာများပါလိမ့်။

"ဘယ်သူလဲကွ"

"နှင်းရတီ"

ထွန်းမောင်က သူ့အဖြေကြောင့်မျက်လုံးကြီးပြူးကာဇေယျာကိုကြည့်သည်။ ဇေယျာက ပြုံးဖြီးဖြီးဖြင့်

"ဟ . . . ဖုန်းတွေ ဘာတွေတောင် ဟိုဘက်က စဆက်တဲ့အဆင့်တောင် ရောက်နေပြီပေါ့ . . . စာရေးဆရာ ပီသတယ်ကွာ ဘယ်အချိန်မှာ ဘယ်လိုအကွက်တွေ သုံးသွားတယ်မသိဘူး . . . ငါ့ကောင် မင်းတော်တော်ကြီးကို တိုးတက်လာပြီပဲ"

ဇေယျာ၏စကားကြောင့် သူ မချိပြုံး ဟက်ခနဲပြုံးဖြစ်သည်။

"အမှန်အတိုင်းပြောရရင် သူ ငါ့ဖုန်းနံပါတ် ဘယ်လိုသိသွားလဲဆိုတာ ငါ မသိဘူး . . . နောက် ဘာကိစ္စ ငါ့ဆီဖုန်းဆက်မှန်းလည်းမသိဘူး . . . ဒါ ပထမဆုံးပဲ ငါကိုယ်တိုင်တောင် အံ့ဩနေတာ"

"ဘာတဲ့လဲ"

ထွန်းမောင်က စိတ်ဝင်တစားဖြင့်မေးသည်။

"သူ ငါ့ကို စကားပြောစရာရှိတယ်တဲ့ . . . ဒီမှာပဲ ခဏစောင့်တဲ့"

"ဘာကိစ္စပါလိမ့်" ဟု ဇေယျာကဆိုသည်။

"တစ်ခုခုနေမှာပေါ့ကွာ"

ဟု ကျွန်တော်ဆိုဖြစ်သည်။ "အဲဒါတော့ မင်းပြောမှလား" ဟု ဇေယျာက ဘုပြန်တောသည်။

"မသိပါဘူး . . . ငါက ငါတို့ကောင် အတော်ကြီးကိုတိုးတက်လာပြီ ဆိုပြီးတော့ အထင်တွေကြီးနေတာ"

ထွန်းမောင်က အရယ်တစ်ဝက်ဖြင့်ဆိုသည်။ သူမျက်နှာပူပူနွေးနွေးပင် လိုက်ရယ်ဖြစ်သည်။ သူတို့ နှစ်ကောင်မှမဟုတ်။ ထူး



www.burmeseclassic.com

www.burmeseclassic.com



အတော်များများက သူ့ကို ရည်းစားကဏ္ဍမှာ ဆရာကြီးဟု ထင်နေကြသည်။ တကယ်တမ်းကျ သူက မူကြိုအဆင့်မှာပဲရှိသေးသည်။ သူ အမှန်တကယ်ကြိုက်သော ခိုက်သော ကောင်မလေးပေါ်မလာသေးတာကြောင့်လည်း သူ တည်တည်ငြိမ်ငြိမ် ဖြစ်နေတာလည်း ဖြစ်မည်။

"ဒါနဲ့ မင်းတို့ နှစ်ကောင် နှင်းရတီရဲ့ သူငယ်ချင်းတွေကို Intro လုပ်တာ အဆင်ပြေရဲ့လား"

"ပြေရုံတင် ဘယ်ကမလဲ ဖုန်းတွေတောင် ညတိုင်းဆက်ဖြစ်နေကြပြီ"

သူ့အမေးကို ထွန်းမောင်က ဝံ့ကြွားစွာဖြင့်ဖြေသည်။

"မင်းလို ခပ်တုံးတုံးမဟုတ်ဘူးကွ စာရေးဆရာရ"

ဇေယျာကပါ ထပ်ဆင့် နှိပ်ကွပ်သည်မို့ သူအောင့်သက်သက်ဖြင့် ရယ်ဖြစ်သည်။ တကယ်တော့ သူကိုယ်၌ကလည်း ခပ်အေးအေးနေသူမို့သာ။ သူသာအပျော်တမ်း ရည်းစားထားချင်လျှင် သူ့ဘေးမှာဝိုင်းနေသော ကောင်မလေးတွေက တစ်လှေကြီးဖြစ်သည်။ ဤသည်ကို သကောင့်သားနှစ်ကောင် မသိ၍မဟုတ် သိသည်။ တမင် သူ့ကို နောက်နေကြခြင်းသာ ဖြစ်သည်။ ဘာရယ်မဟုတ် ဖျတ်'ခနဲ သူမများ ရောက်လာပြီလားဟု သူတစ်ချက် ဝေ့ကြည့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၉၂

ဘယ်နေရာမှာပါလိမ့်ဟု သူမ ဝေ့ကြည့်ဖြစ်သည်။ ထောင့်ဝိုင်းတစ်ဝိုင်းမှာ ထိုင်ကာနေသည့် ထိုလူကို မြင်နေရသည်။ သူ့ဘေးမှာ သူ့သူငယ်ချင်းနှစ်ယောက် ထိုင်နေသည်။

ပြီး ကောင်မလေး နှစ်ယောက်က သူ့ဘေးမှာ စာအုပ်တစ်အုပ်ဖြင့် ဘာရေးခိုင်းနေသည်မသိ။ အော်တိုရေးခိုင်းနေသည်ဟု ထင်သည်။

"အာ . . . ဆရာကလည်း ဖုန်းနံပါတ်လေးတောင် ပေး မပေးဘူး"

"ကျွန်တော့်မှာ ဖုန်းမရှိဘူးဗျ"

"မလိမ်ပါနဲ့ . . . ဒါဆို ဆရာ့ခါးက ဖုန်းက ဘယ်သူ့ဖုန်းလဲ"

"ဒါ ဒီ. . . အဲ . . ဒီ . . . ဒီကောင့်ဖုန်း . . ဒီကောင့်မှာ ဖုန်းနှစ်လုံးရှိလို့ သူက တစ်လုံး ခဏငှားထားပေးတာ . . သူ ပြန် တောင်းတဲ့အချိန် ပြန်ပေးရမှာ. . . အဲဒါကြောင့် ဟုတ်တယ်နော် ထွန်းမောင်"

"အင်း ဟုတ်တယ် . . ဟုတ်တယ် . . ဟကောင် ဖုန်းဘေ



www.burmeseclassic.com

www.burmeseclassic.com



တွေ အများကြီးကျအောင် ပြောမထားနဲ့နော် . . . သတိရတုန်း မှာထားရဦးမယ်”

သူနှင့် သူ့သူငယ်ချင်းထွန်းမောင်က ဖုန်းနံပါတ်မပေးချင်သည်မို့ ဟိုတွေ့သည်ပတ်လုပ်ကာ နေသည်။ သူမ စိတ်ထဲမှာ ဘာကြောင့်မှန်းမသိ ဒေါကန်လာသည်။ သူမရောက်လာသည်ကို ထိုလူ သတိမထားမိခြင်းအတွက်လား ဘာလားတော့မသိ။

“ရပါတယ် . . . ဖုန်းနံပါတ်မပေးချင်လို့ ရုပ်ရှင်ရိုက်နေတာ မဟုတ်လား . . . မပေးလဲ နေပေ့ါ”

ပြောပြောဆိုဆို ကောင်မလေးနှစ်ယောက်က ဆောင့်ကြီးအောင့်ကြီးဖြင့် သူတို့ဝိုင်းမှ ထွက်ကာသွားသည်။

“သွားလေ . . နှင်း”

သူမနောက်မှ သူမနှင့်အတူပါလာသော မူယာက ‘သွားလေ’ ဟုဆိုသည်။ မျက်မှန်အကြီးကြီး တပ်ထားသော သူမကို သူ့ဝိုင်းဘေးမှ ထွက်လာသော ကောင်မလေးနှစ်ယောက်က သေသေချာချာကြည့်သည်။

တစ်ယောက်က

“ဟဲ့ နှင်းရတီနဲ့ တူသလားလို့”

“မတူပါဘူး . . . နင်ကလဲ”

တိုးတိုး တိုးတိုးဖြင့် ကောင်မလေးနှစ်ယောက်က သူမဘေးမှ ဖြတ်ကာသွားသည်။

သူမလာနေသည်ကို မြင်သွားသော ထိုလူက ရုတ်တရက် လက်ပြသည်။ ရင်းရင်းနှီးနှီး ပုံစံပေါက်နေသော သူ့အပြုအမူကို ဘာရယ်မဟုတ် နည်းနည်းတော့ ကျေနပ်ချင်ချင်ကြီး ဖြစ်ကာသွားသည်။

ထွန်းမောင်ဆိုသော သူ့သူငယ်ချင်းက သူမတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ရင်း 'နီနီ မပါဘူးလား' ဟုမေးသည်။

"လာခဲ့မယ်တဲ့ . . . တော်တော်အဖြစ်သည်းတယ်နော်"

မှူယာက မျက်စောင်းထိုးရင်းက ဆိုသည်။ ထွန်းမောင်က 'အဟဲ' ဟု ရှက်ရယ်ရယ်သည်။ မှူယာတို့နှစ်ယောက်နှင့် ထိုလူ၏ သူငယ်ချင်းနှစ်ယောက် ဖုန်းနှင့်အဆက်အသွယ်ရှိနေကြမှန်း မှူယာတို့ပြောပြသဖြင့် အရိပ်အမြွက်လောက်တော့ သူမသိထားသည်။

"ဘာပြောဖို့ရှိလဲ မသိဘူး"

ထိုင်ထိုင်ပြီးချင်းမှာပင် ထိုလူက သူမကို စိုက်ကြည့်ရင်း မေးသည်။ လာတုန်းကတော့ ဒေါသအပြည့်ဖြင့် မောင်းတင်လာခဲ့သော်လည်း တကယ်တမ်းမျက်နှာချင်းဆိုင်ဆုံသောအခါ သူမ,ပြော ရမှာ နည်းနည်း အားနာသလိုလို ဖြစ်ကာနေသည်။ သို့သော် မပြော မပြီး မတီးမမြည်မို့ သူမ အားကို စုကာပြောစရာရှိတာကို ပြောမှ ဖြစ်မည်ဟု မာန်ကိုတင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေတို့က ရှင်နဲ့ ကျွန်မကို ပေးစားဖို့ စီစဉ်နေတာ ရှင် သိလား"

အနည်းငယ် မရွံ့မရဲဖြစ်နေသော အမူအရာဖြင့် သူမ ဆိုလာသောစကားကြောင့် သူ 'ဩ ဒီကိစ္စကိုး' ဟု တွေးမိသည်။

"အင်း . . . ဒီနေ့မနက်တုန်းက မေမေပြောတယ်"

သူ မျက်နှာဒုပ္ပုပ္ပုဖြင့် ဆိုဖြစ်သည်။ သူမက မျက်နှာကို တစ်ဖက်သို့ ဆတ်ခနဲ လွှဲသည်။ ပြီး . . .

"အဲဒီကိစ္စကို ရှင် ငြင်းပေးပါ"

"ဘာ . . ."

"အဲဒီကိစ္စကို ကျွန်မ လုံးဝလက်မခံနိုင်ဘူး"

နောက်တစ်ခေါက် ထပ်၍ ဆိုသောစကားကြောင့် သူ ထောင်းခနဲ ဒေါသတို့ ထွက်သွားရသည်။

"အဲဒီကိစ္စကို မင်း ငါ့ဆီလာပြောနေစရာ မလိုဘူးလေ. . ခင်းလက်မခံနိုင်ရင် . . . မင်းဘာသာမင်း မင်းရဲ့အမေကို သွားပြော ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဒေါသကို အတတ်နိုင်ဆုံး ထိန်းရင်း ဆိုဖြစ်သည်။

"ကျွန်မကလဲ ရှင့်ဆီလာပြောချင်လွန်းလို့တော့ မဟုတ်ဘူး ... မေမေ့ကို ဘယ်လိုမှ ပြောလို့မရလို့"

သူမကလည်း အနည်းငယ်ပိုမာလာသော လေသံဖြင့် ဆိုသည်။

"အဲဒီတော့ ..."

"မေမေတို့က နောက်လထဲမှာ ရက်တွေတောင်ရွေးနေပြီ ဆိုတော့ ဘာမှမစီစဉ်ရသေးခင် အချိန်မီ ရှင်ရအောင် ငြင်းပေးပါ ... ဒီကိစ္စကို ကျွန်မ ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘူး"

အမိန့်သံဆန်သော ခပ်ပြတ်ပြတ်စကားကြောင့် သူ သည်းခံနိုင်စွမ်းတို့ ကုန်ကာလာသည်။ သူမက လက်မခံနိုင်ဘူးဟု ခါးခါးသီးသီး ငြင်းနေသောကိစ္စကို သူကပဲ စီစဉ်ထားသလိုလို။ ပြီး သူကပဲ သူမနှင့် မတန်မရာဖြစ်နေသည်မို့ သူမကပဲ ခါးခါးသီးသီး ဖြစ်နေသည့်ပုံစံမျိုး။

ဒီလို အချိုးမျိုး လာချိုးသည်ကို သူကလည်း ငြိမ်ခံနေစရာ အကြောင်းမရှိ။ ရွဲ့ချင်လာသည်။

"မင်းက ငါ့ဆီမှာ ဘာပုံစံလာချိုးနေတာလဲ ... ရှင်ငြင်းပေးပါ ရှင်ငြင်းပေးပါနဲ့ ... ဘာလဲ ငါ့ကို အမိန့်ပေးနေတာလား"

"ဒါတော့ ရှင်ထင်သလိုထင်နိုင်တယ်... အဓိကက မင်္ဂလာကိစ္စဖြစ်မလာဖို့ဘဲ အရေးကြီးတယ်"

"ဟ ... မင်းစကားပြောတာ ရင့်လှချည်လား ... မင်္ဂလာကိစ္စမဖြစ်ချင်ရင် ရှင်းပါတယ် ... မင်းဟာမင်း လင်နောက်လိုက်သွားပေါ့ ... ငါက အနေသာကြီး ... မင်းဇာတ်မင်း က,သွား ဘာမှပြဿနာ မရှိတော့ဘူး ... လွှမ်းစရာ တစ်ကွက်မှမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာ သူမက နေကာမျက်မှန်ကြီးကို ချွတ်ပြီး သူ့ကို စူးရှစွာကြည့်သည်။

"ရှင် စကားပြောတာ ကြည့်ပြော. . . ကျွန်မက လင်နောက် လိုက်ချင်ရင် ရှင့်ဆီကိုတောင် လာပြောမနေဘူး . . . ကျွန်မကြောင့် မိဘတွေ စိတ်ဆင်းရဲမှာစိုးလို့ လာပြောနေရတာ"

"အေး ငါကလည်း ရှင်းတယ် . . . မင်းလိုပဲ မိဘ စိတ်မဆင်းရဲအောင်လို့ မင်္ဂလာကိစ္စကို ခေါင်းကိုညိတ်ဦးမှာ . . . မင်းလိုမိန်းမ ကိုလည်း သံယောဇဉ်ရှိလို့ လို့တော့ မထင်နဲ့ . . . ငါ့အမေကို အားနာ လို့ ယူမှာ . . . မင်းလိုမိန်းမကို စာရင်းထဲတောင် မထည့်ဘူး မှတ်ထား"

"သြ . . . ရှင်က စာရင်းထဲမထည့်လို့ ကျွန်မကရော ထည့် နေမယ်ထင်လို့လား . . . ရှင့်လိုလူ အိပ်မက်ထဲပါလာရင်တောင် ချက်ချင်းထပြီး တရော်ကင်ပွန်းနဲ့ ရေထချိုးပစ်မယ် မှတ်ထား"

တစ်ယောက်တစ်ခွန်း ပြောရင်းက အသံက တဖြည်းဖြည်း ဖြင့် အနည်းငယ်ကျယ်လာသည်မို့ ဘေးဝိုင်းများက ဝိုင်းကြည့်နေကြ သည်။

သူမ၏စကားကြောင့် သူ ဟက်'ခနဲ ခပ်မဲ့မဲ့ရယ်ရင်း သူမ နှင့် မျက်နှာချင်းဆိုင်သည်အထိ ကပ်သွားရင်း စကားတစ်ခွန်းကို အံကြိတ်ကာ ဆိုဖြစ်သည်။

"ကြိုက်တယ် . . . မင်းလို မောက်မာပြီး ဘဝင်မြင့်နေတဲ့ မိန်းမကို ငါ ရအောင်ယူပြီး မင်းရဲ့မာနတွေကို ဟောဒီလို ချေမြ မယ် ကြည့်ထား"

ဟုဆိုရင်း လက်ချောင်းနှင့် ချေပြလိုက်သည်။ ပြောပြီး သူ လှည့်ထွက်ခဲ့ဖြစ်သည်။ ကြောင်ကြည့်နေသော ထွန်းမောင်တို့ နှစ်ကောင်က မျက်စိပျက် မျက်နှာပျက်ဖြင့် သူ့နောက်ကို အပြေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်း လိုက်လာကြသည်။

"မင်းတို့ကလည်းကွာ . . . ကလေးတွေကျနေတာပဲ . . . ပြေပြေလည်လည် ပြောရင်လည်း ရရဲ့သားနဲ့"

"ငါလည်း အတတ်နိုင်ဆုံးတော့ ပြေပြေလည်လည်ပြောတာပဲကွာ . . . ဒါပေမယ့် ဟိုမိန်းမက လာပြီး လေကြီးလေကျယ်လုပ်နေတော့ ကြည့်မရရှိတာနဲ့ ပြောပစ်လိုက်တာ"

"အင်း အဆိုးထဲက အကောင်းကတော့ မင်းတို့ ယူဖြစ်ရင် တော်တော်လေး လိုက်ဖက်တဲ့စုံတွဲဖြစ်မှာပဲ . . . ဒီလိုနဲ့ နောက်တော့လည်း အဆင်ပြေသွားမှာပါ"

ခတ်လှေ့ကားထဲ အရောက်မှာဆိုသော ဇေယျာ၏စကားကြောင့် သူ ဟက်ခနဲ ရယ်ဖြစ်သည်။

"နောက်တော့ အဆင်ပြေသွားမယ်လို့ မင်းထင်လား"

သူ ပြန်မေးသောစကားကို ဇေယျာက ချက်ချင်းပြန်မဖြေ . . . အတန်ကြာမှ 'ထင်ရတာပဲ' ဟုဆိုသည်။

"ငါကတော့ မထင်ဘူး"

သူ့စကားအဆုံးမှာ ထွန်းမောင်က 'မင်း နှင်းရတီကို တကယ်ယူမှာလား' ဟု ရုပ်တည်ဖြင့်မေးသည်။

"အေး ယူမယ် . . . တကယ်တော့ ငါလည်းယူဖို့အထိ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး . . . မေမေတို့ အစီအစဉ်ကိုလည်း ငါက ငြင်းဖို့စဉ်းစားထားပြီးသား . . . အဲဒါကို သူကလာပြီး ဆရာကြီးလိုလို ဘာလိုလို လာလုပ်နေတာနဲ့ စိတ်ချဉ်ကပေါက်လာတယ် . . . ငါ သူ့ကို ယူဖြစ်အောင်ယူပြီး တလွှင့်လွှင့်ထူထားတဲ့ သူ့မာနအလံကို ရအောင်ကို ချိုးပစ်ဦးမယ်"

သူ့စကားအဆုံးမှာ ဇေယျာက ခေါင်းကို ဘယ်ညာခါသည်။

"အချစ်မပါဘဲနဲ့ မာနတွေ ကိုယ်စီနဲ့ ယူကြမယ့် မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ရဲ့ အိမ်ထောင်ရေးက ဒီအတိုင်းဆို သာယာစရာ အကြောင်း မမြင်ဘူး . . . ဖြစ်နိုင်ရင် မင်း အဲဒီကိစ္စကို လက်လျှော့ လိုက်ပါလား . . . မင်းက ပြောပြီးရင် တကယ်လုပ်တဲ့ကောင် . . နှစ်ယောက်စလုံး စိတ်မဆင်းရဲရအောင်ပေါ့ကွာ . . . ”

ဇေယျာက သူ့ပခုံးကို ခပ်ဖွဖွပုတ်ရင်း ဆိုသည်။ သူခေါင်းကို ဖြည်းညင်းစွာပင် ရမ်းပြဖြစ်သည်။

“ငါက စိန်ခေါ်ပြီးသွားတဲ့ပွဲကို ဘယ်တော့မှ ဘွာမခတ်ဘူး”

ထွန်းမောင်က ခေါင်းကိုကုတ်သည်။ ဇေယျာကတော့ ပခုံး ကို တွန့်သည်။ သူကတော့ . . . .

www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းက အဖြစ်အပျက်မှာ သူမမှားသလားဟု သူမအပြန်ပြန်အလှန်လှန်တွေးသည်။ ဘယ်လိုတွေးတွေး သူမ မမှား ဟုသာ အဖြေထွက်သည်။

တကယ်တမ်းကျ သူမသည် ငယ်တုန်းရွယ်တုန်း အရှိန်ကောင်းတုန်းမှာ သူမဝါသနာပါသော အလုပ်ကို ဆက်လုပ်ချင်သေးသည်။ အိမ်ထောင်မပြုချင်သေး။ မေမေတို့ အယူအဆကကျတော့ တစ်မျိုး။ သူမကို အနုပညာအလုပ်လည်း လုပ်သင့်သလောက် လုပ်ပြီးပြီမို့ မိဘလက်ငုတ်လုပ်ငန်းတွေကို လုပ်စေချင်သည်။ ဖေဖေ့ကုမ္ပဏီမှာ အလုပ်ဝင်လုပ်စေချင်သည်။

ထိုသို့ ညှိနှိုင်းမရမှုများကြားမှာ ရုတ်တရက်ကြီး ထမြီးမင်္ဂလာကိစ္စကို စီစဉ်သောအခါ သူမ ရှော့ခ်ဖြစ်သွားသည်။ ထူပူပြီး ဘာလုပ်လို့ လုပ်ရမှန်းမသိတော့။

ထို့ကြောင့်

ကိုဒေါ်သဆီမှာ အကူအညီများရလိုရငြားဆိုသော သဘောဖြင့် စကားပြောကြည့်ခြင်းဖြစ်သည်။

ဖြစ်ချင်တော့ သူမကလည်း အောက်မကျို့ချင်၊ တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



တလည်း စကားနည်းနည်းလေးမှ အတိမ်းပါးမခံနိုင်သူ။ အဲဒီမှာပင် မလိုအပ်ဘဲ နားလည်မှုတွေက လွဲကုန်သည်။

လွဲတာတောင်မှ သေးသေးလေးမဟုတ်။ အကြီးကြီးဖြစ်သည်။

မေမေကတော့ သူမကို ရွေးချယ်ခွင့်ပေးထားသည်။ လက်မထပ်လိုသေးလျှင်လည်း ရသည်။ သို့သော် လက်မထပ်သည့်အတွက် မိဘလက်ငုတ်ဖြစ်သော ကုမ္ပဏီလုပ်ငန်းကို လုပ်ရမည်။ သရုပ်ဆောင်အလုပ်ကို စွန့်လွှတ်ရမည်။ သရုပ်ဆောင်အလုပ်ကို ဆက်လုပ်လိုပါက တစ်ဖက်အိမ်မှလူကို လက်ထပ်ရမည်။

ဘာကြောင့်များ လက်ထပ်ဖို့ကိစ္စကို မေမေတို့ အဆောတလျင် စီစဉ်ပါလိမ့်ဟု သူမတွေးမိပြန်သည်။ ကိုအောင်သူရဝင်းအိမ်ကို ချောင်းပေါက်မတတ်လာနေသည်ကိုလည်း မေမေမကြိုက်။ အခြားအခြားသော Propose လုပ်သူများက ခြံဝမှာ ပန်းစည်းများထားခြင်းတစ်မျိုး၊ ပို့စကဒ်များ နေ့စဉ်လာ၍ စာတိုက်ပုံးထဲထည့်ခြင်းမျိုးနှင့် ဖုန်းတဂွမ်ဂွမ်ဆက်ခြင်းတို့ကိုလည်း မေမေက သိပ်သဘောမတွေ့လှ။

တွေးမိသလောက် မတော်တရော်တွေနှင့် ဖြစ်သွားမည်ကို မေမေ ကြောက်ဟန်တူသည်။ 'စိတ်မချဘူး' ဟုလည်း မေမေက ခဏ ခဏလည်း ဆိုတတ်သည်။ အခုတော့ ထိုစိတ်မချဘူး ဆိုသောအကြောင်းပြချက်ဖြင့် သူမကို ယောကျ်ားပေးစားရန် စီစဉ်သည်။

အနုပညာလမ်းကြောင်းပေါ်မှာ အရှိန်အဟုန်ဖြင့် ချီတက်နေတုန်း ခြေအချိုးခံလိုက်ရသလိုမျိုး သူမခံစားနေရသည်ကို မေမေ ထိုသိဟန်မတူ။ ဖေဖေကလည်း အားလုံး မေမေ့သဘောသာ ဖြစ်နေသည်။ ဒေါသကြီးသော ကိုဒေါသကိုလည်း သူမအတွေးမှာ မြင်မြင်ယောင်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလို မိန်းမမျိုးကို စာရင်းထဲတောင် ထည့်မထားဘူး" ဆိုပဲ။

"လဲသေပေါ့" ဟု ရေရွတ်ဖြစ်သည်။

သူမကို စမြင်စဉ်က လက်ပြသော ပုံရိပ်မှ နူးညံ့မှုမျိုးသာ ထိုလူ့ထံမှာ အမြဲတမ်းရှိနေလျှင်ကောင်းမည်။ မိန္ဒွေးကို စောင်သွားပေးခိုင်စဉ်အခါက စောင်ကို ငုံ့နမ်းလိုက်သော နူးညံ့မှုမျိုး။

"ငါ ဘာတွေ တွေးနေပါလိမ့်" ဟု သူမကိုယ်သူမ ရေရွတ်ရင်း ကိုယ့်ကိုကိုယ်နားမလည်နိုင်အောင် ဖြစ်သွားမိသည်။

မေမေက 'တိကျရေရာသော အဖြေ' မနက်ဖြန်ပေးဟု ဆိုသည်။ အဖြေကား တကယ်တော့ ရွေးချယ်စရာ သိပ်မရှိ။

အနုပညာ အလုပ်ဆက်လုပ်လိုလျှင် ကိုဒေါ်သနှင့် လက်ထပ်ရမည်။ နောက်တစ်ချက်က မင်္ဂလာကိစ္စကို ငြင်းခဲ့လျှင်တော့ အနုပညာအလုပ်ကို တိခနဲ ရပ်ပြီး ဖေဖေ့ကုမ္ပဏီမှာ အလုပ်ဝင်ရမည်။

သူမ သက်ပြင်းကိုသာ ဟင်းခနဲ ချဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



Success in getting what you want.
Happiness is liking what you get.

ကိုယ်လိုချင်တာကို ရရင် အဲ့ဒါ အောင်မြင်မှု။
ကိုယ်ရတာကို နှစ်သက်နိုင်ရင် အဲ့ဒါ ပျော်ရွှင်မှု။

H- JACKSON BROWN

www.burmeseclassic.com

www.burmeseclassic.com



H- Jackson Brown ကတော့ လိုချင်တာရလျှင် အောင်မြင်မှု။ ကိုယ်ရတာကို နှစ်သက်နိုင်ရင် ပျော်ရွှင်မှုဟု ဆိုသည်။

ယခု သူဖြစ်ပျက်နေသည်က ကြုံတွေ့နေရသည်က အောင်မြင်မှုလား ပျော်ရွှင်မှုလား ဆိုတာ သူ မခွဲခြားတတ်။

သိပ်မကြာသောကာလမှာ သူမနှင့်သူ လက်ထပ်ရတော့မည်။ သူမသည် သူ လိုချင်သော အောင်မြင်မှုတစ်ခုလား။ သို့တည်းမဟုတ် သူမနှင့်လက်ထပ်ရခြင်းကို သူ နှစ်သက်ပျော်ရွှင်နိုင်မည်တဲ့လား။

နှစ်ခုစလုံးက မသေချာ။

တစ်ယောက်နှင့် တစ်ယောက် မာနမလျှော့သော အိမ်ထောင်ရေးတစ်ခုသည် ဘယ်လိုမှ သာယာလာစရာ အကြောင်းမ...

မင်္ဂလာကိစ္စများ အားလုံး စီစဉ်ပြီးသွားသောအချိန်...ထွန်းမောင်တို့ကတော့ အကြံတချို့ပေးသည်။

"မင်းတို့နှစ်ယောက် သေသေချာချာဆုံပြီး ညှိကြည့်...နှစ်ယောက်သား ဘဝတစ်ခုကို တည်ထောင်ကြတော့မှာ ဆို...



www.burmeseclassic.com

www.burmeseclassic.com



ကွာ . . ဘာပဲပြောပြော နှစ်ယောက်စလုံး စိတ်တွေ လျှော့ကြပေါ့”

“ငါကတော့ မှန်လိုကျင့်မှာပဲ . . . သူဖြူရင် ငါလည်းအဖြူ . . . သူမည်းရင် ငါလည်းအမည်းပဲ . . . သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါပေါ့ကွာ”

သူ့အဖြေကြောင့် ဇေယျာနှင့် ထွန်းမောင်က ‘တယ်လည်းခက်ပါလား’ ဆိုသော သဘောဖြင့် ခေါင်းခါကြသည်။

“ဒီအတိုင်းသာဆို မင်းတို့ အိမ်ထောင်ရေးက မဟန်ဘူး”

ထွန်းမောင်က ထိုသို့ ကောက်ချက်ဆွဲသည်။ ဇေယျာက

“ငါ့အမြင်ကို ပြောရရင်တော့ . . . မင်းတို့နှစ်ယောက်က လက်ထပ်ပြီး ပေါင်းဆုံကြတာ မဟုတ်ဘူး . . . မာနသရဖူကို လုဖို့ ထိုးသတ်ကြဖို့ ကြိုးဝိုင်းထဲကို နှစ်ယောက်စလုံး ဝင်လိုက်ကြတာပဲ”

ဇေယျာ၏ မှတ်ချက်ကတော့ ဝှန်း’ခနဲ သူ့ရင်ကို ထိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပါတယ် . . . ငါ သူ့ကို ယူတာ ငါ့အနုပညာအလုပ်ကို ငါ ဆက်လုပ်ဖို့အတွက် ယူတာ. . . သူကလည်း ငါ့စကားတွေကို နောက် ငါ့ကို ကြည့်မရလို့ ချိုးချင်လို့ ယူမှာ . . . သူ့အမေကလည်း မိန်းကလေးတွေ အိမ်ကို ဖုန်းခဏ ခဏဆက်တာတို့ . . . သူကိုယ်၌ ကလည်း ရည်းစားလျှောက်ထားတာတို့ကို သိနေတော့ ရင်မ,နေရ တာလေ . . . အဲဒါကြောင့် မြန်မြန်မင်္ဂလာဆောင်ပေးရင် မြန်မြန် စိတ်အေးရမယ်ဆိုတဲ့ သဘောနဲ့ လုပ်ကြတာ"

သူမပြောနေသော စကားတို့ကို မူယာတို့နှစ်ယောက်တ ငြိမ်သက်စွာပင် နားထောင်နေသည်။

"လူကြီးတွေကတော့ သူတို့စီစဉ်ချင်တာတွေ စီစဉ်ရတော့ ပျော်လို့။ သူ့အဖေကလည်း အင်္ဂလန်ကနေ အပြီးပြန်လာမယ် . . . ငါတို့မင်္ဂလာဆောင် အမီပေါ့ . . . အကြောင်းမသိတဲ့ လူတော်တော် များများကတော့ ငါတို့ကို ရွှေ ရွှေချင်း ထပ်တယ်ဆိုပြီးတော့ အားကျ နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



မဲ့ပြုံးပြုံးကာ ဟက်'ခနဲ ရယ်ရင်း သူမဆိုဖြစ်သည်။

"ကိုထွန်းမောင်ပြောတော့ တကယ်တော့ စစ်ငြိမ်းလူက အင်မတန် နားအေးပါးအေးရှိတဲ့ လူတဲ့ . . . နင်နဲ့တွေ့တော့မှ ဘယ်လိုတွေ ဖြစ်သွားလဲ မသိဘူးတဲ့"

နီနီက ခေါင်းကို ကုတ်ရင်းဆိုသည်။

"ကိုဇေယျာပြောတာကတော့ သူ နင့်ကို ချစ်နေတယ်တဲ့ . . . အဲဒါကို သူကိုယ်သူ ဝန်ခံရမှာ ရှက်နေတာလို့ ပြောတယ်"

ဟု မူယာက ဆိုသည်။

"မထင်ပါဘူးဟာ . . . သူ့မျက်လုံးတွေထဲမှာ အချစ်နဲ့တူတဲ့ အရိပ်အယောင် တစ်စွန်းတစ်စလေးတောင် ငါမတွေ့ဘူး"

"နင်တို့ တစ်ခါလောက် ဆုံပြီး ညှိကြည့်လိုက်ပါလား . . . ဘာပဲပြောပြောဟာ နှစ်ယောက်စလုံးရဲ့ စိတ်တွေ နည်းနည်းစီ လျှော့လိုက်ကြရင် အဆင်ပြေသွားမှာပါ"

ဟု နီနီကဆိုသည်။ သူမ ခေါင်းကို ရမ်းဖြစ်သည်။

"မလွယ်ပါဘူးဟာ . . . သူနဲ့ ညှိမယ့်အစား ကျားမြီးပဲ ပြေးဆွဲချင်လိုက်တော့တယ် . . . ငါကတော့ မှန်လိုပဲ ကျင့်မယ် . . . သူပြုံးရင် ငါပြုံးမယ် . . . သူက မဲ့ပြရင် ငါကလည်း ရွဲ့ပြမှာပဲ"

"အေး ကောင်းတယ်"

သူမ စကားအဆုံးမှာ မူယာက စိတ်ပျက်လက်ပျက်ဖြင့် ကောင်းတယ်ဟု ဆိုသည်။ နီနီက ခေါင်းကို ဘယ်ညာရမ်းသည်။

"တကယ်တော့ နင်တို့နှစ်ယောက်က မာနပြိုင်နေကြသလို ဖြစ်နေတယ်ဟ . . . အားမနာစတမ်း ဝေဖန်ရရင် တစ်ယောက်နဲ့ တစ်ယောက် ချစ်နေကြရဲ့သားနဲ့ ဖုံးကွယ်နေကြတာလို့ မြင်တယ်"

"သေချာတယ် . . . ငါ သူ့ကိုလုံးဝမချစ်ဘူး . . . သံယောဇဉ် နည်းနည်းလေးတောင် မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မူယာ၏ မှတ်ချက်အပေါ်မှာ သူမငြင်းဖြစ်သည်။

"နင် စိတ်မဆိုးနဲ့နော် ငါထပ်ဖြည့်ပြီးပြောမယ် . . . တကယ်တော့ နင်က လူတကာ ဂရုစိုက်ခံနေရတဲ့လူတစ်ယောက် . . . အဲဒီလိုလူက ဘဝမှာ ဘယ်သူမှ မဆက်ဆံဖူးတဲ့ ပုံစံနဲ့ နင့်ကို မသိကျိုးကျွံလုပ်တဲ့အပေါ်မှာ နင်မကျေမနပ်ဖြစ်နေတာ . . . ထပ်ပြီး ရှင်းအောင်ပြောရရင် နင့်ရဲ့ မသိစိတ်ထဲမှာ နင် သူ့ရဲ့ ယုယမှု ဂရုစိုက်မှုကို လိုချင်နေတယ်လို့ ငါမြင်တယ်"

မူယာ၏ နောက်ဆက်တွဲမှတ်ချက်က သူမကို ဝုန်း'ခနဲ လှိုက်ခါသွားစေသည်။

"မဟုတ်ဘူး . . . အဲဒီလို မဟုတ်ဘူး . . . နင်တို့ အထင်လွဲနေတာ"

သူမ ခေါင်းကိုမော့ကာ မျက်လုံးကို စုံမှိတ်ရင်း ဆိုဖြစ်သည်။ 'မဟုတ်ဘူး' 'လုံးဝမဟုတ်ဘူး' ဟုလည်း စိတ်ထဲမှာ အထပ်ထပ် ဆိုဖြစ်သည်။

"သေချာတယ် . . . နင်တို့ တစ်ယောက်ကိုတစ်ယောက် မသိစိတ်က ချစ်နေကြပြီး သိစိတ်က ဝန်မခံရဲကြတာ"

နီနီက သူမကိုကြည့်ပြီး အခိုင်အမာပင် ကောက်ချက်ချ သည်။



www.burmeseclassic.com

www.burmeseclassic.com

# ၁၀၉

မေမေနှင့် အန်တီနှင်း (အခုတော့လည်း ယောက္ခမကြီး)တို့ မင်္ဂလာလက်ဖွဲ့ခဲ့သော အိမ်ကိုကြည့်ရင်း ဒါ အိပ်မက်တော့ မဟုတ်ဟု သူတွေးသည်။

မင်္ဂလာဆောင်ခဲ့သော Hotel မှ လက်ဖွဲ့သည့် ၎င်း Hotel ၌ ညအိပ်ခွင့်မယူဘဲ ဤအိမ်ကိုသာ ပြန်လာခဲ့ကြခြင်းဖြစ်သည်။

ထွန်းမောင်တို့ နှစ်ကောင်နှင့် မူယာတို့နှစ်ယောက်တသော့ ခြံတံခါးကို ဖွင့်ပြီး 'ပေး' ဟု အော်ကာ ပြေးဝင်သွားကြသည်။

သူနှင့် သူမကတော့ ကားပေါ်မှ မဆင်းဖြစ်။ လှည့်ကြည့်လိုက်တော့ သူမက ကားပေါ်မှာပင် တောင့်တောင့်ကြီးထိုင်ကာ နေသည်။

"ငါ ဒီနေ့ လက်ထပ်ခဲ့တာ စက်ရုပ်ကြီးဖြစ်နေတာကိုး"

ဟု သူတွေးရင်း ပြုံးမိသည်။ အနည်းငယ်မျှ ညှိုးငယ်နေသော သူမကို မြင်သောအခါ ကရုဏာ စိတ်ကလေး နည်းနည်းတော့ ဝင်လာသည်။

"ဆင်းလေ"

www.burmeseclassic.com

www.burmeseclassic.com



မမာသော လေသံဖြင့် သူဆိုဖြစ်သည်။ လေပြေဖြင့်ဆိုသော သူ့စကားကြောင့် သူမက သူ့ကို ဆတ်ခနဲ လှည့်ကြည့်သည်။ အံ့ဩစရာကောင်းသည်က သူ့ဘက်က ပျော့ပျောင်းနေသလိုမျိုး သူမ၏ အကြည့်များက ပျော့ပျောင်းမနေ။

"ကျွန်မဘာသာ ကျွန်မ ဆင်းချင်ဆင်းမယ် . . . ဆက်ထိုင်ချင် ဆက်ထိုင်နေမယ် . . . ရှင်လာပြောနေစရာ မလိုဘူး"

"နေကွာ . . ."

သူ တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်ရင်း ဆိုဖြစ်သည်။ နည်းနည်းလေး မျက်နှာသာပေးကာ ကောင်းကောင်းမွန်မွန် ဆက်ဆံပေးကာမှ လာပြီး မာရေကြောရေ လာလုပ်နေသေးသည်။

တမင်ပင် လှည့်ကြည့်မနေဘဲ အိမ်ထဲ ဝင်ခဲ့လိုက်သည်။ ပြင်ဆင်ထားသော မဂ်လာ ခုတင်ပေါ်မှာ ထွန်းမောင်တို့က ခုန်ပေါက်ပျော်ရွှင်နေကြသည်။ နီနီက တစ်ယောက်တည်းဝင်လာသော သူ့ကို ကြည့်ရင်း

"နှင်းရော"

ဟုမေးသည်။

"ကားပေါ်မှာ ထိုင်နေတယ်"

သူ့အဖြေကြောင့် . . . ရယ်မောပျော်ရွှင်နေကြသော သူတို့ အားလုံး မျက်စိမျက်နှာတွေ ပျက်သွားကြသည်။

နီနီက မူယာ့ကို လက်ကုပ်ကာ ခေါ်ပြီး အပြင်ထွက်သွားကြသည်။ သူမတို့၏ သူငယ်ချင်းဆီ သွားကြတာပဲဖြစ်သည်။

"မင်းတို့ကလဲကွာ"

ထွန်းမောင်က မျက်မှန်ကြီးကုတ်ရင်း မချင့်မရဲဖြင့် အပြစ်တင်သည်။

"ငါက လေပြည်လေးနဲ့ 'ဆင်းလေ' လို့ ပြောတာပါကွာ . . .



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို သူက ဆင်းချင်ဆင်းမယ် . . . မဆင်းချင်မဆင်းဘူး ရှင် လာပြောနေစရာ မလိုဘူးတွေ ဘာတွေလာပြီး လုပ်နေတယ် . . အဲဒါနဲ့ ငါလည်း 'နေကွာ' ဆိုပြီးတော့ တံခါးဆောင့်ပိတ်ပြီး ထားခဲ့တယ်"

ထွန်းမောင်နှင့် ဇေယျာက သူ့ကို ကြည့်သည်။ ပြီး သူတို့အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။

"နေပါဦး . . . ဒီနေ့ မင်္ဂလာဆောင်မှာ ငါတို့နှစ်ယောက်က သတို့သားအရံ လုပ်တယ်ကွာ . . . မူယာတို့နှစ်ယောက်က သတို့သမီးအရံ လုပ်တယ် . . . မင်္ဂလာဆောင်နေတဲ့ တစ်ချိန်လုံး မင်းတို့နှစ်ယောက် တစ်ယောက်လက် တစ်ယောက်ချိတ်ပြီးတော့ သိပ်ချစ်ကြတဲ့ပုံစံနဲ့ ဆွေမျိုးပရိသတ်တွေကိုတောင် မင်းတို့ လိုက်နှုတ်ဆက်ခဲ့ကြသေးတယ်နော်"

ဇေယျာ၏ အမေးကို သူက

"အေးလေ အဲဒါ ဘာဖြစ်လဲ" ဟုဆိုဖြစ်သည်။

"အဲဒီအချိန်တုန်းကကျတော့ နှစ်ယောက်သား မျက်နှာကြီးတွေက ပြုံးလို့ . . ကမ္ဘာမှာ အပျော်ဆုံးလူသားတွေ ကျနေတာပဲ . . . စာနယ်ဇင်းက ဓာတ်ပုံတွေ ရိုက်တော့လည်း အရိုက်ခံနေလိုက်ကြတာ . . . မျက်နှာတွေကို ဖြီးလို့ . . . ဟော အခုလည်းကျရော မင်္ဂလာဆောင်မှာ ရှိခဲ့ကြတဲ့ မင်းတို့ မဟုတ်သလိုပါလား ကြည့်ရတာ မင်းလဲ မင်းသမီးကို ယူပြီးတော့ တော်တော်လေး အက်တင်လုပ်တတ်နေပြီပဲ"

ထွန်းမောင်က ခေါင်းကုတ်ကာ နားမလည်သလို ဟန်ဖြင့် ဆိုသည်။

"ဒါကတော့ မီးစင်ကြည့်ကရမှာပဲလ . . အခုဟာက ငါ လျှော့ပေးနေရင် သူလည်းလျှော့ပေါ့ . . . ငါက ဒီလောက်လျှော့ပေး



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ဟာကို သူက လာပြီး မာန်တက်ပြနေသေးတယ် . . . ပျင်းတယ် အဲဒီလို လာချိုးလို့ကတော့"

ဒေါသဖြင့် ဆိုဖြစ်သော သူ့စကားကြောင့် သကောင့်သား နှစ်တောင်က ခေါင်းကိုရမ်းသည်။

"မင်းတော့ ငတ်တော့မယ်"

ပြုံးဖြီးဖြီးဖြင့်ဆိုသော ဇေယျာ၏ စကားကြောင့် 'ဘာလဲကွ' တု သူ့ရှက်ဝဲဝဲဖြင့် ဆိုဖြစ်သည်။

"မေတ္တာလေ မေတ္တာ . . . မင်းတော့ ဒီပုံစံအတိုင်းနေရင် မေတ္တာငတ်တော့မယ်လို့ ပြောတာ"

ဇေယျာက ပြောရင်း ခွိး'ခနဲ ရယ်သည်။

"အင်း . . . ငါတို့ကောင်တော့ မိန်းမရပြီးတော့ . . . ."

ထွန်းမောင်က ဘာမှဆက်မပြောသေးဘဲ တခွိးခွိးဖြင့် ရယ်သည်။ အတန်ကြာအောင် ရယ်ပြီးကာမှ

"မိန်းမရပြီးတော့ မစားရ မသောက်ရ ဖြစ်တော့မယ်"

"ဟ . . . ဘာလဲကွ မင်းတို့က"

"ဟုတ်တယ်လေကွာ . . . ကိုယ့်မိန်းမကိုယ်မှ ချော့မပေါင်းရင် မင်းပုံ ဟိုကချက်ပြုတ်မကျွေးဘဲ နေမယ် . . . မိန်းမဆိုတာ အချော့လည်း ကြိုက်တယ် . . . အနုလည်းကြိုက်တယ် . . . မင်းဘက်က အလိုက်သင့်နေမှပေါ့ကွ"

ထွန်းမောင်က ပြောပြီးရယ်ပြန်သည်။

"တော်စမ်းပါကွာ . . . ဒီမိန်းမက ချော့မရ ပြုမရ ဟာကြီး . . . ငါ စောစောကတောင် တွေးမိနေတယ် . . . ငါ့ကိုယ်ငါ မိန်းမရတယ် အောက်မေ့နေတာ . . . မျက်နှာသေကြီးနဲ့ စက်ရုပ်ရထားတာကိုးလို့ . . ."

"ကဲပါ . . . အဲဒါအသာထား . . . ကျန်တဲ့ဘော်ဒါတွေ

ဖော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ ဘတ်လချာနိုက်အတွက် ဂုဏ်ပြုဖို့ စောင့်နေလောက်ပြီ . . သွားရအောင်"

ဇေယျာက ရွှတ်နောက်နောက်ဖြင့် ဘတ်ချလာနိုက်ကို ဘတ်လချာနိုက် ဟုဆိုရင်း ထရပ်သည်။ ထွန်းမောင်က အပြင်သို့ တစ်ချက်ကြည့်ရင်း

"သွား . . . မင်းမိန်းမကို သွားပြောလိုက်ဦး"

ဟုဆိုသည်။

"ပြောနေစရာလားကွ . . . ငါ့ဘာသာငါ ဘယ်သွားသွား ပေါ့"

သူ၏ ဘုဂလန့်စကားကြောင့် ဇေယျာက "ဟိုကကြားတော့ မှာပဲ တိုးတိုးပြောပါကွ" ဟုဆိုသည်။ ပြီး

"အေး . . . မင်း ဒီလိုပုံစံကြီးပဲ ချီးနေလို့ကတော့လေ . . ဖောင်စီးရင်း ရေငတ်ဖြစ်ဦးမယ် . . . မင်း . . . မြင်သာမြင်ရ မကြင်ရ . . . ကို ဖြစ်ဦးမယ်"

ဟု အံကြိတ်ကာ ပြောင်ချော်ချော်ဖြင့် ဆိုသည်။

သူတို့သုံးကောင် အိပ်ခန်းမှ ထွက်လာတော့ သူမတို့က ဧည့်ခန်းမှာ ထိုင်ပြီး တီးတိုး တီးတိုးဖြင့် စကားဆိုနေကြရာက အရှိန်သတ်သည်။

"မူယာရေ . . . ဒီကောင်ရဲ့ ဘတ်လချာနိုက်က ငါတို့ပြန်လာမှ နင်တို့လည်း ပြန်နော် . . . နှင်း အဖော်ရအောင် စောင့်ပေးလိုက်ကြဦး"

"သိတယ် ကိုဇေယျာရေ . . . ကြိုတွက်ထားပြီသား . . . အိမ်ကကားကို ဆယ့်တစ်နာရီ လာကြိုခိုင်းထားတယ် . . . ၁၁ နာရီတော့ အရောက်ပြန်လာ . . . ဒါပဲ"

မူယာက ဇေယျာ့ကို ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ ဘာမှ ဂရုမစိုက်သလိုပုံစံဖြင့် တစ်ဖက်ကို မျက်နှာလွှဲကာ ထားသည်။

"ဟကောင် . . . ပြောလိုက်ဦးလေကွာ စောစောပြန်ခဲ့ပါ့မယ်လို့"

ထွန်းမောင်က သူ့နားကပ်ကာ ခပ်တိုးတိုး ဆိုသည်။ အေးလေ 'ကိုယ့်အဆိုးမဖြစ်အောင် ပြောတော့ပြောခဲ့ဦးမှ' ဟု သူ တွေးသည်။ ပြီး မျက်နှာပူပူနှင့်ပင် သူမကို မကြည့်ဘဲ မျက်နှာလွှဲလျက်ကနေ တုံးတိတိဆိုဖြစ်သည်။ တောင့်တောင့်ကြီးရပ်ကာ ဆိုဖြစ်သည်က 'နှင်းရတီ ငါ စောစောပြန်ခဲ့မယ်' ဟု။

ပြောပြီး ရုတ်ချည်း ထွက်လာခဲ့သော သူ့နောက်ကျောမှနေ မူယာတို့၏ တဝါးဝါးရယ်သံက ကပ်ပါကာလာသည်။ ဪ သူ့မှာ လူရှင်တော်တွေတောင် ဖြစ်လို့ ဘာပြက်လုံးမှ မထုတ်ရပါဘဲ သူတို့က သဘောတကျ ရယ်နေရစ်ခဲ့ကြသည်။ ထိုအထဲမှာ သူမတောင် ပါချင် ပါနေနိုင်သည်။

ထွန်းမောင်တို့ နှစ်ကောင်ကလည်း တခွီးခွီးရယ်ရင်း နောက်ကနေ ကပ်ပါကာလာသည်။ ဘာရယ်မဟုတ် သူပါ ရှက်ရှက်ဖြင့် ရောရယ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



—

"နှင်းရတီ ကိုယ်စောစော ပြန်ခဲ့မယ်တဲ့ . . . အဟားဟား ဒီလိုတောင့်တောင့်ကြီး ရပ်ပြီးတော့လေ . . . ဟား ဟား ဟား ရှက်နေလိုက်သေးတယ်"

မှူယာက ပြောလိုက် ရယ်လိုက် လုပ်ကာနေသည်။ နီနီက ရယ်နေရာမှ သူ့ကိုကြည့်ရင်း

"ကဲ . . . ဟိုကတော့ ဘာပဲပြောပြော အပြစ်လွတ်တယ် နော် . . . အပြစ်မလွတ်တာကနင် . . . တစ်ခါတည်း ဟိုက ဒီ လောက်သတင်းပို့နေတာတောင် ဘာစကားမှ ပြန်မပြောဘူး"

ဟုဆိုသည်။

"ငါက ဘာပြောနေရဦးမှာလဲ . . . သူ့ဘာသာသူ သွားချင် တဲ့နေရာသွားပေါ့ ငါက ဂရုစိုက်နေရမှာလား"

"လုပ်ပြီ"

သူမစကားကြောင့် မှူယာက ခေါင်းကို ကုတ်ရင်းဆိုသည်၊ ပြီး . . .

"နင်တို့ကို ဘယ်တော့မှများ အဆင်ပြေပြေမြင်ရမလဲ မသိ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုသည်။

"ဘယ်တော့မှ မြင်ရမှာ မဟုတ်ဘူး"

ဟု ပက်'ခနဲ သူမဆိုဖြစ်သည်။

"စာရေးဆရာကို ကြည့်ရတာ သိပ်ဆိုးမယ့်ပုံ မပေါ်ဘူး . . . အခု ငါတို့မြင်ရသလောက်တော့ နင်ကချည်းပဲ တင်းနေတယ် . . . စိတ်လျှော့ပါ သူငယ်ချင်းရာ ကိုယ်က အိမ်ထောင်သည်ဖြစ်နေပြီပဲ"

နီနီက သူမကို လေပြေဖြင့်ဆိုသည်။

"အိမ်ထောင်သည် ဖြစ်တော့လဲ ဘာဖြစ်လဲ . . . ငါက သူ့လုပ်စာ စားမယ့်မိန်းမမှ မဟုတ်တာ . . . ငါ့ဘာသာငါ ရှာနိုင်ဖွေနိုင်တယ် . . ပြီးတော့ ငါက သူ့နောက်လိုက်ခဲ့တာ မဟုတ်ဘူး . . . ဒီအိမ်ဝယ်တာ ငါ့မေမေတို့ ပိုက်ဆံတစ်ဝက်ပါတယ်. . . ဒီတော့ ငါက သူ့မျက်နှာကြည့်ပြီး နေနေစရာ ဘာအကြောင်းမှ မရှိဘူး"

"နင်ကတော့လေ ပြောလေ ဆိုးလေပါလား"

မူယာက ခေါင်းရမ်းရင်း ဆိုသည်။ ပြီး

"သူ့ဘက်က လျှော့နေတာပဲဟာ နင်ဘက်ကလဲ လျှော့ပေါ့"

ဟုဆိုသည်။

"ဝတ်ကျေတန်းကျေ လျှော့တာက ဘာလုပ်မှာလဲ . . . လျှော့လေ သူ့အတ္တတွေကို ငါကျေနပ်လောက်တဲ့အထိ လျှော့နိုင်ရင်လျှော့ပေါ့ . . . ငါကတော့ ဘယ်လိုတွေးတွေး ဒီလူကို ကျေနပ်စရာ အကြောင်းမရှိဘူး . . . သူ့ကြောင့် ငါက နေရင်းထိုင်ရင်းနဲ့ အိမ်ထောင်သည် ဖြစ်ရတာ"

"ဘာဖြစ်လဲ . . . သူက နင်လုပ်ချင်တဲ့ အနုပညာကို မလုပ်နဲ့လို့မှ မပြောဘဲ . . . သူလည်း အနုပညာလုပ်နေတဲ့ လူတစ်ယောက်ပဲ . . . နားလည်မှုရှိမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မူယာက ဖြေရှင်းချက်ထုတ်သည်။

"မတူဘူးဟ . . . အပျိုဘဝတုန်းက လွတ်လပ်ပေ့ါပါးနေတဲ့ စိတ်မျိုး . . . ငါ့မှာ အခု မရှိဘူး . . . ထုံထိုင်းဝေဝါးနေတယ် . . . မပျော်ဘူး"

ပြောရင်း မျက်ရည်ဝဲနေသော သူမကို ကြည့်ရင်း နီနီတို့ နှစ်ယောက်က ဘာပြောရမှန်းမသိ ဖြစ်ကာနေသည်။

"အသားမကျသေးလို့ နေမှာပေ့ါဟာ . . . အသားကျသွားတော့လည်း သူ့ဟာနဲ့သူ အဆင်ပြေသွားမှာပါ"

မူယာကတော့ သက်ပြင်းကို ဟင်း'ခနဲ ချရင်းက ဆိုသည်။

"မထင်ပါဘူးဟာ . . . ငါကတော့ တစ်နေ့ထက်တစ်နေ့ အဓိပ္ပာယ်မဲ့လာတယ် ထင်တာပဲ"

သူမ၏ စကားအဆုံးမှာ မူယာတို့နှစ်ယောက်က ဘာမှ မပြောတတ်တော့ဟန်ဖြင့် ခေါင်းကိုယ်စီခါသည်။

သူမကတော့ ရင်ထဲမှာ ဘာကြောင့်မှန်းမသိ မွန်းကြပ်ကာ နေသည်။

"သြော် . . . မင်္ဂလာဦးညဆိုတာ ဒီလိုကိုး"

ဟု သူမ မဲ့ပြုံးပြုံးရင်းတွေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . ကားသံကြားတယ် . . . ပြန်လာပြီထင်တယ်"

ရောက်တတ်ရာရာများ ပြောနေကြတုန်း မူယာက အိမ်ရှေ့ဆီ လှမ်းကြည့်ရင်းက ဆိုသည်။ ထိုစဉ်မှာပင် နီနီဖုန်းက မြည်လာသည်။ ဘာကြောင့်မှန်းမသိ။ သူမရင်တွေ ခုန်နေသည်။

"ဟဲလို ဪ . . . အိမ်ရှေ့ရောက်ပြီလား . . . ဟုတ်ကဲ့ ဦးလေး သမီးနဲ့ မူယာနဲ့ ထွက်ခဲ့တော့မယ်"

နီနီဖုန်းပြောနေစဉ်မှာပင် ကိုယ်တော်ချောက ဒယီးဒယိုင်ဖြင့် ဝင်ကာလာသည်။ ထွန်းမောင်နှင့် ဇေယျာက တစ်ဖက်တစ်ချက်တွဲကာလာသည်။

"ရဘီ သယ်ဂျင်း . . . ရဘီ မင်းတို့ပြန်ချင်ရင် ပြန်တော့"

အာလေးလျှာလေးဖြင့် ဆိုသော သူ့စကားကို ဇေယျာတို့က 'အေးပါကွာ အေးပါ' ဟုဆိုရင်း ဧည့်ခန်းရှိ ဆိုဖာမှာ ထိုင်စေသည်။ ပြီး ထွန်းမောင်က သူမကို ကြည့်ကာ . . .

"ထားခဲ့တော့မယ်နော်. . . စိတ်ချမယ်နော် . . ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု စပ်ဖြီးဖြီးဖြင့်ဆိုသည် . . . သူမ မကောင်းတတ်သည်မို့ ခေါင်းညိတ်ပြဖြစ်သည်။

“နှင်း အိမ်က ကားကြိုလာနေပြီ ငါတို့လည်း သွားတော့မယ်”

နီနီနှင့် မူယာကို ‘အေးပါ’ ဟု သူမဆိုဖြစ်သည်။ မူယာက သူမကို လျှာထုတ်ပြရင်း နောက်သွားသေးသည်။

“ဝင်းတံခါးပိတ်လိုက်တော့မယ်နော် မမလေး”

ဘယ်အချိန်က ရောက်နေမှန်းမသိသော မိန္ဒွေးက ကိုယ်ကို ရို့ရင်းမေးသည်။ ‘အေး . . ညည်းလဲအိပ်တော့’ ဟု သူမပြန်ပြောဖြစ်သည်။

‘ဟုတ်ကဲ့’ ဟု ဆိုရင်း မိန္ဒွေးက ဝင်းတံခါးပိတ်ရန် ထွက်သွားသည်။ မေမေက သူမ၏ ဝေယျာဝစ္စအတွက် မိန္ဒွေးကို ထည့်ပေးလိုက်သည်။ မိန္ဒွေးအတွက်အခန်းကို အိမ်မကြီးဘေးမှ အဖီမှာ စီစဉ်ထားပေးသည်။

သူမ အိမ်တံခါးကို ပိတ်ပြီး ကိုဒေါသဆီ တစ်ချက်ကြည့်ဖြစ်သည်။ ထိုင်ခုံမှာ ထိုင်ရင်း ငိုက်နေသော ထိုလူ့ကို ‘ဖြစ်ချင်ရာဖြစ်’ ဟုတွေးရင်း ထားခဲ့ကာ အိပ်ခန်းထဲ ဝင်လာဖြစ်သည်။

‘ဝုန်း’

သူမအိပ်ခန်းထဲ ဝင်ပြီး မိနစ်ပိုင်းအကြာမှာ ‘ဝုန်း’ခနဲ တံခါးဖွင့်ကာ ဝင်လာသော ထိုလူကြောင့် သူမလန့်သွားရသည်။

“ရှင် . . . ရှင် ဘာကိစ္စဝင်လာတာလဲ”

“ဘာ”

သူမ၏ မေးခွန်းကို ထိုလူက ‘ဘာ’ ဟု အာလေးလျှာလေးဖြင့် ပြန်မေးခွန်းထုတ်သည်။

“ရှင် ဘာကိစ္စဝင်လာတာလဲလို့ မေးနေတာ”

www.burmeseclassic.com



သူမ ခတ်ဆက်ဆက်ပင် ဆိုဖြစ်သည်။

"ဟာ အိပ်မလို့ ဝင်လာတာပေါ့ . . . မင်း ဘာတွေ မူယာမာယာများနေတာလဲ . . ငါ့ကို မူးနေတယ်ထင်ပြီးတော့ လာမထိနဲ့နော်. . . ငါမမူးသေးဘူး"

"အမလေး . . . ဝေးပါသေးရဲ့"

မမူးသေးဘူးလဲဆိုသေး မတ်တတ်ပင် ကောင်းကောင်းမရပ်နိုင်တော့သော ထိုလူ၏ ကလေးကလားဆန်သော စကားကြောင့် သူမ စိတ်တိုတာတွေပျောက်ပြီး ရယ်ချင်သွားမိသည်။

ဒီလိုကျပြန်တော့လည်း ကိုဒေါသက ကလေးတစ်ယောက်လိုဖြစ်နေပြန်သည်။

"တစ်ခါတည်း ပြောထားမယ် . . . လူ့စိတ်ဆိုတာ မြင်ရတာမဟုတ်ဘူး . . . မင်းက ငါ့ကို မချစ်ဘူး မချစ်ဘူးနဲ့ ကြိတ်ကြွေချင်ကြွေနေမှာ"

"အောင်မာ မာ"

သူမ သူ့စကားကြောင့် ထရယ်ရလို ငိုရမလို ဖြစ်သွားရသည်။ 'လာ လာချည်သေး' ဟု။

"ဒီတော့ ငါ မူးနေတယ်ဆိုပြီး မရိုးမသား ကြံဖို့ မစဉ်းစားနဲ့ . . . ဒါပဲ . . ငါ့အိပ်ကပ်ထဲမှာ သွားကြားထိုးထံနှစ်ချောင်းတောင်ပါတယ်. . ဘာမှတ်လဲ ငါ့ကို လာထိလို့ကတော့ ထိုးမှာ"

ဒယီးဒယိုင်ဖြင့် အိတ်ကပ်ထဲမှာ တကယ်ပါလာသော သွားကြားထိုးတံကို ထုတ်ရင်းဆိုနေသော သူ့စကားကြောင့် သူမ ဒေါသထွက်ရမည့်အစား ဟားတိုက်ကာ ရယ်ချင်စိတ်ပင် ပေါ်သွားရသည်။ ပျော့ကပဲ ပြရတယ်ရှိသေး။

"ဒီလို ဆိုရင်လဲ ရှင်ဘာသာရှင် အခန်းအပြင်ဘက်မှာ သွားအိပ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အိပ်စရာလား ... ငါ ဒီအခန်းမှာပဲ အိပ်မယ်"

"ဒါဖြင့် ဟိုဘေးက ဆိုဖာမှာအိပ်"

သူမက အိပ်ခန်းထောင့်ရှိ ဆိုဖာကို ပြလိုက်သည်။

"အဟား ... အိပ်စရာလား .. ဒီမှာမင်းသမီး .. အိပ်ချင်းအိပ် မင်းအိပ်ရမှာ ... ဒါ ရှူတင်မဟုတ်ဘူး ခါတ်ရှင်ရိုက်နေတာ မဟုတ်ဘူး ... ခါတ်ရှင်တွေထဲမှာသာ မင်းသမီးက ခုတင်ပေါ် အိပ် .. ငနဲတွေက အနစ်နာခံပြီး ဆိုဖာမှာအိပ်. . ဒါမျိုးက ခါတ်ရှင်ထဲမှာပဲရမယ် မင်းသမီး ... ဒီအိမ်မှာ မရဘူး. .. မှတ်ထား ... ဒီတော့ ငါက ခုတင်ပေါ်မှာအိပ်မယ် ... မင်းက မင်းဟာမင်း ဘယ်မှာအိပ်အိပ် ... ခုတင်ပေါ် လာမအိပ်ရင် ပြီးတာ ပဲ"

"အောင် မာ မာ ရှင်က ဆိုဖာမှာ အိပ်ရမှာ ... ရှင် ယောကျ်ားမဟုတ်ဘူးလား"

သူမ ပက်'ခနဲပင်ဆိုဖြစ်သည်။

"အေး ... ယောကျ်ား .. ယောကျ်ားတောင်မှ ရိုးရိုးယောကျ်ားမဟုတ်ဘူး ... မင်းရဲ့ ယောကျ်ား အိမ်ဦးနတ် .. ဒီတော့ အိမ်ဦးနတ်ပီပီ ငါက ကောင်းတဲ့နေရာမှာ စံမြန်းမယ် ... မင်းက သင့်ရာက ခစား ဟုတ်ပြီလား"

ပြောပြောဆိုဆို သူက ဝုန်း'ခနဲ အိပ်ရာပေါ် ပစ်အိပ်ချပစ်သည်မို့ သူမ သက်ပြင်းကို ဟင်း'ခနဲ ချဖြစ်သည်။

ဒီအတိုင်းဆိုလျှင်တော့ ဆိုဖာပေါ်မှာပင် ကျိန်းစက်ရတော့မည်။

"ဟေ့ ... နှင်းရတီ .. ငါ့ကို မူးနေပြီမထင်နဲ့နော် .. အမလေး ... အိပ်သာအိပ်ရတယ် ကျောသိပ်မလုံချင်ဘူးဟေ့ .. ဒီမှာ ဆန္ဒကို သိက္ခာနဲ့ ထိန်းပါ ဆိုတဲ့စကား ကြားဖူးတယ် မဟုတ်လား ... ငါ့ကို လာထိရဲ ထိကြည့် သွားကြားထိုးတံရှိတယ် ..



www.burmeseclassic.com

www.burmeseclassic.com



ထိုးမှာ"

ဗလုံးဗထွေးပြောရင်း အိပ်ပျော်သွားသော သူ့ကိုကြည့်ရင်း သူမ ဟက်ခနဲ ရယ်ဖြစ်သည်။ သူ အိပ်စက်နေသောပုံစံက အပြစ်တင်းစင်နေသော ကလေးတစ်ယောက်လိုမျိုး။ အခုကျတော့လည်း သူ မဟုတ်သလိုလို။

သူမသက်ပြင်းကို ချကာ ခုတင်ပေါ်မှာ ရှိနေသော စောင်ဖြင့် ခြုံပေးဖြစ်သည်။ ပြီး ကျန်စောင်တစ်ထည်ကို ယူကာ အခန်းထောင့်မှ ဆိုဖာဆီသို့ . . . .



www.burmeseclassic.com

www.burmeseclassic.com



မနက် သူနိုးလာတော့ သူ့ကိုယ်ပေါ်မှာ စောင်တစ်ထည် ရှိနေသည်။ ထထိုင်ကာ ကြည့်လိုက်တော့ သူမက အိပ်ခန်းထောင့်ရှိ ဆိုဖာပေါ်မှာ ကွေးကွေးလေး အိပ်ကာနေသည်။

မနေ့ညက အဖြစ်အပျက်တို့က မမှတ်မိတစ်ချက် . . မှတ်မိ တစ်ချက်။ ဘာပဲပြောပြော စောင်ခြုံထားပေးသည့်အတွက် သူမကို သူ အမှတ်တွေ ပေးလိုက်သည်။

သေသေချာချာကြည့်လိုက်တော့ သူမခြုံထားသော စောင် ကလည်း ကိုယ်ပေါ်မှာတစ်ဝက် ကြမ်းပေါ်မှာ တစ်ဝက်ဖြစ်ကာ နေသည်။

သူ သူ့ကိုယ်ပေါ်မှ စောင်ကို အသာယူကာ သူမ၏ ကိုယ် ပေါ် ခြုံပေးလိုက်သည်။ အိပ်ပျော်နေသော သူမသည် အခုတော့ လည်း မာနကြီးကာ အခြောက်တိုက် ဘဝင်မြင့်မြင့်နေတတ်သည့် နှင်းရတီနှင့်မတူ။ အပြစ်ကင်းစင်သော အခြားကောင်မလေးတစ် ယောက်ဖြစ်ကာ နေသည်။

သူ အိပ်ခန်းတံခါးကို အသာအယာပြန်ပိတ်ပြီး ရေချိုးခန်း



www.burmeseclassic.com

www.burmeseclassic.com



ဘက် ထွက်ခဲ့ဖြစ်သည်။ ရေချိုးခန်းထဲမှ သူမ၏ သွားပွတ်တံမှာပါ သွားတိုက်ဆေးတို့ကို ထည့်ပေးရင်း သူလုပ်သမျှတို့သည် နည်းနည်း များပိုနေမလားဟု တွေးဖြစ်သည်။ တစ်ဖက်မှလည်း 'ကိုယ့်မိန်းမ ကိုယ်လုပ်ပေးတာပဲ' ဟု တွေးဖြစ်သည်။

ဘာရယ်မဟုတ် သူ့ကိုယ်သူလည်း နည်းနည်းတော့ ရှက်သွားမိသည်။ မျက်နှာသစ် သွားတိုက် ဘုရားဝတ်ပြုပြီး ထွက်လာတော့ သူမ၏ အိမ်မှ ခေါ်လာသော မိန္ဒွေးကို မီးဖိုခန်းမှာ တွေ့ရသည်။

"မိန္ဒွေး"

"ရှင်"

"မိန္ဒွေးတို့ မမလေးက ဘာကြိုက်တတ်လဲ"

"ရှမ်းခေါက်ဆွဲတို့ ဘာတို့ကြိုက်တတ်တယ်"

"ဟုတ်လား"

"ဘာဖြစ်လို့လဲ အစ်ကိုလေး"

"ဘာမှမဟုတ်ပါဘူး . . . . အပြန် လမ်းကြုံရင် ဝယ်ခဲ့ရအောင်လို့ . . . ငါမေးနေရင် လမ်းလျှောက်သွားတယ်လို့ ပြောကြားလား"

"ဟုတ်ကဲ့ . . . မမလေးက တော်တော်နဲ့တော့ နိုးဦးမှာ မဟုတ်ဘူး . . . မမလေးရဲ့ အိပ်ရာထချိန်က ပုံမှန် ခုနစ်နာရီခွဲ ရှစ်နာရီမှ ထတာ"

"အေး အေး ပြီးရော"

မိန္ဒွေးက ပြုံးစိစိဖြင့် ကြည့်နေသည်မို့ သူ ကမန်းကတမ်းပင် ထွက်ခဲ့ဖြစ်သည်။ လက်မှ နာရီကို ကြည့်လိုက်တော့ ခြောက်နာရီခွဲ အတိ။

သူလမ်းလျှောက်ပြီး ပြန်လာချိန်ဆိုလျှင် သူမနိုးပင် မနိုး



www.burmeseclassic.com

www.burmeseclassic.com



လောက်သေး။ ခပ်သွက်သွက်လမ်းလျှောက်ရင်းက သူ့လုပ်ရပ်တွေကို သူတွေးပြီး ကိုယ့်ကိုယ်ကိုတော့ အံ့ဩနေမိသည်။

သူမကို စောင်ပြန်ခြုံပေးသည်ကတော့ထား။ သူ့ကို ခြုံထားပေး၍ ပြန်ခြုံပေးလိုက်ခြင်းဖြစ်သည်။ သွားတိုက်ဆေး သွားတိုက်တံ စီစဉ်ပေးတာကတော့ နည်းနည်းများ အိုဗာဖြစ်နေသလားဟု သူ့ကိုယ်သူ တွေးဖြစ်သည်။

ဟော အခုလည်းကြည့် . . . သူမကြိုက်သော ရှမ်းခေါက်ဆွဲကို ပါဆယ်ဆွဲပြီး ဝယ်ပြန်ပေးချင်စိတ်က ရှိနေပြန်သည်။

ထွန်းမောင်တို့ နှစ်ကောင်ပြောသောစကား အချို့ကို ပြန်၍ကြားယောင်မိသည်။

"မင်းတို့ နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် ချစ်နေကြရဲ့သားနဲ့ ကိုယ့်ကိုယ်ကို မသိကြတာကွ. . . အဲ မသိချင်ယောင်ဆောင်ပြီး ဝန်မခံရဲတာလည်း ဖြစ်ချင်ဖြစ်မယ် . . . သေချာတာကတော့ကွာ မင်းတို့ တစ်ယောက်ကို တစ်ယောက် မသိစိတ်နဲ့ သံယောဇဉ်ဖြစ်နေကြပြီ"

အခုတော့ ထွန်းမောင်တို့ ပြောသလိုဖြစ်နေပြီထင်သည်။

"သူက စကားမပြောဘဲ ပါးစပ်ပိတ်ထားရင် အင်မတန်ချစ်စရာကောင်းတာကွ . . . အေး စကားလည်းပြောလိုက်ရော . . . ပြဿနာတက်စရာက စရောပဲဟေ့"

ဟု စိတ်ထဲမှနေ ဇေယျာတို့ကို လှမ်းပြောဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမနိုးလာတော့ သူ့မရှိတော့ . . . ရုတ်တရက် ထထိုင်လိုက်တော့ သူမကိုယ်ပေါ်မှာ စောင်က နှစ်ထည်ဖြစ်ကာနေသည်။ နဂိုသူမ ခြုံထားသော စောင်က ကြမ်းပေါ်မှာ တစ်ဝက်တစ်ပျက် ကျကာနေသည်။

မိန္တေးခြုံပေးခဲ့တာတော့ မဖြစ်နိုင်။ မိန္တေးက အိပ်ခန်းတို့ ညှိခန်းတို့ထဲကို ခေါ်မထားပဲ လာသူမဟုတ်။ သူပဲဖြစ်မည် ဒါဆို သူမအိပ်နေစဉ် ခြုံသွားပေးခဲ့သည်ပဲ ဖြစ်မည်။ ဘာရယ်မဟုတ် သူမ နည်းနည်းတော့ ရှက်သလိုလို ကြည်နူးသလိုလိုဖြစ်သွားရသည်။

စောင်များကို ခေါက်ကာ ခုတင်ပေါ်တင်ပြီး ရေချိုးခန်းဆီ ထွက်ခဲ့ဖြစ်သည်။ ရေချိုးခန်းရောက်တော့ ထပ်မံ၍ အံ့သြစရာက ကြုံပြန်သည်။ သူမ၏ သွားတိုက်တံမှာ သွားတိုက်ဆေးက အသင့်ထည့်ပြီးသား ဖြစ်ကာနေသည်။

ဘာရယ်မဟုတ် သူမ ကြည်နူးသွားရပြန်သည်။ ‘ဒီလူတော့ ငါ့ကို နည်းမျိုးစုံနဲ့ ဖြားယောင်းနေပြီထင်ပါရဲ့’ ဟု မဆီမဆိုင် တွေးမိသည်။ မျက်နှာသစ် ဘုရားဝတ်ပြုပြီး မီးဖိုခန်းထဲ သူမဝင်လာတော့



www.burmeseclassic.com

www.burmeseclassic.com



မိန္ဒွေးက ပြုံးစိစိဖြင့် သူမကို ကြည့်သည်။

"ဘာပြုံးစိစိ လုပ်နေတာတုန်း"

"မမလေး အရမ်းကံကောင်းတာပဲ"

"ဘာကိစ္စ ငါက ကံကောင်းတာလဲ"

"ဒီမှာလေ. . . ရှမ်းခေါက်ဆွဲ"

မိန္ဒွေးက အုပ်ဆောင်းကို ဖယ်လိုက်သောအခါ စားပွဲပေါ်မှာ စားချင်စဖွယ်ပြင်ထားသော ရှမ်းခေါက်ဆွဲကို တွေ့ရသည်။

"မိန္ဒွေး ညည်းဘယ်တုန်းက ဒီလို အလိုက်သိသွားရပြန်တာတုန်း . . . အဲဒါကြောင့် ညည်းကို ငါက ချစ်ရတာ"

မိန္ဒွေး၏ ပါးကို ဆွဲလိမ်ရင်း သူမဆိုဖြစ်သည်။

"မချစ်သေးနဲ့ဦး . . . ရှမ်းခေါက်ဆွဲက သမီးစီစဉ်ထားတာ မဟုတ်ဘူး . . . အစ်ကိုလေးက မနက်အစောကြီးထပြီး သွားဝယ်လာတာ . . ပြီးတော့ ညည်းမမလေး နိုးလာရင် အဆင်သင့်စားလို့ရအောင် သေသေချာချာပြင်ထားပေးလိုက်တဲ့ မှာထားတယ်"

သူမ ဘာဆက်ပြောရမှန်းပင် မသိတော့။ ဒါတော့ ဒီလူ လွန်လွန်းနေပြီဟု ကြည်နူးစွာပင် တွေးဖြစ်သည်။

"သူ အခုဘယ်သွားလဲ"

ဟူသော သူမ၏ အမေးကို မိန္ဒွေးက

"အိမ်ရှေ့ပန်းခြံထဲမှာ ဂျာနယ်ဖတ်နေတယ်"

ဟုဖြေသည်။ သူမပခုံးကို တွန့်ရင်း ရှမ်းခေါက်ဆွဲကို စားဖြစ်သည်။ ရှမ်းခေါက်ဆွဲက သူမ စားဖူးသမျှတွင် အကောင်းဆုံး ဖြစ်ကာနေသည်။

မနက်စာ စားပြီးသည်နှင့် သူမ အဝတ်အစားလဲရမည်။ ဂျာနယ်တစ်စောင်ကို အင်တာဗျူးရန် ဒီနေ့ ဒိတ်ပေးထားသည့် ချိန်းထားသည့် အချိန်ကလည်း သိပ်မလိုတော့။ ခတ်ပုံ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်စလုံးကို ရိုက်မည်မို့ သူ့ကိုပါ အဝတ်အစားလဲခိုင်းရဦးမည်။

ထိုလူ့အပေါ် စိတ်ထဲမှာ အမြင်မကြည်လင်မှု သိပ်မရှိတော့သော်လည်း တကယ်တမ်း စကားပြောပြော့ ဆိုလျှင်တော့ သူမ ရှိုးတိုးရှန့်တန့်ဖြစ်ကာနေသည်။

သို့သော်

မပြောမပြီး မတီးမမြည်ဆိုသလို မပြော၍လည်း မဖြစ်ပြန်သည်မို့ သူမ ထိုလူရှိရာ ပန်းခြံထဲဆင်းခဲ့ဖြစ်သည်။

သူက ဂျာနယ်ဖတ်နေရင်းက သူ့ဆီလာနေသော သူမကို ဖျတ်ခနဲ မျက်လုံးလှန်ကာ ကြည့်သည်။ ပြီး ပုံမှန်ပင် ဂျာနယ်ပြန်ဖတ်ကာနေသည်။

"ဒီမှာ"

သူမ၏ မဝံ့မရဲခေါ်သံက ခပ်ဆတ်ဆတ်ကြီးဖြစ်ကာသွားသည်။ သူက ဂျာနယ်ဖတ်နေရာက 'ဘာလဲ' ဆိုသော သဘောဖြင့် မေးဆတ်သည်။

"နာရီဝက်လောက်နေရင် ဂျာနယ်လစ်တစ်ယောက် လာပြီး သတင်းယူလိမ့်မယ်"

"အဲဒီတော့"

"အဲဒါ ရှင် အဝတ်လဲထားပေး"

"ဟ . . . ဗျူးမှာက မင်းကို ဗျူးမှာ မဟုတ်လား . . . ငါက"

"သူတို့က လင်မယား . . . အဲ ကျွန်မတို့နှစ်ယောက်စလုံးကို ဓာတ်ပုံရိုက်မှာ . . . ရှင့်ကိုလည်း ဗျူးလိမ့်မယ်"

လေသံကို အတတ်နိုင်ဆုံး ပျော့ပျောင်းအောင်ကြိုးစားပြီး သူမဆိုဖြစ်သည်။

"ပြီးရော ပြီးရော . . . ငါ အဆင်ပြေသလို လဲလိုက်မယ် . . . ဒါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့' ဟုဆိုရင်း အနည်းငယ် ရှက်ဝဲဝဲဟန်ပေါက်နေသော ပုံစံဖြင့် သူက

"မနေ့ကလိုပဲ လက်တွေချိတ်ပြီး ပခုံးတွေ ဖက်ပြရဦးမှာ လား"

သူ့အမေးကြောင့် သူမ ရယ်ချင်ချင်ကြီးဖြစ်သွားရသည်။ 'အင်း' ဟုတော့ ဖြေလို့မဖြစ်။ 'မလိုပါဘူး' ဟု ဖြေလို့လည်း မရပြန်။

"အဆင်ပြေသလို ကြည့်လုပ်တာပေါ့"

ဆင်ဝှေ့ရန်ရှောင်ပင် သူမ ဖြေဖြစ်သည်။ ထိုစဉ်မှာပင် သူက သူမဘေးမှာ လာ၍ရပ်သည်။ ပြီး သစ်ပင်ပေါ်မှ ငှက်များကို လှမ်းကြည့်ရင်း

"စကားမစပ် ..."

သူက စကားကို မဆက်သေးဘဲ သူမကို ကြည့်သည်။ အနည်းငယ် ရယ်ချင်နေသောပုံစံဖြင့်

"ကိုယ်တို့ရဲ့ မင်္ဂလာဦးညက ကဗျာမဆန်ဘူးနော် ... ဘာကြီးမှန်းလည်း မသိဘူး"

ပြောပြီး သူက ခပ်သဲ့သဲ့ရယ်သည်။ သူမက မနေ့ညက မူးမူးဖြင့် ဟာသဖြစ်သွားခဲ့သော သူ့ပုံစံကို ပြန်မြင်ရင်း ခွီးခနဲ ရယ် ဖြစ်သည်။

သူက 'မင်း ဘာရယ်တာလဲ' ဟု ရှက်တက်တက်အမူအရာ ဖြင့် မေးသည်။

"မနေ့ညက ရှင်မူးနေတာ ရယ်ရလို့ပါ"

"ဟုတ်လား ... ကိုယ် တော်တော်လေးမူးသွားတယ် ကိုယ် ဘာတွေပြောခဲ့လို့လဲ"

သူက ရယ်ကြဲကြဲဖြင့် ခေါင်းကိုကုတ်ရင်း မေးသည်။ သူမက မျက်နှာကို မသိမသာမဲ့ရင်း



www.burmeseclassic.com

www.burmeseclassic.com



"အမလေး . . . မင်း ငါ့အသားကို မထိနဲ့ . . . ငါ့ကို မရိုးမသားကြံမယ်တော့ မတွေးနဲ့ တဲ့ . . . ယောက်ျားလုဖ်ပြီးတော့ . . ပြီးတော့ ငါ့ကို ထိလို့ကတော့ ငါ့မှာ သွားကြားထိုးတံနှစ်ချောင်းရှိတယ် . . . ထိုးမှာ ဆိုပဲ . . . ကျွန်မလေ ဗွီဒီယို ကင်မရာရှိရင် ရိုက်တောင်ပြလိုက်ချင်သေးတယ်"

သူမ၏ စကားအဆုံးမှာ သူက ရှက်ရယ် ရယ်ရင်း

"အဲဒီ မင်္ဂလာဦးညက အကြောင်းတွေ ဘယ်သူ့မှ လျှောက်မပြောနဲ့ ကြားလား"

ဟု ခပ်တိုးတိုးဖြင့် ဆိုသည်။

"အောင်မာမာ . . . ဘာမင်္ဂလာဦး ညက ကိစ္စလဲ . . . စကားကို ဟိုလိုလို ဒီလိုလို မလုပ်နဲ့ ရှင်းအောင်ပြော . . . ဒါပဲ"

ပြောပြီး သူမ လှစ်ခနဲထွက်ပြေးခဲ့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှက်ဝဲဝဲဖြင့် ထွက်ပြေးသွားသော သူမကိုကြည့်ရင်း သူလည်း ရှက်ရှက်ဖြင့် ရယ်ဖြစ်သည်။ 'တစ်ဦးကမေတ္တာ တစ်ဦးကစေတနာ ဆိုတာ ဒါပဲထင်ရဲ့' ဟု သူတွေးဖြစ်သည်။ သူ့ဘက်က လိုက်လိုက် လျောလျောဖြင့် ဂရုတစိုက် ဆက်ဆံတော့လည်း သူမဘက်က အလိုက်သင့်ပါလာတာကို တွေ့ရသည်။

"ဒီလိုဆိုပြန်တော့လည်း မင်းက ချစ်စရာကောင်းနေပြန် ရော နှင်းရေ"

ဟု သူ စိတ်ထဲမှ ဆိုဖြစ်သည်။

သူ အဝတ်လဲရန် အိပ်ခန်းတံခါးကို ဖွင့်တော့ အထဲမှာ သူမက ပိတ်ကာထားသည်။ အဝတ်လဲ၍ ပြီးသေးဟန်မတူ။

တံခါးကို တစ်ချက်ချက် ခေါက်ရင်း 'မြန်မြန်လဲဟေ့'ဟု သူ တမင်ဆိုဖြစ်သည်။ ခဏကြာတော့ သူမက ပြင်ဆင်ပြီး ထွက် လာသည်။ သူမကား ရင်ခုန်သံများလောက်အောင်လှပါသည်။ သို့ သော် သူ သူမကို နောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြာလိုက်တာ . . . ဒီလောက်အကြာကြီး ပြင်ပြီးတော့မှ ထွက်လာတော့လည်း ဘာမှ ထူးခြားမလာဘူး"

သူ့စကားကြောင့် သူမမျက်နှာ ကွက်ခနဲ ပျက်ကာသွားသည်။ ဘယ်မိန်းကလေးမဆို ချီးမွမ်းခံချင်ကြသည်ပဲ ဖြစ်သည်ကိုး။ မျက်စောင်းထိုးကာ ညှော်ခန်းဘက် ထွက်သွားသော သူမကိုကြည့်ပြီး သူရယ်ဖြစ်သည်။ ပြီး အိပ်ခန်းထဲဝင်ကာ သူမဝတ်ထားသော ဝတ်စုံ၏ အရောင်နှင့် လိုက်ဖက်မည်ဟု ယူဆရသော အဝတ်တစ်စုံကို ရွေးကာ ဝတ်ရင်းထွက်ခဲ့ဖြစ်သည်။

သူ ထွက်လာတော့ သူမက သူ့ကို အပေါ်အောက် ကြည့်ရင်း မဲ့တဲ့တဲ့လုပ်သည်။ သဘောက 'ဝတ်စားပြီးထွက်လာတော့လည်း ဒီပုံပါပဲ' ဟူသော သဘောမျိုး။ သူ့ကို ခံရခက်အောင်လုပ်ခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် လက်စားချေခြင်း။

သို့သော် သူက ဒီအကွက်တွေကြို့မြင်ပြီးသားမို့ မတုန်လှုပ်။ သူမဘေးမှာ ပူးကပ်စွာ သူ တမင်ဝင်ထိုင်တော့ သူမက အံ့အား တသင့်ကြည့်သည်။

"ခဏနေ သူတို့ရောက်လာရင်လည်း ဒီလိုအတူထိုင်ရမှာပဲ မဟုတ်လား . . . အဲဒါကြောင့် အခုကတည်းက ကြိုထိုင်ထားတာ"

သူ့ဖြေရှင်းချက်ကြောင့် သူမက အီလည်လည်ကြီးဖြစ် ဘာ ပြန်ပြောရမှန်း မသိဖြစ်ကာနေသည်။ ထိုစဉ်မှာပင် ချိန်းထားသော ဧည့်သည်ရောက်လာသည်။

အရင်ဆုံး ဓာတ်ပုံတွေရိုက်သည်။ သူ တမင်ပင် ခါးထော ပွေ့လိုက်၊ ပခုံးလေးဖက်လိုက်ဖြင့် အရိုက်ခံသောအခါ သူမက အီ လည်လည်ကြီး ဖြစ်ကာနေသည်။

ဓာတ်ပုံတွေ ရိုက်ပြီးနောက် သူမကို အင်တာဗျူးသည်။ ထုံး အတိုင်း အမျိုးသားကရော အနုပညာဆက်လုပ်ခွင့်ပြုလား ဘာညာ



www.burmeseclassic.com

www.burmeseclassic.com



ဘာညာ။ မေးခွန်းတော်တော်များများ မေးပြီးနောက် ဂျာနယ်လစ်က

"ဆရာ နည်းနည်းလောက် ဖြေပေးပါဦး"

ဟုဆိုကာ မေးခွန်းတွေ တစ်လှေကြီး မေးသည်။

မေးခွန်းတစ်ခုကတော့ သူ တော်တော်ဖြေရကျပ်သွားသည်။

"ဆရာနဲ့ နှင်းရတီနဲ့ ချစ်သူသက်တမ်း ဘယ်လောက်ရှိပြီးမှ လက်ထပ်ခဲ့တာပါလဲရှင့်"

ဂျာနယ်လစ်ကောင်မလေး၏ မေးခွန်းအဆုံးမှာ သူမနှင့်သူ ဒိုင်းခနဲ အကြည့်ချင်းဆုံသည်။ ချက်ချင်းမဖြေသည်မို့ ဂျာနယ်လစ်က သူတို့နှစ်ယောက်စလုံးကို အသေအချာစိုက်ကြည့်ကာနေသည်။

သူ ရုတ်တရက် သူမ၏ ပခုံးကို ဆတ်ခနဲ ဆွဲဖက်ရင်း ဂျာနယ်လစ်ကောင်မလေးဘက် လှည့်ကာ တစ်ချက် ရယ်သွမ်းလိုက်သည်။ ပြီး ...

"အင်း ... ချစ်သူသက်တမ်း ဘယ်လောက်ကြာပြီမို့လို့ လက်ထပ်မယ် ... ချစ်သူသက်တမ်း ဘယ်လောက်ပဲ ရှိသေးလို့ လက်မထပ်ဘူးဆိုတာမျိုးနဲ့ ကျွန်တော်တို့ လက်ထပ်ခဲ့တာ မဟုတ်ဘူး ... အဲဒါထက် ပိုအဓိကကျတာက ရှေ့လျှောက် ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် သစ္စာရှိရှိနဲ့ ဘယ်လိုချစ်သွားမလဲ ဆိုတာကပဲ အဓိကကျတာပါ ... ဟုတ်တယ်မဟုတ်လား နှင်း"

ပြောပြောဆိုဆိုဖြင့် သူမ၏ မေးဖျားလေးကို ကိုင်ကာ ကြည့်ရင်းဆိုသော သူ့စကားကို သူမက 'အင်း' ဟုဖြေသည်။

"ဟုတ်ကဲ့ ... ဆရာ့ကိုရော မနှင်းရတီကိုပါ ကျေးဇူးပါပဲ"

ဂျာနယ်လစ်နှင့် ဓာတ်ပုံဆရာက နှုတ်ဆက်ပြီး ပြန်သွားကြသည်။ အိမ်တံခါးဝထိ သူမ ပခုံးကိုဖက်ပြီး လိုက်ပို့ဖြစ်သည်။

မျက်စိရှေ့မှ ဂျာနယ်လစ်တို့ ပျောက်သွားသောအခါ သူမသည် သူမ၏ ပခုံးပေါ်မှ သူ့လက်ကို ဖယ်ချသည်။ ပြီး ပန်းရောင်ပြေးနေ



www.burmeseclassic.com

www.burmeseclassic.com



သော ရှက်မျက်နှာဖြင့် သူ့ကို ကြည့်ရင်း

"ရှင်လည်း တော်တော် သရုပ်ဆောင်တတ်နေပြီပဲ"

ဟု ဆိုသည်။

သူ ဟက်ခနဲ ရယ်ဖြစ်သည်။

"သရုပ်ဆောင်လိုက်တယ်လို့ ကိုယ်တော့ မထင်ဘူး . . . ပြူးတူးပြတဲကြီး လုပ်ပြလိုက်တယ်ထင်တာပဲ . . . အေးလေ ကိုယ့်အတွက်တော့ ပြူးတူးပြတဲ မင်းတို့အတွက်ကျတော့ သရုပ်ဆောင်တာပေါ့လေ . . . ထားပါ ဘာပဲဖြစ်ဖြစ် မင်းသမီးကို ယူထားမှတော့ ကိုယ်လည်း ဒီလောက်တော့ အဖြစ်ရှိရမှာပေါ့ မဟုတ်ဘူးလား"

သူ့စကားအဆုံးမှာ သူမက ဗိုင်းခနဲ မျက်စောင်းထိုးသည်။ ပြီး . . .

"အဲဒါကြောင့် ရှင်နဲ့ ကျွန်မအပေါက်အလမ်း မတည့်တာ . . . နည်းနည်းလေးမှကို အချိုးမပြေဘူး"

ဟု ဆိုရင်း ဆတ်တောက်ဆတ်တောက်ဖြင့် သူ့ရှေ့မှ ထွက်ကာသွားသည်။ သူမကို လိုက်ကြည့်ရင်း သူရယ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညခင်းဘက်ရောက်တော့ သူမက အိပ်ခန်းထဲ ဝင်ကာသွားသည်။ ဂျာနယ်ဖတ်ချင်ယောင်ဆောင်နေရာမှ ဂျာနယ်ကိုချပြီး သူနောက်မှ လိုက်ဝင်သွားဖြစ်သည်။

သူမက ခုတင်ပေါ်မှ စောင်တစ်ထည်ကို ယူကာ ဆိုဖာပေါ် သို့တက်သည်။ သူ တံတွေးကို မျိုချရင်း သက်ပြင်းကို ချဖြစ်သည်။ သူတစ်ပါးသားသမီးကို ယူထားပြီးကာမှ သူက ခုတင်ပေါ်မှာ အိပ်ပြီး မိန်းမဖြစ်သူကို ဆိုဖာပေါ်အိပ်ခိုင်းရသည်မှာ တရားမျှတမှုမရှိဟု သူတွေးမိသည်။

သို့နှင့်

"မင်း ဆိုဖာပေါ်မှာ အိပ်ရတာ အဆင်မပြေဘူး မဟုတ်လား"

သူ့အမေးကို သူမက မဖြေ။ ခြေဆန့်လက်ဆန့် အိပ်ခွင့်မရဘဲ ခပ်ကွေးကွေးသာ အိပ်ရသော ဆိုဖာပေါ်မှာ အဆင်ပြေစရာအကြောင်းမရှိ။

"ဒီလိုလုပ်ပါလား . . . ခုတင်က အကျယ်ကြီးပဲဥစ္စာ . .



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ ငါတို့လို မဝတဲ့လူဆိုရင် ငါးယောက်လောက် အိပ်လို့တောင် ရတယ် . . . ဒီတော့ ငါတို့ တစ်ယောက်ပာစ်ခြမ်းစီ အိပ်ကြတာပေါ့"

သူ့စကားအဆုံးမှာ သူမက စဉ်းစားနေဟန်ဖြင့် သူ့ကို ကြည့်သည်။

"လာပါ . . . ကြားထဲမှာ ဖက်လုံးတွေ ခြားပြီး အိပ်တာပေါ့"

မျက်နှာပူပူဖြင့်ဆိုသော သူ့စကားအဆုံးမှာ သူမက အားတင်းကာ ဆုံးဖြတ်လိုက်ရဟန်ဖြင့် ခုတင်၏ ဘယ်ဘက်အခြမ်းမှာ တက်၍ထိုင်သည်။

သူက ခုတင်၏ အလယ်မှာ ဖက်လုံးနှစ်လုံးကို ချထားလိုက်ရင်း သူမကို ကျောပေးကာ လှဲဖြစ်သည်။

သိပ်မကြာခင်မှာ သူမလည်း သူ့ကို ကျောပေးကာလှဲသည်။ ဘာကြောင့်မှန်းတော့ မသိ။ သူ့ရင်ခုန်သံတွေ ဝုန်းဒုန်းကြဲကာနေသည်။

သူနှင့် သူမကြားရှိ ဖက်လုံးနှစ်လုံးက သီတာခုနစ်တန် တောင်စဉ် ခုနစ်ထပ်ခြားထားသလို ခံစားနေရသည်။

'ဒီတောင်စဉ်ခုနစ်ထပ်ကို သူ မဖယ်ရှားနိုင်ဘူးလား' ဟု သူ့ကိုယ်သူ တွေးဖြစ်သည်။ ထို့နောက် သူ ဆုံးဖြတ်ချက်ကို အခိုင် အမာချပြီး . . .

"နှင်း . . . ဟို ခုတင်ပိုကျယ်သွားအောင် ဖ . . . ဖက်လုံး တွေ ကိုယ်ဖယ်လိုက်မယ်နော်"

ကတုန်ကရင်ဖြင့် ဆိုသော သူ့စကားကို သူမက ဘာမှပြန် မပြော။

"ကိုယ် . . . ဖ. . . ဖ. . ဖယ်လိုက်ပြီနော်"

ပြောပြောဆိုဆိုပင် ဖက်လုံးနှစ်လုံးကို သူ ခုတင်အောက်မှ ကန်ချဖြစ်သည်။ ထို့နောက် ဘာကြောင့်မှန်းတော့ မသိ။ ခုတင်



www.burmeseclassic.com

www.burmeseclassic.com



ညာဘက်စွန်းကနေ ခုတင်၏ အလယ်တစ်ဝက်ကျော်ကျော်ကို သူ ရောက်ကာသွားသည်။

အိပ်ပျော်ဟန် မတူသော သူမက ဆတ်ခနဲ မသိမသာ လှည့်၍ခိုးကြည့်သည်။ သူမလိုပင် ခိုးကြည့်သော သူ့အကြည့်နှင့်ဆုံသော အခါ သူမ ဆတ်ခနဲ ပြန်လှည့်ကာသွားသည်။

အခန်းထဲမှာ မီးလင်းနေလို့များ မျက်လုံးတွေ ကြောင်နေတာလား ဟု သူတွေးဖြစ်သည်။

"နှင်း ...မ ...မီး ပိတ်. . . . လိုက်မယ်နော် ၇. ဟို မီးလင်းနေတော့ အိပ်လို့မရဘူး ဖြစ်နေတယ်"

"......"

"နှင်း ...ပိတ်လိုက်မယ်နော်"

"သဘောပဲ"

ကတုန်ကရင်ဖြင့် ဆိုသော သူ့စကားကို သူမက ချက်ချင်း မတုံ့ပြန်။ နောက်တစ်ကြိမ်ဆိုတော့မှ သူမက 'သဘောပဲ' ဟု ခပ်တိုးတိုးဆိုသည်။

သူမ၏အသံသည်လည်း သူ့လိုပင်ကတုန်ကရင်ကြီး ဖြစ်ကာနေသည်။

သူ မီးကို ဖျတ်ခနဲ ထပိတ်ဖြစ်သည်။ ထို့နောက် ဘာမပြော ညာမပြောဖြင့် သူမကို ဆွဲဖက်လိုက်သောအခါ သူမသည် သူ့ရင်ခွင်ထဲ ဈွေ့ခနဲ ပါ၍လာသည်။

တိတ်ဆိတ်နေသော အခန်းထဲမှာ သေသေချာချာ နားစွင့်ကြည့်ပါက ချစ်သူတို့၏ ရင်ခုန်သံ ကြမ်းရှရှတို့ကို ကြားရလိမ့်မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းသောအခါ နှစ်ယောက်စလုံးလိုလို ပြိုင်တူနိုးလာကြသည်။ သူ့ရင်ခွင်ထဲမှာ ရှိနေသော သူမ၏ နဖူးပေါ်မှ ဆံနွယ်တို့ကို သူ သပ်တင်ပေးဖြစ်သည်။

သူမက သူ့ကို တစ်ချက်မော့ကြည့်ပြီး ရှက်ဝဲဝဲဖြင့် ခေါင်းငုံ့ကာသွားသည်။ အရှက်သည်းနေသော သူမ၏ မျက်နှာကို သူ့ရင်ခွင်ထဲမှာ တင်းကြပ်စွာ ပွေ့ဖက်ထားဖြစ်သည်။

"နှင်း . . . "

" . . . . "

"မိန်းမရေ . . . "

"ဘာမိန်းမရေလဲ . . . "

သူမက သူ့ဗိုက်ခေါက်ကို ဆွဲလိမ်ရင်း ရှက်ကိုးရှက်ကန်းဖြင့် ဆိုသည်။

"ကိုယ်ကြောက်နေတယ်"

"ဘာကိုလဲ"

"ကိုယ် . . . နှင်းကို အရမ်းချစ်တယ်ကွာ . . . တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် နှင်းကို ချစ်နေတာကြာပြီ . . . ရှက်ရှက်နဲ့ ဝန်ခံရရင် စတွေ့ကတည်းက ချစ်နေတာ . . . အခု ကိုယ်ကြောက်နေတာက နှင်းကိုယ့်ကိုပြန်မှ ချစ်ရဲ့လားဆိုတဲ့ မေးခွန်းကို မေးဖို့ ကြောက်နေတာ"

". . . . . . ."

"ကိုယ်ကြောက်ကြောက်နဲ့ မေးရရင် . . . နှင်း ကိုယ့်ကို ချစ်ရဲ့လား"

"ဖြေဖို့လိုသေးလို့လား ကိုငတုံးရဲ့ . . . ရှင့်ကို မချစ်မှတော့ ရှင့်ရင်ခွင်ထဲ ဘယ်ရှိနေပါ့မလဲ"

"တကယ်လား"

"နှစ်ကယ်"

သူမ၏ နဖူးပြင်ကို သူ ခပ်ဖွဖွနမ်းဖြစ်သည်။

"ကဲ. . . ဒါဆို ကိုယ်မေးတာကို ဖြေ . . . မင်း ဘယ်တုန်းက စချစ်သွားတာလဲ"

"ကျွန်မ အမှန်အတိုင်းဖြေရရင် . . . ရှင့်စောင်လျှော်ပေးဖို့ ကျွန်မကို ပြဿနာလာရှာတဲ့အချိန်က စချစ်သွားတာ . . . ဒါပေမယ့် မသိစိတ်နဲ့သာ ချစ်နေတာ . . . သိစိတ်က ရှင့်ကို ကြည့်မရဘူး"

"ဒါဖြင့် အခုရော . . . "

"မသိဘူး"

သူ့မေးခွန်းကို သူမက မဖြေ။ ရှက်ကိုးရှက်ကမ်းကြီး ဖြစ်ကာနေသည်။

"ကိုယ် မင်းကို ချစ်နေပြီလို့ စသိတဲ့အချိန်က မင်းနဲ့ အောင်သူရဝင်းဆိုတဲ့ကောင်နဲ့ကို စင်တာတစ်ခုမှာ စျေးဝယ်နေတာ တွေ့တဲ့အချိန်ပေါ့ . . . ကိုယ် အဲဒီနေ့ညက အိပ်လို့တောင် မပျော်ဘူး ယုံလား"

"စာရေးဆရာပီပီ . . . ဇာတ်လမ်းတွေ လျှောက်ဖွဲ့နေတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ မဟုတ်ပါဘူးနော်"

"အာ"

သူမက သူ့ကိုနောက်ရင်း ရယ်သည်။

"နှင်း"

"အင်း . . . ပြော"

"ကိုယ် . . . ရှေ့ရက်က မင်္ဂလာဦးညကို နှမြောလိုက်တာ နှင်းရာ . . . တောက် . . . နှင်းရော မနှမြောဘူးလား . ."

မချင့်မရဲကြီးဖြင့်ဆိုသော သူ့စကားအဆုံးမှာ သူမက

"ဘာတွေပြောနေမှန်းလည်း မသိဘူး"

ဟု ရှက်တက်တက်ဖြင့်ဆိုရင်း သူ့ရင်ထဲမှ လျှောခနဲ ထွက်ပြေးကာသွားသည်။

"အတည်ပြောနေတာ . . . အတည်"

ဟု သူ အရယ်တစ်ဝက်ဖြင့် လိုက်အော်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာ သူမတို့နှစ်ယောက်၏ အိမ်ထောင်ရေးမှာ စိုပြည်လာခဲ့သည်။ သူအားသည့်ရက်များမှာ သူမ၏ ရှုတင်အကြိုအပို့ကို သူလုပ်ပေးသလို သူမ,အားသည့်နေ့များမှာ သူမက သူရေးပြီးသား စာမူများကို ကူဖတ်ပေးဖြစ်သည်။

တစ်နေ့

မူယာတို့နှင့် စုကာ အိမ်တွင် မုန့်လုပ်စားကြတုန်း နီနီက သူမကို စကားတစ်ခွန်းဆိုသည်။

"နှင်း . . . နင်တို့နှစ်ယောက် တကယ်ရော အဆင်ပြေကြရဲ့လား"

နီနီ၏ မေးခွန်းကြောင့် သူမ အံ့အားသင့်သွားရသည်။

"အဆင်ပြေပါတယ်ဟ . . . ဘာဖြစ်လို့လဲ"

နီနီက မူယာ့ကို 'နင်ပြောလိုက်' ဆိုသောပုံစံဖြင့် မေးငေါ့ပြသည်။ မူယာက အားတုံ့အားနာဟန်ဖြင့် သူမကို ကြည့်သည်။

"ကိုစစ်ငြိမ်းလူ အခုတလော ကောင်မလေးတစ်ယောက်နဲ့ ခဏ ခဏတွေ့နေတယ်ဟ . . . သူတို့နှစ်ယောက်ကို ကြည့်ရတာ လိုတာထက် ပိုရင်းနှီးနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲ ပူခနဲ ဖြစ်ကာသွားသည်။ အခုတလော သူ့အိမ် အပြန်နောက်ကျကျနေတာ ဒါကြောင့်လား’ ဟု သူမတွေးမိပြန်သည်။

သူမအနီးမှာရှိသော မူယာ၏ဖုန်းကိုယူပြီး သူ့ထံလှမ်းဆက် လိုက်သည်။

“တီ . . .”

“တီ. . .”

ဖုန်းကတောင်လျှောက်ဝင်နေသော်လည်း ကိုင်မည့်သူက မရှိ။ တော်တော်လေးကြာမှ -

“ဟဲလို . . .”

တစ်ဖက်မှထူးလာသော မိန်းကလေးအသံကြောင့် သူမ အံ့ အားသင့်ကြီး သင့်သွားရသည်။

“အခု ဖုန်းကိုင်တာ ဘယ်သူလဲ”

သူမ၏ လေသံက လိုအပ်သည်ထက် ပိုမာသွားသည့်ထင့်၊ တစ်ဖက်မှလည်း ခပ်မာမာပင် တုံ့ပြန်သည်။

“အခုဖုန်းဆက်တာကရော ဘယ်သူလဲ” တဲ့။

သူမ ဒေါ်အကန်ကြီးကန်သွားရသည်။

“အဲဒါ မင်းသိဖို့မလိုဘူး။ ကိုစစ်ငြိမ်းလူကို ဖုန်းပေးလိုက်”

“ဘယ်သူဆက်တာမှန်းမသိဘဲနဲ့ ဘာကိစ္စပေးရမှာလဲ၊ ရှုပ်ရှုပ်ယှက်ယှက်”

“အောင်မာ . . . လူပါးဝလို့”

“ဟာ ဘာတွေတော်ကီလာပစ်နေမှန်းမသိဘူး။ ဘလိုင်းကြီး လာကျွတ်ဆတ်နေတယ်”

တစ်ဖက်မှ ပြောပြောဆိုဆို ဖုန်းပိတ်ကာသွားသည်။ ထပ်ခေါ်၍ မရတော့။ သူမဒေါသပုန်အကြီးအကျယ်ထပြီး ကျန်ခဲ့ သည်။ မူယာ့တို့ကို ဖုန်းကိစ္စပြောပြဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဖုန်းနံပါတ်ကို ကိုစစ်ငြိမ်းလူ မသိဘူးဟ. . . အဲဒါ နင်ကံကောင်းတာပဲ။ နင် သူပြန်လာရင် မသိချင်ယောင်ဆောင်နေ. . . နောက်ရက်ကစပြီး နင်သူ့နောက်ကနေ ထပ်ကြပ်မခွာလိုက်ကြည့်ပေတော့"

မူယာက စဉ်းစဉ်းစားစားဖြင့်ဆိုသည်။ သူမ အတတ်နိုင်ဆုံး မျက်ရည်မကျအောင် ထိန်းထားဖြစ်သည်။ သို့သော် ထိန်းထားသည့်ကြားမှ မျက်ရည်တို့က ပါးပြင်ပေါ်စီးကျသည်။

ရင်ထဲမှာ မွန်းကြပ်ကာ ဆို့နင့်လို့နေသည်။

"အရမ်းကြီးလဲ ပွဲကြမ်းပစ်လို့မရဘူးနော် . . . နှင်း . . . ငါတို့ အထင်လွဲတာလဲဖြစ်နိုင်တယ် . . . နင်ခြေရာခံလို့ မရမှာစိုးလို့ ဒီကိစ္စကို ကိုထွန်းမောင်တို့ဆီကိုတောင် ငါတို့လှမ်းမမေးဖြစ်ဘူး . . . တကယ်ဖြစ်နေတာဆိုရင် ရှောင်လို့ရအောင် သတိသွားပေးသလိုဖြစ်နေမှာစိုးလို့"

နီနီက သူမ ပခုံးကိုဖက်ရင်းဆိုသည်။

"အေးပါဟာ" ဟု သူမကြေကွဲစွာဆိုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၄၄

သူမ၏ နဖူးကိုနမ်းပြီး သူလက်ပြကာ အိမ်ထဲမှ ထွက်သွားချိန်အထိ သူမအပြုံးမပျက်ပင် နေနေလိုက်သည်။ သူကားဖြင့် ထွက်သွားသည်နှင့် တစ်ပြိုင်နက် သူမဘေးမှာ ဖွက်ကာ ချထားသော ဘေးလွယ်အိတ်ကိုယူပြီး ခြံဝင်းအပြင်ကို အပြေးထွက်ဖြစ်သည်။

သူမ၏ကားဖြင့် ခြေရာခံလိုက်၍မဖြစ်။ သူရိပ်မိသွားလိမ့်မည်။ Taxi ဖြင့်သာလိုက်မှဖြစ်မည်။

ကံကောင်းစွာပင် ခြံအထွက်မှာ Taxi အဆင်သင့်တွေ့သည်။

"ဟိုရှေ့ကကားနောက်ကိုလိုက်"

"အမှီလိုက်ရမှာလား"

"မဟုတ်ဘူး . . . ခပ်ခွာခွာပဲလိုက်"

သူမ၏ စကားအဆုံးမှာ ကားဆရာ "ဟုတ်ကဲ့" ဟုဆိုသည်။ သူ့ကားက cafe တစ်ခု၏ရှေ့မှာရပ်သည်။ သူကားပေါ်ကဆင်းသည်အထိ သူမကားပေါ်မှာပင် ဆက်ထိုင်နေဖြစ်သည်။

"ဆင်းမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ကားဆရာ၏ အမေးကို သူမ ခေါင်းခါပြဖြစ်သည်။

"ခဏလေး ... ချက်ချင်းပြန်ထွက်မလာဘူးဆိုမှ ကျွန်မ ဆင်းမယ် ... ဆယ်မိနစ်လောက်ပဲစောင့် ... ဒီစောင့်တဲ့အတွက် ကျွန်မပိုပေးမယ်"

သူမ၏ စကားကို ကားဆရာက ခေါင်းညိတ်သည်။ ဆယ်မိနစ်စွန်းစွန်းအထိ သူပြန်ထွက်မလာ။ သူမကားခကို နှစ်ဆရှင်းပေးလိုက်ပြီး ယင်းဆိုင်ထဲ လိုက်ဝင်ခဲ့ဖြစ်သည်။

ဆိုင်ထဲမှာ လူက အသင့်အတင့်ရှိကာနေသည်။ သူမဝင်လာသည်ကို သူမမြင်။ ကောင်မလေးတစ်ယောက်၏ လက်ထဲမှ စာအုပ်ကို သူက လိုက်လုနေသည်။ မျက်နှာတွေက ပြုံးချိုလျက်။ သူမအံ့ဩသည်က ထိုဝိုင်းမှာ ထွန်းမောင်နှင့် ဇေယျာတို့ပါရှိနေသည်။ ပိုအံ့ဩစရာကောင်းသည်က သူနှင့်ကောင်မလေး စာအုပ်လုနေကြသည်ကို ဇေယျာတို့ကပါ တဝါးဝါးဖြင့် သဘောကျနေကြသည်။ နီနီပြောသလို သူတို့ပါ အလိုတူအလိုပါတွေကိုးဟု သူမရင်နာစွာတွေးဖြစ်သည်။

မွန်းကြပ်လွန်းနေသည်မို့ လှည့်ထွက်သွားရန် သူမတွေးသေးသည်။

သို့သော် သူမပြန်မလှည့်ထွက်ဖြစ်။ ရှင်းရမည်။ ဒီအတိုင်းတော့ လွှတ်ထားပေးစရာမရှိ။

သူမတစ်လှမ်းချင်းဝင်သွားသောအခါ သူမကိုမြင်ပြီး အားလုံးက မျက်စိမျက်နှာတွေပျက်ကုန်သည်။

"သိပ်ပျော်နေကြတယ်ပေါ့ ဟုတ်လား ... ကျွန်မလာလို့ အနှောင့်အယှက်ဖြစ်သွားလား"

အံကိုကြိတ်ရင်းဆိုသော သူမဆိုဖြစ်သည်။ ဘယ်ကကျလာမှန်းမသိသော မျက်ရည်ကို လက်ဖမိုးဖြင့် သူမ ခပ်ကြမ်းကြမ်း သုတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

"ဟ . . . မဟုတ်ဘူးနှင်း . . . ကိုယ်ရှင်းပြ"

"တော်စမ်းပါ . . . ဒီလောက်ပက်ပင်းကြီးတွေ့နေတဲ့ဥစ္စာ ရှင်က ဘာလိမ်ချင်သေးလို့လဲ . . . ဖုန်းတွေ ဘာတွေတောင်ကိုင်ပြီး စိမ်တဲ့အထိတောင် ရောက်နေကြတာပဲ . . . အစောကြီးကတည်းက ဒီလိုကမြင်းချင်ရင် . . . ဘာကိစ္စ ကျွန်မကို ယူထားသေးလဲ"

"ဟ ဘာတွေ လာပြောနေတာလဲ"

သူ့ဘေးမှ ကောင်မလေးက သူမကိုကြည့်ရင်း ခပ်ဆတ်ဆတ်ဆိုသည်။ သူမ ထိုကောင်မလေးကို စူးခနဲကြည့်ဖြစ်သည်။

"နှင် . . . ဝင်ပြောစရာမလိုဘူး"

"မပြောလို့ရမလား . . . ရှင်က ဘလိုင်းကြီးစော်ကားနေတဲ့ဟာ"

သူမကို ထိုကောင်မလေးကပဲ ပက်ခနဲပြန်ပြောသည်။

"အေး . . . စော်ကားတာက ငါမဟုတ်ဘူး . . . နင်တို့ . . . ငါစော်ကားတာက နင်တို့စော်ကားတာလောက် မရှိသေးဘူး"

"နှင်း မပြောနဲ့တော့"

သူက သူမကိုဖက်ထားရင်းဆိုသည်။ သူမ သူ့လက်ထဲမှ ရုန်းကာ သူ့ကိုဆောင့်တွန်းဖြစ်သည်။

"ကျွန်မကို မထိနဲ့ . . . ရှင့်ကို ကျွန်မရွံလွန်းလို့"

"နှင်း . . ."

"မပြောနဲ့ ရှင်လုပ်ရမှာက ကျွန်မကိုကွာရှင်းပေး . . . ရှင့်မျက်နှာကို ကျွန်မဆက်မမြင်ချင်ဘူး . . . ဒီတော့ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီးရင် ရှင်ကိုယ်တိုင်တောင်လာမပို့နဲ့ . . . လူကြုံနဲ့ပဲပို့ပါ"

"ဒီမှာ ရှင်ဘာတွေလာပြောနေတာလဲ . . . ရှင်ဇင်သလို



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးနော်"

ကောင်မလေးက သူ့ရှေ့မှာရပ်ရင်း သူ့မကိုဆိုသည်။ ကြည့်စမ်း ညီညွတ်နေလိုက်ကြတာ။

"နင်ဝင်မပါနဲ့လို့ ... ငါပြောထားတယ်နော်"

"ပါသင့်ရင် ပါရမှာပဲ ... မဟုတ်တဲ့ကိစ္စကိုတော့ ငြိမ်မခံနိုင်ဘူး"

"ကဲဟာ မခံဦး"

"ဖြန်း"

"ဟာ နှင်း မင်းမိုက်ရိုင်းလှချည်လား"

ထိုကောင်မလေးကို "ဖြန်း" ခနဲဆော်လိုက်သည်မို့ သူက ရုတ်တရက် သူ့မကိုဆောင့်တွန်းရင်းဆိုသည်။ ဆောင့်တွန်းခံလိုက်ရသည်မို့ သူမ လဲကျသွားသည်။ အတွန်းခံရသည်ထက် ရင်ထဲမှ ပို၍ နာကျင်ကာသွားသည်ကတော့ အမှန်။

သူ့ကို ထွန်းမောင်တို့က "မလုပ်နဲ့" ဟုဆိုရင်း ဆွဲထားကြသည်။ ထိုကောင်မလေးကိုတော့ သူ၏ သူငယ်ချင်းကောင်မလေးက ဖက်ထားသည်။

"ဘာလဲ ရှင်က ရှင့်ဟာမကိုရိုက်လို့ ပြန်ရိုက်ချင်လို့လား ... လာလေ ရိုက်လေ ... ကျွန်မအသည်းနာလွန်းလို့ တစ်ကိုယ်လုံးထုံနေပြီ ... ရှင်ရိုက်လည်း ကျွန်မဒီထက်နာစရာမရှိတော့ဘူး"

"မင်းကွာ ငါ့ကို သက်သက် အရှက်လာခွဲတယ်"

သူက အံကိုကြိတ်ရင်းဆိုသည်။ အရိုက်ခံရ၍ သူ့မကို စားတော့မလိုကြည့်နေသော ကောင်မလေးကို သူ့သူငယ်ချင်းကောင်မလေးက ဆွဲခေါ်သွားသည်။

"အရှက်ခွဲတယ် ... ဟုတ်လား ... အရှက်ခွဲမှုအောင်



www.burmeseclassic.com

www.burmeseclassic.com



ရှင့်မှာ ကွဲစရာအရှက်ကောရှိလို့လား . . . ရှင်အရှက်မရှိလို့ဘဲ ဒီမှာ ပလူးပလဲ လာလုပ်နေကြတာမဟုတ်လား”

“မင်းစကားပြောတာ မမိုက်ရိုင်းနဲ့ . . . မင်းထင်သလိုငါက သစ္စာမဲ့တဲ့ ယောက်ျားမဟုတ်ဘူး”

သူ့စကားကြောင့် သူမ နာကျင်စွာ ရယ်ဖြစ်သည်။

“သစ္စာ ဟုတ်လား . . . သစ္စာဆိုတဲ့စကားက ရှင်နဲ့မတန်ဘူး . . . ကိုယ်နဲ့ မတန်မရာစကားတွေ ပြောနေတာ ရှင်မရှက်ဘူးလား”

“မင်းထင်သလို မဟုတ်ဘူးလို့ ငါပြောနေတယ်နော် . . . မင်းစကားတွေက သိပ်တရားလွန်နေပြီ”

“မပြောနဲ့ . . . ဘာမှမကြားချင်ဘူး . . . ဘာဖြစ်လဲ ဟုတ်ရင် ဟုတ်တယ်ပေါ့ . . . ရှင် ယောက်ျားမဟုတ်ဘူးလား . . . ရှင် ဝန်မခံရဲဘူးလား”

သူမ စကားကြောင့် မျက်နှာကြီး နီနေသောသူက . . . .

“အေး ဟုတ်တယ်ကွာ . . . ကဲ ဟုတ်တယ် . . အခု မင်း ဘာဖြစ်ချင်လဲ . . . ဟုတ်တော့ မင်း ဘာလုပ်ချင်လဲ ပြော”

“ကွာရှင်းမယ် . . . ရှင့်ကို ကျွန်မဆက်မပေါင်းနိုင်ဘူး . . ကျွန်မ အရူးမဟုတ်ဘူး . . ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး လူကြီးနဲ့ပို့လိုက်ပါ . . . ရှင့်ကိုလေ ကျွန်မ ဘယ်တော့မှ မမြင်ချင်ဘူး . . . ကမ္ဘာပေါ်မှာ အမုန်းဆုံးပဲ”

ပြောပြီး ချာခနဲ သူမလှည့်ထွက်ခဲ့သည်။ ရင်ထဲမှာလည်း ဟာလို့နေသည်။ ‘ပြီးပြီ . . . ပွဲက ပြီးသွားပြီ’ ဟု သူမတွေးရင်း မဲ့ဖြစ်သည်။

Taxi ကို ခေါ်ပြီး သူမသွားဖြစ်သည်က နီနီ၏ အိမ်သို့ . .

www.burmeseclassic.com

www.burmeseclassic.com



"ကိုထွန်းမောင် ဖုန်းဆက်တယ်"

နီနီက အိမ်ခန်းပေါ်မှ ခုတင်ပေါ်မှာ မှောက်ကာ ငိုနေသော သူမကို ဆိုသည်။

"သွားစမ်းပါ . . . သူတို့ကိုယ်၌ကိုက အလိုတူ အလိုပါတွေ အခုမှ . . . လိုက်ဖုံးမနေနဲ့တော့လို့ ပြောလိုက် . . . ငါက သူတို့လှည့်ချင်တိုင်း လှည့်လို့ရတဲ့ အရူးမဟုတ်ဘူး"

သူမ အံကြိတ်ကာ တစ်ခွန်းချင်းဆိုဖြစ်သည်။

"မဟုတ်ဘူးဟ . . . ကိုဇေယျာလည်း ဆက်တယ် . . နင်ထင်သလို မဟုတ်ဘူးတဲ့"

"အင်း . . . ပြောစမ်းပါဦး သူတို့လှည့်ကွက်တွေကို အပြင်းပြေနားထောင်ကြည့်ရအောင်"

သူမ မဲ့ပြုံးပြုံးရင်းဆိုဖြစ်သည်။

"ဒီလို . . . အဲဒီကောင်မလေးက သူ့ပရိသတ်တဲ့ . . . စာရေးဆရာမလုပ်ဖို့ ကြိုးစားနေတယ် . . . အဲဒါကို 'ကိုစစ်ငြိမ်းလူ' က လိုက်ပြီး ကူညီနေတာ"

"တော်တော်ကြီး စေတနာထားပြီးတော့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမ ခပ်ရိရိပင် ဆိုဖြစ်သည်။

"နေပါဦး ငါရှင်းပြပါ့မယ် . . . ဟိုတစ်နေ့က အဲဒီ ကောင်မလေး ဖုန်းကိုင်တယ်ဆိုတာကလဲဟာ . . . ဖုန်းနံပါတ်က သူမမြင်ဘူးတဲ့ ဖုန်းနံပါတ်ဖြစ်နေတော့ သူ မကိုင်ဘဲနဲ့ အဲဒီကောင်မလေးကို ကိုထွန်းမောင်တို့ကပဲ ကိုင်ခိုင်းလိုက်တာ . . . နင်လည်း သိပါတယ် တချို့တွေက ဖုန်းဆက်ဆက်ပြီးတော့ အရစ်ရှည်တာမျိုးတွေ ရှိတယ်လေ . . . အဲဒါ ဖုန်းဆက်တာ ဘယ်သူလဲ မေးတာကို နင်ကလဲ မဖြေတော့ ကိုဇေယျာတို့ကပဲ အချက်ပြပြီး ဖုန်းပိတ်ခိုင်းလိုက်တာ"

"ထားပါတော့ . . . ဒီနေ့ဖြစ်ပျက်နေကြတာကရော . . ဘာပြောမလဲ . . . ငါက ဒီမျက်လုံးနဲ့ တပ်အပ်မြင်ခဲ့တာ"

သူမ ဒေါကန်ကန်ဖြင့် ဆိုဖြစ်သည်။

"ဒီနေ့က ကိုစစ်ငြိမ်းလူရဲ့ လုံးချင်းဝတ္ထုအသစ်ထွက်တဲ့နေ့ . . . အဲဒါ ကိုစစ်ငြိမ်းလူက နင့်ကို ဦးဦးဖျားဖျားပေးမလို့ ဆိုပြီး လုပ်ထားတဲ့စာအုပ်ကို သူတို့က လုပြီးတော့ စနေကြတာ . . . ကောင်မလေးက ကိုဇေယျာတို့ဘက်လှည့် မျက်လုံးမှိတ်ပြပြီးတော့ သူယူသွားတော့မယ် ဆိုပြီး အတည်ပေါက်နဲ့ စတော့ ကိုစစ်ငြိမ်းလူက တကယ်ထင်ပြီး အဲဒါ မိန်းမကို ပေးမလို့ပါဆိုပြီးတော့ ပြန်လုနေတာ . . . အဲဒီအချိန်မှာ နင်ရောက်သွားတာပဲ . . . သူတို့က ရှင်းပြတာကို နင်က လက်မခံဘူးဆို"

"အေး . . . ဒါပေမယ့် သူတို့ပြောတာ ဟုတ်ရဲ့လား"

"ကျိန်တွယ်ပြီးတော့ကို ပြောနေတာပဲ"

သူမ မျက်နှာတွေ ထူပူသွားရသည်။ ဟုတ်ပ့ါ။ သူမ ဘာကြောင့်များ တစ်ဖက်က ရှင်းပြသည်ကို နားမထောင်ခဲ့မိပါလိမ့်။

"အဲဒီကောင်မလေးက သူ့ ပထမဆုံးထွက်မယ့် လုံးချင်းဝတ္ထုရဲ့မျက်နှာဖုံးမှာ နင့်ပုံနဲ့ ထည့်ချင်လို့ ကူညီပေးပါဆိုပြီးတော့တောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုစစ်ငြိမ်းလူဆီကို အကူအညီတောင်းနေသေးတယ်တဲ့”

သူမ မျက်နှာပူသည်ထက် ပိုပူသွားရသည်။

“ဒါဆိုရင်တော့ အဲဒီကောင်မလေးကို ငါ အစွမ်းကုန်ပြန်တောင်းပန်ရမှာပဲ . . . အေးဟာ အပျိုလေးတန်မဲ့ အစွပ်စွဲခံရတော့ သူလည်း ရှက်ရှက်နဲ့ ရမ်းမှာပေါ့ . . . အဲဒီတုန်းက ငါ ဘာဖြစ်လို့ မတွေးမိပါလိမ့်”

“အချစ်မွှန်နေလို့ပေါ့ဟ”

“ဒါ . . . ဒါနဲ့ ငါ့ယောကျ်ား အခု ဘယ်မှာလဲ မသိဘူးနော်”

သူမ၏အမေးကြောင့် မူယာက ‘အခုမှ အဖြစ်သည်းနေတယ်’ ဆိုသော ပုံစံဖြင့် ဟက်ခနဲ ရယ်သည်။ နီနီက . . .

“စာရေးဆရာကြီးက စိတ်ညစ်လို့ ခြေဦးတည့်ရာ ခရီးထွက်မယ်ဆိုပြီး အိမ်ပြန်သွားတယ်တဲ့”

သူမ ထိတ်ခနဲ ဖြစ်သွားရသည်။ သူ့ဖုန်းကို လှမ်းဆက်တော့ သူ့ဖုန်းက ပိတ်ကာထားသည်။

“နီနီ . . . ငါ့ကို အိမ်ပြန်ပို့ပေး”

“မပို့ဘူး”

“မလုပ်ပါနဲ့ဟာ . . .”

“ကဲ ကဲ လာပါ”

ပြောပြောဆိုဆို သူမဦးဆောင်ပြီး အိမ်ထဲမှ ထွက်ဖြစ်သည်။ စိတ်ထဲမှာတော့ ထင့်နေသည်။ သေချာတာတစ်ခုကတော့ သူ မရှိဘဲ သူမ၏ဘဝသည် ပြည့်စုံမှုမရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှ ကားရပ်သံကြောင့် သူ ခရီးဆောင်အိတ်ကို ညှိခန်းထောင့်မှာ ပြေးဖွက်ရင်း မိန္ဒွေးကို ခပ်တိုးတိုးမှာဖြစ်သည်။

"မိန္ဒွေး . . . ငါပုန်းနေမယ် . . . နင့်မမလေး လာရင် ငါ ခရီးသွားမယ်ဆိုပြီး ထွက်သွားတယ်. . ဘယ်သွားမယ် ဘယ်လောက်ကြာမယ်ဆိုတာ ပြောမသွားဘူးလို့ပြော . . . ကြားလား"

"ဟုတ်"

မိန္ဒွေးက မီးဖိုခန်းဘက် ပြန်ဝင်သွားသည်။ သူက တော်တန်ရုံမမြင်နိုင်သော နေရာမှာ ပုန်းနေဖြစ်သည်။ သူမ ဘာတွေ ပွဲကြမ်းဦးမလဲ ကြည့်ရမည်။

"မိန္ဒွေးရေ"

အော်ရင်း သူမဝင်လာသည်။ သူမကို ပြန်ပို့သောကားထဲမှ ပြန်ထွက်သွားသံ သူကြားသည်။

"ရှင် မမလေး"

"ဟိုလူရော . . ."

"ဩော် . . . အစ်ကိုလေးလား . . . ခရီးသွားမယ်ဆိုပြီးတော့ အိတ်တွေလွယ်ပြီး ထွက်သွားတာပဲ . . မမလေး မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ပုန်းနေရာက သူပြုံးဖြစ်သည်။ မိန္ဒွေးကလည်း မင်းသမီးနှင့် အတူနေသူလို့ မပြောရ။ အက်တင်တွေ လုပ်နိုင်သည်။

"မသိဘူး . . . ဘယ်သွားမယ် ပြောသွားလဲ . . . ဘယ် လောက်ကြာမယ် ပြောသေးလဲ"

"မသိဘူး . . . အစ်ကိုလေးပုံစံကြည့်ရတာ ခြေဦးတည့်ရာ လျှောက်သွားပြီး စိတ်ပြေလက်ပျောက် ပျော်သလောက်နေမယ့် သဘောပဲ"

"ညည်းကလည်း အသုံးကိုမကျဘူး . . . ဘယ်သွားမယ် လာမယ်ဆိုတာတောင် မေးမထားတတ်ဘူး"

"သမီးက မမလေး သိမယ်ထင်တာကိုးလို့"

"ဟဲ့ . . . ငါနဲ့က စကားများထားတာ . . ငါဘယ်သိပါ့မလဲ . . . အခုငါက ချော့မလို့ပြန်လာတာ သူက မရှိတော့ဘူး . . . ညည်း လည်း ဘာမှကို အားမကိုးရဘူး သွား သွား . . . သွားတော့"

ပြောပြောဆိုဆို သူမက အိပ်ခန်းထဲဝင်သွားသည်။ မိန္ဒွေးက သူ ပုန်းနေရာဘက်ကို လှမ်းကြည့်သည်မို့ သူ 'ရှူး' တိတ်တိတ်နေရန် လုပ်ပြဖြစ်သည်။

မိန္ဒွေးက ခေါင်းကို ညိတ်ပြရင်း လျှာတစ်လစ်ဖြင့် မီးဖိုချောင်ထဲ ဝင်သွားသည်။

သူကတော့ သူမဝင်သွားရာ အိပ်ခန်းဆီ ခြေသံဖွဖွနင်းရင်း ဝင်ခဲ့ဖြစ်သည်။ အခန်းထဲမှာ သူမက ပျစ်တောက် ပျစ်တောက်ဖြင့် ငိုရင်း ရေရွတ်နေသည်။

"အလကားလူ . . . သဝန်တိုလို့ ဖြစ်သွားတဲ့ ကိစ္စကို ယောက်ျားကြီးတန်မဲ့နဲ့ သူကပဲ စိတ်ကောက်ရတယ်ရှိသေး"

သူမ စကားကြောင့် သူပြုံးဖြစ်သည်။

"ငါကသာ တကယ်ချစ်နေရတာ . . . အလကားစေဒမေး


www.burmeseclassic.com

www.burmeseclassic.com



ဆရာ . . . မိန်းမတွေရဲ့စိတ်ကို ဘာမှနားမလည်ဘူး"

'အောင်မာ' ဟု သူ ပြုံးရင်း တွေးမိသည်။

"ဘယ်သွားမှန်းလည်း မသိ။ ဘယ်လောက်ကြာမယ်မှန်းလည်းမသိ. . . ဘယ်လိုက်ရှာလို့ ရှာရမှန်းလည်းမသိ . . . မေမေတို့သိရင် အဆဲခံရမယ် . . . ယောက္ခမသိရင် အဆူက ခံရဦးမယ် . . ဘယ်များ သွားပါလိမ့် . . ."

'ငါက မင်းရဲ့နောက်မှာပေါ့' ဟု သူ စိတ်ထဲမှ ရေရွတ်ဖြစ်သည်။

"လူကို လွမ်းပြီး ရူးအောင်လုပ်တာပေါ့လေ . . စာရေးဆရာအစုတ်ပလုပ်ကြီး . . . မရဘူး . . . ဒီအတိုင်းထိုင်နေလို့ မဖြစ်ဘူး ဗေဒင်လေး ဘာလေးမေးပြီး မြန်မြန်ပြန်လာအောင် ယတြာချေမှ ဖြစ်မယ်"

BURMESE CLASSIC

ပွစိ ပွစိ လုပ်နေရာက ရုတ်တရက် ထထိုင်ပြီး သူမ ခုတင်ပေါ်က ဆင်းကာနေတုန်း ဝုန်းခနဲ သူဝင်သွားဖြစ်သည်။ သူ့ကိုမြင်တော့ သူမ မျက်ရည်များကြားက ဝမ်းသာအဲလဲဖြစ်သွားသည်။ ပြီး . . ရှက်ဝဲဝဲဖြင့် . . .

"ရှင် . . . ရှင် ခရီးသွားမလို့ဆို"

"အေးလေ . . . မှတ်ပုံတင်ကျန်ခဲ့လို့ ပြန်ယူတာ"

ပြုံးစိစိဖြင့် ဆိုသော သူ့စကားကြောင့် သူမက မလုံမလဲဖြင့်

"ရှင် . . . ဘယ်တုန်းကတည်းက ရောက်နေတာလဲ . . . ကျွန်မပြောတာတွေ အကုန်လုံးကြားသွားတယ် မဟုတ်လား"

သူမက ရှက်ကိုး ရှက်ကန်းဖြင့် မေးသော အမေးကို သူ ထရယ်ဖြစ်သည်။

"အင်း . . . ဘယ်တုန်းက ရောက်နေတာလဲဆိုတော့ နှင်း မရောက်ခင်ကတည်းက"



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြေကြောင့် သူမမျက်နှာကြီး နီမြန်းကာသွားသည်။

"ဒါဖြင့် ရှင် ... ကျွန်မပြောနေတာတွေ အကုန်ကြားတယ်ပေါ့ ... ရှင်မကောင်းဘူး သွား"

သူမ အိပ်ခန်းထဲမှနေ သူ့ကို တွန်းလွှတ်သည်။

"ကိုယ် မသွားတော့ပါဘူး ... ကိုယ်သွားရင် ဗေဒင်ဆရာမတွေ အလုပ်ရှုပ်နေမှာစိုးလို့"

ပြောပြီး သူ သူမကို သိမ်းဖက်ဖြစ်သည်။

"အလကား စာရေးဆရာ ... သူများပြောတဲ့စကားကို ချောင်းပြီး နားထောင်တယ် လူဆိုး"

"ချစ်လို့ ဆိုးတာပါကွာ"

"ဘာ ချစ်လို့ဆိုးတာတုန်း ... သွား မထိနဲ့"

သူ ဘာမှပြန်မပြောမနေတော့ပါ။ သူ့နောက်မှာရှိနေသော အိပ်ခန်းတံခါးကို လက်မအားသည်မို့ ခြေထောက်ဖြင့် နောက်ပြန်ကန်ပြီး ပိတ်ပစ်လိုက်သည်။

'ဝုန်း'

တံခါးပိတ်သံက ဘာကြောင့်မှန်းမသိ ... နည်းနည်းတော့ ကျယ်လေသည်။ တကယ်တော့ အချစ်သည် အချစ်နှင့်သာ ပေါင်းခဲ့သော် အဆင်ပြေသည်သာပဲဖြစ်သည်။

ပျော်ရွှင်ကြပါစေ...

ပြည့်ပိုင်မှူးအိမ်

ဆ/၁၆၊ ရွှေဥမင်ဘုရားလမ်း။
ဆင်ခေါင်းရပ်၊ ပင်းတယမြို့။

www.burmeseclassic.com